# ကန်တော်မင်းကျောင်း မေတ္တာစာ

ရတနာ့ဂူကွယ်အပတ်ဝန္ဒာသိ။ ။အမိုးတော်ဆရာ၊ မဟာ
ထေရ်ကျော်၊ ကုန်တော်မင်းဆောင်း၊ မေတ္တာလောင်း ဒေသာ။
ဘုန်းပေါင်း ကြွက်သရေ၊ ပရမေဘိရိ၊ ကိတ္တိ ရဏဝန်။ ထန်
သည့်တေဇာ။အချာလုတ်ပိဉ်၊ နိုပ်လျှက်ပါးသော၊ ၄၂၀ ပြီး ရတ
နာဒွေကူ ဒါယကာ၊ မဟာခမ္ဘရာဇ်၊ အတိုအရှည်၊ အလည်
အပတ်၊ အလွတ်အမိအသိအမြင်၊ အလျှင်အနှေး၊ အလေးအ
ပေါ့၊ အလျော့အတင်း၊ အတွင်းအပ၊ အထောအမှန်း၊ ခပ်သိမ်း
ဝန်ကို၊ မကျန်စေ့ငှာ၊ ရှောင်ကာ ရှာကာ၊ ငုံ့ကာ ပယ်ကာ၊
သိပညာမြင့်၊ နက်ရွှာနှုံးလုံး၊ ပြုစေချင်လှသော၊ ။ကာလဒေ
သနွှကြိုက်လမ္ဘာကာ၊ ပေးကမ်းစွန့်ကြဲခြင်း ဟူသော မင်း၏
အရောင် အဝါလည်းရှိစေချင်လှသော။ ။တသိန်းအားနှင့်
ယှဉ်သော်မရ၊ တယောက်အားနှင့် ယှဉ်သော်ရ၏၊ သောက်ချား
ကိုစေသော် မပြီးနိုင်၊ မိန်းမကို စေသော် ပြီးနိုင်၊ ဟူး ဟူး
ပြောင်ပြောင် လောင်တတ်သောမီးခဲ့သို့ကျင့်ရာ၏။ ။ဟူးဟူး
ပြောင်ပြောင် လောင်တတ်သောသီး၏ သဘောကား၊ သစ်ပိမ်း
ဝါးပိမ်းတို့ကိုရှောင်၏၊ သစ်ရောင်း ဝါးရောင်း မြက်ရောင်းတို့
ကိုလောင်၏။ မီး၏အရောင် အဝါ လည်း တင့်တယ်၏၊ မီး၏
ကျော်စောခြင်းသို့လည်း ရောက်၏၊ အမိနှင့်တကွသော ကြွက်
သူငယ်ကို လို၏ဟူ ဖမ်း၏၊ ကြွက်သူငယ်စည်းလဲ မီးကိုခွဲ၍
ပြေးခဲ့အံ့။ အဟယ်သို့သော သားနှင့်တကွ ရနိုင်အံ့ နည်း။အ
မိကြွက်မကိုလွှတ်ပေဦး။ သားနှင့်တကွသော အမိကြွက်မကို
လို၏ဟုဖမ်း၏၊ အမိစည်းလဲသားကိုခွဲ၍ ပြေးခဲ့အံ့။ အဘယ်
သို့သော အမိနှင့်တကွ ရနိုင်အံ့နည်း။ သား ကြွက် ငယ်ကို
လွှတ်ပေဦး။ ။စားရသော်ဘားဝမ်းသာ၊ပေါ်သော်ကား
ချက်လို၊ ကိုဘားကျွန်တုံး၊ နှစ်လုံးထဲကား။ ခွေးပြီး ထားသို့။

စားလှည့်ခေါ်သော်။ အောင်အောင်ပြေးချို၊ လုပ်လှည့်ခေါ်သော်။ ငံ့ ပြေဘ်တန့်တီး၊ မနိုးစေအင်။ မဘာပ်စေကောင်း။ မပေါင်းစေဘဲ၊ကျွန်စည်းလဲကို။ စောရဲလူ့လွှင့်၊ ပတ်ပတ် ရှာဖွေ။ သိပါစေ။ ။ကာလသီးသီး။ ကျိုးကာနေ့ငှက်။နေ့မှထွက်၏။ ကတ္တုလုပ် သည့်။ ခင်ပုတ် ညည့်ငှက်။ ညည့်မှထွက်၏။ လူမဟုတ်သည့်။ငှက်ယုတ်တို့မှ။ ကာလမှတ်ပြော။ နေ့အားထွက်၍။ ခင်ပုတ်ငှက်ရန်။ ကျိုးမည်းထက်တွင်။သေပျက်ရှုံး၏။ရှုံးလောက်စေပြီး၊ဒါသိုက်ကျိုးတွင်၊ ရပ်ဝံ့မည်လောဟု။ တွေးတော မှဲ့ဘဲ။ ခင်ပုပ်ထဲသို့ရဲပဲချမှ။ လွယ်ကူတချက်။ခင်ပုပ်လက်တွင်။ ကျိုးနက်ရှုံး၏။ နိုင်ရှုံး နှစ်ပါး၊ ကာလ များကို။ ထင်ရှား မှတ်တော်မူစေသော။ ။ပညာရှိကိုပေါင်း။ သမားကောင်းကိုဘက်။ သူမျက်ကိုခွာ။ဆရာကိုကပ်။ အချုပ်ကိုမှု။ ထုံ့လာအပင်။ ဆင်ခြင်အမျက်၊ရန်ဘက်ကိုမြှောင်။သူတောင်ကိုချစ်။ ခင်ပွန်း ဖြစ်ကို။ ရှောင်။သူဖျောင်ကိုရှေ့။ ဆင်ဝေ့ကိုချည်။ ကြီးစည်မပြတ်။အထတ်ရန်ခါ၊ပညာကိုရှေ့။ ဥစ္စာကို နောက်၊ အလျှောက် ပေးကမ်းရိုးမှမ်းတော်သည်၊ လူရည်ကိုရွ၊ ပေးမှ အရာ သိဘွှစေ။ မပေးဘဲကိုမလိုထင်၊ မမေးဘဲကိုမဆိုလင့်။ မခေါ်ဘဲကိုမသွားလင့်။ မမြှိန်ဘဲကိုမစားလင့်။ မညှည့်ဘဲကိုမထွက်လင့်။ တိတ်တိတ်နေသော် ထောင်တန်၏။ လူလိုက်လည်းနတ်လိုက်ကာ။ လူကြို့ကြက်ကလည်း နတ်ကြို့ကြက်ကာ။ မပေါ်မကာ။ မနှေး မလျှင်။ ရွှေချိန်ခွင်သို့မထင်မလျှော၊ ဖွောပေါင်ပေါ့သို့၊ မပေါ့ပညာ၊ တံငါလုလင်၊ မှုကြိုးခင်သို့၊ ပညာရှိမှုဆွမ့်ပါသည်။ လိမ္မာမှစကားတတ်သည်၊ သူ့ကျေးဇူးကိုအလေးသိမှစည်းစိမ် တည့်ချာသည်၊လာမည့်ဘေးကို စေ့ကာမြင်မှ အသက်ရှည်ရာသည်။ သူ့ကောင်းကိုခွာ။သူ့တော်ကောင်းကိုရှာ။ သူတော်ဆိုး မနှာ။ သူ့နည်းမကျင့်ရာ၊ သူထက် စောင့်စည်းပါ၊ သူချစ် ရှစ် ချစ်ကြွာ။ ။သုံးပါးသော အပြီးအစီးကိုလိုသောသူသည်။ သမိုင်းထားလင်၊ကျိုးများစေ။ စကားဆိုထွေ၊ သူလိုစေ၊ ပေးကမ်း

များဝေဋ္ဌနှ၊စဝ်ဝေ၊ခေဒ္ဒသုံးတွင်း၊ကောက်ပိုက်ခင်းကို။ အမြင်း
ပိုက်ငွေ့ချောင်ဖှာဝေ။ မြင်မြက်ထက်သည်၊ သံချက်ထားကို
နှံပါးမျှောင်နိုင်စေ။ အရှယ်သုံးပါး။ မှတ်သားသတိရှိဖှာစေ၊ အ
နူမခန်း၊သစ္စာပန်းကို။ သွန်းသွန်း ပန်ဝေဋ္ဌ မြဲဖှာစေ။ ။ကာသယ
ရန်ယို၊ တမြင်းမိုပညာချွန်းဖြင့်။ တန်တန်ချုပ်ဝေ့ မြဲဖှာ စေ
ဖွတ်ခြေမကြွ။ အနှာဝဟ၊ ဘဝသုံးဖြာ၊ ထိုအနှာကို။ ပညာ
ဆေးသမား။ အပါးကြပ်ကြပ်ယှဉ်နိုင်စေ။ ဇိမ်း၏ နတ်ကိုမ
ဖြတ်ရှေ့တိုင်းရိုသေစေ။ အများရန်းလို ရန်းပစေ။ အမိုးသခင်
အရှင်ကိုသာကြောက်ချစ်စေ။ ။လည်းကြီးပမာဆိုတုံရှာ၊ဝင်း၊
တခုကိုလိုမှုမြင်းစွာမစားရ၊နေ့ခါသုနေ့ဘက်၊ ဆိုခါသုအောက်
စားသော်အတန်း။ ပေးသော်အလွှန်း၊ စကားမှု့ကို မှတ်ရန်
မင်း၊ဥချောင်စင်ဆော်ပညာပြုပ္ပါန်တွင်သုကြီးချစ်။ ။အကြံခံနိုင်ဖှာ၊
ဆိပ်နေခ၊ လုံ့လနေ့ဇ္ဇင်းရှင်၊အကြံမရှိ၊မြင်းရိုအချစ်၊အမှုညစ်
ကို။ ဖြစ်ဘိစွန့်ထားကြည်၊ ညှဉ့်သေဝ် ညှိတွေး။ ဝါဂွပ်း ထား
ညှဉ့်ထွားညှဉ့်စွာမျှော်၊မညှဉ့်မဖြင်း မိန့်တတ်ခြင်းကား။ ထိုရင်း
ပြီးမိမ့်လျှော်။ နှုံးလုံးရဲခင်စေ။ စကားသင်း မြက်စေ၊ အပေါ်
များရည်ချွံ၊ အထဲသင်ကောက်ပွဲ။ အပေါ်ပပ် သည့်မှုား၊ အထဲ
ချွန်းအလား။ သောဘဟူသည်ဆင်ရိုင်းစွ၊ ပညာဟူသည် ချွန်း
ထောက်မ၊သဒ္ဓါဟူသည်ချွန်းယှဉ်ပြု။ သတိဟူသည့် လွန်ကျိုး
တွ၊ဒိဋ္ဌိဟူသည့်တွင်းခွင်ချ၊ယဉ်ချောင်နိဗ္ဗာန်။ဒေါသမြွေဟောက်
မြင်းဆိပ်တောက်၊ပညာဟူသည့်ဆေးဖြင့်ချောက်။ မောဟာဟူ
သည့်မှောင်အမိုက်။ အတိုက်နက်စွာလွှန်း၊ ပညာဟူသည့် ဆီ
မီးထွန်း။ ။ပရိတ်ဆွင့်ပရိုပတ်သည့် မပြတ်နှလုံးမူဘိစွ၊
သမိုတ်တလုံး။ ခေါက်ရင်းအရန်းသည့်မြဲဖှာစွ။ မပေးရနှင့် စားရမ
ဟူ၊ထိုအပယူသည့် ဖြောင့်ဖြိုး။ နတ်ရှာနိဗ္ဗာန်ခရီး ဖြွန်ကာသည်၊
ကည့်မြတ်စွ၊ မျိုလည်းမပါ၊လက်မစင်၊ ပညာတ်ရမတ်။ အ
မြတ်မြေမဏ္ဍာဒေ၊ ဖတ်တုံ့ တနေ့သုံးခါ၊ ရေစည်းမိမ် ချမ်းသာ၊
သက်တော် အလွှန် ရှည်မိမ့်ဌာ၊ ဥစ္စာလိုသော်။ အရှိဘောင်း

ကိုရှု၁။ ကိုအနှာသည်း ကင်းစေ။ မပြင်းစိရိယ။ အသား ထုတ်
ကြူ။မာသုဟူသည့် မှန်ကင်းထွန့်ကိုချ။ ပညာရေးလည်း ကူငေ။
သုံးတွေ့စရိုက်မှု။သစ်သမျှကိုဆင်ခြင်။ သဘင်ကြည့်ရှုနည်းပါ
စေ။လေသင်းတွေကစားမှု။ ပျော်မှုဆင်ခြင်လေ။ ။ပညာလို
သော်ပညာရှိကိုယှဉ်၊ မေးစဉ်နှုတ်မပြတ် အဖတ် အအန် အ
ကြီအရေး။ရှေးရှေးပုံကိုဆောင်၊ ။ရှူးကျွန်မှုကျင်။သွတ်
ကျွန်မှုချောင်း။ ခင်ပွန်းကောင်းကိုလိုသော်သူကို စီးပွားရှာ။
ချစ်သသူကို ဥစ္စာမငှါးရာ။ သူ့ချိမဟား သူ့ချိသားကို မတတ်
ရာ။ ။လှမ်းစည်းစိမ်။ နှုတ်မင်းစည်းစိမ်။ နိဗ္ဗာန်စည်းစိမ်
ရိပ်ညိုပ်သုံးဆင့်။ ပျော်တင့်လိုသော်။ကိုယ်ကိုမှိမ့်ချ။ ဒါန် ၁၀
ပါးမခြားနေ့တိုင်းပေးလေ။ သီလ ၁၀ ပါးမမှားနေ့တိုင်းစောင့်
လေ။ မဂ်လာဘောင်ညွှန်။ သားသား ဖြန့်လျက်။ အဓိဋ္ဌာန် နှုတ်
လှ။သုံးဘုံသူတို့။ ကြည်ဖြူ ထိုင်တင်။ သုံးအင် ရတနာ။ ဆရာ
ပဏ္ဍိ။ ကပိအဝေါင်း ထေရ်ကောင်းများစွာ။ နှုတ်တကာတို့။
ဟာကွာမုံရင့်။ စွင့်စွင့်ပန်းနား။ ပြုပြီးစွာမှ။ သာယာ ကြယ်ဝင်း။
စည်ပင်လင်းသား။တောင်တွင်းမြို့၏ အဓိပတိ၊ ဘုန်းရှိအထွဋ်။
မင်းမြတ်လက်ျာ။ဝန်နာသျှင်။ နေ့ခင်ထသစည်လျား၊ အမျိုးသား
တို့စီးပွါးစိမ့်ငှါ။ စီရင်ပါဟု၊ မေတ္တာ စိတ်သန်။ ထောင်း ပန်
သောအား။တင်ရှားရှေး၏၊ မဟာထေရ်ကျော်၊ ကန်တော် မင်း
ကျောင်း၊ အလေ့ာင်းသူမြတ်။ သူတော်ဂုဏ်ထွဋ်လျှင်။ နေ့နှုတ်အ
မြဲ။ သတိုးကျော်ထင်။ သာဝရှင်အား။ ထျှောက်ထား သော်ရှာ၊
မေတ္တာစာဖြေ။ ခဲစွာနှံ့သွယ်။ အဓိပ္ပါယ်ကို၊ နားကျယ် သိသာ
ကျမ်းဂါထာသတို့၊ ။နှုတ်လှိုင်းအဖြေ စီရင်ပေးအံ့။ ။အမိုး
ပေးဘ်ဆရာ။ မဟာ ထေရ်ကျော်။ ကန်တော် မင်းကျောင်း
မေတ္တာလောင်းသော ဆိုရာ၌။ အမိုးတော်ဆရာ ဟူသည်။ မင်း
ကြောင်း အမိုးတော် ဆရာဆိုလိုသည်။ ထိုစကားဖြင့်။ အမိုး
တော်သည့်။ရတနာသုံးပါး၌ ကြည်ညိုသော အဖြစ်ကို လည်း
ကောင်း ပညာသုံးပါးဖြင့်ပြည့်စုံအောင် လုပ်ကျွေး ပေးသေး၏

ယထိကာမအဖြစ်ကို လည်းကောင်း။ ပြသတည်း။ မဟာ ထေရ်ကျော်ဟူသော စကားဖြင့်။ အနုထေရ်။ မဇ္ဈိမ ထေရ်။ မဟာထေရ်ဟူ၍ ၃ ပါးတွင်။ မဟာထေရ်၏အဖြစ်ကိုပြသတည်း။ ။ ပဉ္စင်းခံသည့်မှစ၍။ ဆယ်ဝါရသေးသောသူသည်။ အနုထေရ်မည်၏။ အဝါနှစ်ဆယ် မရသေးသောသူသည်။ မဇ္ဈိမထေရ်မည်၏ အဝါ ၃၀ မှစ၍မဟာထေရ်မည်၏။ မဟာထေရ်ပင်ဖြစ်သော်လည်း။ အသျှင်သော သူတို့သည်။ ကျမ်းဂန်မတတ်။ ဗုဒ္ဓိဗလနှင့်မပြည့်စုံသောကြောင့်။ မကျော်စောမထင်ရှား။ အမျိုးတော် ဆရာမှုကား။ မဟာထေရ်လည်းဖြစ်သည်။ ကျမ်းဂန်တတ်၍။ ဗုဒ္ဓိဗလနှင့် ပြည့်စုံသောကြောင့်။ ကျော်စောထင်ရှား သည်ဟူ၍။ ဂုဏ်တော်ကိုပြအပ်သောငှာ။ မဟာထေရ်ဟူ၍။ သးမိန့်တော်မမူဘဲ။ မဟာထေရ်ကျော်ဟူ၍ မိန့်တော် မူလေသည်။ ဂုဏ်တော်ကို ပြချေသော်။ ကိုယ်တော်ကို ချီးမြှင့် ပသ္သားရာသို့မရောက်ခဲ့ပြီလောဟူမူကား ချီးမြှောက် ပသ္သားရာသို့ မရောက်။ အဘယ်ကြောင့်မရောက်သနည်းဟူမူကား။ မင်းကျောရေးစ်သည်လူတွင် အမြတ် ဖြစ်သောကြောင့်။ အထူးပိုသော ဂုဏ်ရှိသောသူတို့ကား။ ဆက်သောမေတ္တာစာကို။ လေးမြတ်ယုံကြည်ခြင်းမရှိရာ။ အထူးပိုသော ဂုဏ်ရှိသော သူတို့ကဆက်သောစာဖြစ်မှသာ။ လေးမြတ်ယုံကြည်ရသောကြောင့်။ ဂုဏ်တော်ကိုပြမှသာ ဆက်သအံ့သောစာကို။ ကြောရေးစ်မင်းသည် ယုံကြည်မည်။ ယုံကြည်မှအကျိုးစီးပွါးများမည်ကိုရည်၍။ ထေရ်ကျော်ဟူသောစကားဖြင့်။ ဂုဏ်တော်ကို ပြသတည်း။ ထိုကြောင့်။ ကျော်ဟူသော စကားဖြင့်ပင်။ ပိဋကတ်သုံးပုံ ပါဠိအဋ္ဌကထာ ထာဋီကာအနုဋီကာအလင်္ကာ။ သဒ္ဒါ။ ညာသ်။ ဆေးဗ္ဗို။ အဘိဓါန်မောဂ္ဂလာန်။ ဂန္ထုန်ပျို။ ငမွဲ။ ငကွဲ။ သုံးဖြတ်ပိုင်း။ မန်မိန့်တောင်စိတ္တက်။ ကာလာပ်။ ဗျုဒ္ဓိ။ ဒဏ္ဍီ။ ပျို့ ပါတ်။ ရာဇမတင်နှံ အစရှိသောကျမ်းဂန်အပေါင်းကို တတ်တော်မူကြောင်းကိုပြသတည်း။ မင်းကြောရေးစ်အမျိုးတော်သည်။ သာမညဖြစ်ကာတတ်ဆန်း

ရဟန်းကို ဆရာမပြုပေ။ သာသနာတော်ကို ပြီးမြောက်နိုင်
မည်သူ၊ အထူးအဆန်းရဟန်းကို ရွေး၍ဆရာပြုပါသည် ဟူ၍
သိမိမ့်သောဂါထာ လည်းကောင်း၊ ဘုန်းတော်ကြီးသည်၊ လုံ့လ
အားထုတ်၍ သင်ကြားသောကြောင့် တတ်လျှင်၊ အရိုးတော်
ဆရာဖြစ်၍၊ မင်းပူဇော်ခံလေသည်။ ငါတို့လည်း ဤကဲ့သို့ဖြစ်
အောင်ဟု တပါးသော ရဟန်းတို့အား၊ ပရိယတ္တိ အသင်အ
ကြားကို၊ ကြိုးစားအား ထုတ်မိမ့်သောဂါထာလည်းကောင်း၊ ထို
သို့မှသာ၊ သာသနာ ထွန်းတောက် ပမည်ကို ရည်၍လည်း
ကောင်း ပြသတည်း။ ကန်တော်မင်းကျောင်း ဟူသောစကား
ဖြင့်၊ ပစ္စည်းလေးပါးအဝင်၊ သိတင်းသုံးတော်မူသော နေရာ၌
သေနာသနဖြစ်သော ကျောင်းကိုပြသတည်း။ ကျောင်းနေရာ
ကိုပြသဖြင့်၊ လူတို့နှင့်မနှောမရောကြောင်း၊ ညှိမ်သက်စွာသိ
တင်းသုံးတော် မူကြောင်း၊ ရဟန်းတို့နှင့် လျှောက်ပတ် စွာ
သောနေတော် မူရာဖြစ်ကြောင်း၊ စတုပါရိသုဒ္ဓိ သီလလေးပါး
နှင့်ပြည့်စုံ တော်မူ ကြောင်းကို ပြသတည်း။ ကန်တော်မင်း
ကျောင်း မေဓ္ဓာလောင်း သောဆိုရာ၌၊ သပိညာဇာက အ
သက်ရှိသော သိတင်းသုံးသော ဘုန်းတော်ကြီးသော မေဓ္ဓာ
လောင်းသည်ကို၊ အပိညာဇာက အသက်မရှိသော ကန်တော်
မင်းကျောင်း၏ ကိုယ်၊ မေဓ္ဓာလောင်း လေသကဲ့သို့၊ ကန်
တော်မင်းကျောင်း မေဓ္ဓာ လောင်းသောဟူ၍၊ သဲ့ကြောင့်မိန့်
တော်မူလေ သနည်းဟူမူကား၊ ဥပစာဆင်ယင်ပါ၍ လိမ္မာတော်
မူကြောင်းကို သိမိမ့်သောဂါထာ၊ ဈောင်ကျောင်း ထက်တွင် နေ
သောလူ အသံပြုသည်ကို၊ ဈောင်စောင်းအော်ပြုသည်ဟု၊ ဥ
ပစာအားဖြင့်၊ လူကိုဈောင်စောင်း၌ တင်စား၍ဆို သကဲ့သို့၊
ဌာနူပစာရ သို့လိုက်၍ ဌာနီဖြစ်သော ဘုန်းတော် ကြီးသော
မေဓ္ဓာလောင်းသည်ကို၊ ဌာနဖြစ်သော အသက်ပိညာဇာက်မရှိ
သောကျောင်း၌ တင်စား၍၊ ကန်တော်မင်းကျောင်း မေဓ္ဓာ
လောင်းသောဟူ၍ မိန့်တော်မူလေသည်။ တချက်လည်း၊ ဇိုး

နှင့်မကာင်းမကွာ ဖြစ်သောကြောင့်။ အိုးယူခဲ့ ဆိုလျှင်ထော ပတ်။ ထောပတ်ယူခဲ့ဆိုလျှင်အိုးပါသကဲ့သို့။ မကွေမကွာဖြစ် သော အဝိနာဘာဝ နည်းအားဖြင့်။ ကျောင်းနှင့် ကျောင်းနေ သည့် မကာင်းသောကြောင့်။ ကျောင်းကိုဆိုလျှင် ကျောင်းနေ ပါသင့် ကြောင်းကိုရည်၍။ ကန်တော်မင်းကျောင်း မေတ္တာ လောင်းသော ဟူ၍မိန့်တော်မူသတည်း။ ထောပတ်ကိုသာ အိုး တွင်ထည့်ရေကိုလည်းကောင်း။ ဆီကိုလည်းကောင်း။ အိုးနှင့် ထည့်လျက်။ ထောပတ်ကိုသာဆိုလေသည်ကား။ ရေကိုအလို ရှိခိုက်သော အိုးတွင်ထည့်သည်။ မြစ်ချောင်းကန် အစရှိသည် ကိုအိုးနှင့်ခပ်၍ထည့်သည်။ ထောပတ်မူကား။ အခါခပ်သိမ်း အိုးနှင့် မကာင်းသောကြောင့် ထောပတ်ကိုပုံပြု၍ ဆိုလေသည်။ အိုးနှိုက်လည်း ကန်တော် မင်းကျောင်း၌ သီတင်း သုံးသော ပုဂ္ဂိုလ် မေတ္တာလောင်းအပ်သောဟူ၍ ဆိုအပ်လျက်။ လင်္ကာ စကားစပ် ဖြစ်သောကြောင့်။ ကျောင်း၌ သီတင်း သုံးသော ပုဂ္ဂိုလ်အပါယူသော စကားကချ၍။ ကန်တော် မင်းကျောင်း မေတ္တာလောင်းသောဟူ၍ သာမိန့်တော် မူလေသည်။ ဗောဓိ မဏ္ဍိုင်၏ အခင်းအဝါကိုပိုင်က ဟူ၍ဆိုအပ်လျက်။ ၏ တလုံး ကိုချ၍။ ဗောဓိမဏ္ဍိုင်။ ခင်းဝါပိုင်က ဟူ၍သာ မိန့်တော်မူ လေသတည်း။ ။မေတ္တာလောင်းသောဆိုရာ၌လည်းကောင်း။ လောင်းအပ်သော ဆိုလိုလျက်။ အပ်တလုံးကို ချလေသည်။ မေတ္တာ ဟူသည်ကား ပါဠိတည်း။ အနက်ကား ချစ်သည့်ဟူ၍ ဆိုလို သည်။ ဤမေတ္တာ ကား။ သဗ္ဗေ သတ္တာ အဝေရာ ဟောန္တု။ ခပ်သိမ်းကုန်သော သတ္တဝါတို့သည်။ ရန်ကင်းစေ ကုန်သတည်း။ အဗျာပဇ္ဈာဟောန္တု။ ကြောင့်ကြမရှိစေကုန်သ တည်း။ အနီဃာ ဟောန္တု။ ဆင်းရဲမရှိကုန် သတည်း။ သုခီ အတ္တာနံပရိဟရန္တု။ ချမ်းသာစွာကိုယ် ကိုဆောင်နိုင်စေကုန် သတည်းဟူ၍။ လေးပါးရှိသည်။ အကျယ်အားဖြင့်ကား။ အ ထူးမရှည်မှတ်။ အဓိတ်မဲ့ သာဖြစ်သော။ သဗ္ဗေ သတ္တာပါဌ

ဘူတာပုဂ္ဂလာ။ အဏ္ဏာဘာဝပရိယာသပဏ္ဏာဟူ၍။ အနေ့ာဗိသသမေဏ္ဏာငါးပါး။ အထူးရည်မှတ်၍ ပြုသော။ သင်္ခါရာရုဏ္ဏ်မူရိုသာ။ အရိယာသာအနရိယသာ။ ဒေဝါမနုဿသာ။ ဝိနိပါတိကာဟူ၍။ ပြဲမိသသကမေဏ္ဏာ ခုနစ်ပါး အားဖြင့်။ ပုဂ္ဂိုလ်ပေါင်း တကျိပ် နှစ်ပါး တည်း။ ပုဂ္ဂိုလ်ငါးပါးတွင်။ အဝေရာ။ အဗျာပဇ္ဇာ။ အနီဃာ။ သုခီ အဏ္ဏာဟူ၍ လေးပါးစီဖြစ်သောကြောင့်။ တဆယ်နှစ်ပါး လေးထပ်သည့် လေးဆယ်ရှစ် ဖြစ်သတည်း။ အရပ်ဆယ် မျက်နှာတွင်။ တမျက်နှာ တမျက်နှာ သည်းလေးဆယ်ရှစ်စီဖြစ်သောကြောင့်။ မေဏ္ဏာပေါင်း အချယ် လေးရာရှစ်ဆယ် ဖြစ်သတည်း။ သည်အရာ၌ ဘုန်းတော်ကြီးသည်။ အဝေရာဟောသို့။ အစရှိသည်ဖြင့်။ မင်းကိုရည်မှတ်၍ စီးဖြန်းခြင်းကိုသာ မေဏ္ဏာဟူ၍ဆိုအင်လျက်၊ စာကုံမေဏ္ဏာစာဟူ၍ ဆိုသည်ကား။ ဤမေဏ္ဏာရှိသဖြင့်။ အကျိုးစီးပွါးများစေလို၍ ဆက်သော။ စာဖြစ်သောကြောင့်။ မေဏ္ဏာစာဟူ၍ ဆိုလေသည်။ မေဏ္ဏာပို့သော ရောက်သောပြုသောဟူ၍ မဆိုဘဲလျက်။ လောင်းသောဟူ၍ဆိုသည်ကား။ ပို့သည်ဟူ၍ရောက်သည်ဟူ၍ဆိုချေသေး။ ယခုတကြိမ်သာပို့ ရောက်သကဲ့သို့ ရှိသည်။ လောင်းသော ဟူ၍ဆိုသည်ကား။ ရှေးကအကြိမ်များစွာ ပို့ရောက်၍ ရှိသင့်သော မေဏ္ဏာဟောင်းတွင်၊ အတိုင်းထက် အလွန် ထပ်လောင်း၍ပြုသော မေဏ္ဏာများကြောင်းကို သိစိမ့်ဂုသာဌာ။ လောင်းသော ဟူ၍ဆိုလေသည်။ ထိုကြောင့် တောဇေယ်သာရ ဘုန်းတော်ကြီးက။ ယကျိုင်မင်းအမတ်မဟာရာဇပညာ၏ ဆက်သောမေဏ္ဏာစာတွင်။ မေဏ္ဏာဟောင်းထွင်။ ထပ်လောင်းဆင့်ကဲ၊ မယ်နှံ့ဘွဲ့သို့။ ချစ်မြဲချစ်ခင်။ ချစ်ကြည်လင်သား၊ ဘုရင်ဆရာ။ ပဏ္ဏာမိတ်ငါလျှင်။ မေဏ္ဏာနှစ်မြိုက်။ မှိုထပ်လိုက်ပိမ့်။ ဟူ၍မိန့်တော်မူသတည်း။ ။ဘုန်းပေါင်းကြွက်သရေဆိုသည်ကား။ ဘုန်းအပေါင်းနှင့်ပြည့်ရုံသည်။ ကြွက်သရေအပေါင်းနှင့်လည်း ပြည့်ရုံသည်ဟူ၍ ဆိုလိုသည်။ ဘုန်းပေါင်း ဟူ၍သာ ဆိုသည်။

ကြွက်သာရေပေါင်း ဟူ၍ မဆိုဘဲကို။ အဘယ်ကြောင့် ဘုန်းပေါင်း ကြွက်သာရေပေါင်းဟူ၍ ဖွဲ့လေသနည်း ဟူမူကား၊ ဘုန်းပေါင်း ကြွက်သာရေဟူ၍ ပေါင်းကိုဘုန်း အကြားနှင့်ကြွက်သာရေအကြားတွင် ဆိုသောကြောင့်။ ဥပမာသည်။ အိုးနှစ်လုံးကို ရှေ့နောက်ထား၍ အလယ်တွင် လူနေ၍။ ထမ်းပိုးနှင့်ထမ်းသောအိုးနှစ်လုံးပင် ပါသကဲ့သို့ ပေါင်းကိုနှစ်ရပ် အလယ်တွင် ဆိုသောကြောင့်။ ဘုန်းအပေါင်း ကြွက်သာရေ အပေါင်းဟူ၍ သာဖြသတည်း။ ဘုန်း အပေါင်း ဆိုလျှင်။ အနက် ချဲ၍ ဘုန်းအပေါင်း ဆိုလေသည်။ ဘုန်းဟူသည်ကား၊ ရန်အပေါင်းကို ဖျက်ဆီးချိုးနှိမ်တတ်သည်ဟူ၍ဆိုလေသည်။ ကြွက်သာရေဆိုရာ၌။ ကြွက်ဆိုသည်ကား။ ပကတိ ကြွက်ကိုပင် ဆိုလိုသည်။ သာရေဆိုသည်ကား။ အနှစ်ဆိုလိုသည်။ ကြွက်တွင်ရှိသောအနှစ်ရတနာကျောက်မြတ်ဟူ၍ ဆိုလိုသည်။ ကြွက်တွင် ရှိသောကျောက်ကို။ အဘယ့်ကြောင့်သိရသနည်းဟူမူကား။ သုံးပါးလူ့ထွတ်မြတ်သောအသရေကို ဆောင်တော် မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည်။ သာဝတ္ထိ ပြည်ကြီးတောင်။ ဇေတဝန်ကျောင်းတော်၌ သီတင်း သုံးနေတော် မူသောအခါ။ ပုဏ္ဏားတယောက်သည်။ ဇေတဝန် ကျောင်းတကာ အနာထပိဏ်သူဌေးကြီးအိမ်သို့ သွားလေသော်၊ သူဌေး အပေါ် တွင် ကြွက်ပတ်တချက်၏ ဦးခေါင်း၌။ အသရေ နေသည်ကို မြင်၍။ သူဌေးကြီး။ ငါ့အိမ်၌တွင်ရှိသော ကြွက်ပတ်သည်။ အချိန်ကာလရှန်အောင်မတွန်သောကြောင့်။ ဘယ်ပည့်တို့သည်။ အဘတ် သင်၍ မတတ်လိုက်ဖြစ်ခဲ့သည်။ သူဌေးကြီး ကြွက် မူကား။ အချိန်ကာလမှန်အောင် တွန်ဟန်ရှိသည် ဖြစ်သော ကြောင့်။ သည်ကြွက်ပကိုင် အား ပေးပါဟူ၍ တောင်းလျှင်။ သူဌေး ကြီးက ပေး၏ဆိုသော်။ ကြွက် သရေသည်။ ထိုကြွက်ပ ဦးခေါင်းမှ ဖြန့်၍။ သူဌေးကိုင်စမှတ် ပြုသော တောင်ဝှေး၌ နားလေ၏။ ပုဏ္ဏားလည်းထိုတောင်ဝှေးကို တောင်းပြန်၍။ သူဌေးကပေး

၏ဆိုသော်။ တောင်ဖွေးမှဖြန့်၍ စွန့်ပဒိမ္မာအမည်ရှိသော သူဌေးမြို့၏ဦးခေါင်း၌ နားထော၏။ ပုဏ္ဏား လည်း မှရော တွင်မှ။ သူဌေးအား။ အကြောင်းကို ဖြန့်သော်။ သူဌေးလည်း။ သည်စကားကို။ မြတ်စွာဘုရားအား လျှောက်မှ သင့်မည် ဟူ၍။ ပုဏ္ဏားကို ဇေတဝန်ကျောင်းတော်သို့ ခေါ်၍သွားထော၏။ မြတ်စွာဘုရားအား အကြောင်းကို လျှောက်သော်။ မြတ်စွာ ဘုရားလည်း။ယရား ဘူလျှင်။ သည် ပုဏ္ဏားသည် ကြက်သရေနှင့် မရထိုက်သောကြောင့်မရသည်မဟုတ်။ ရှေးဘဝ၌လည်း မရဘူးသည်သာဟူ၍မိန့်တော်မူလျှက်၊ ဆိတ်ဆိတ် နေတော်မူသောကြောင့် ဟောတော်မူပါဟူ၍ တောင်းပန်သော်။ ရှေးသောအခါ။ဗာရာဏသီပြည်သားတယောက်သည်။ ထင်းခွေမည်ဟူ၍တောသို့ သွားသော်။ ညအခါ၌ သစ်ပင် အောက်တွင် အိပ်၏။ ထိုသစ်ပင် တွင်လည်း။ ကြက်ဖနှစ်ရ အိပ်ကြသည့် အထက်က အိပ်သော ကြက်ဖ သည်။ အောက်က အိပ်သော ကြက်ဖအပေါ်ကို မစင်ပွန့်သော ကြောင့်။ ငါ့အပေါ်ကို ချေးပွန့်သည်။ ငါ့ကိုသာမညကြက်ဖ မှတ်သလောဟု ဆို၏။ သင၏ဂုဏ်အဘယ်သို့ရှိသနည်းဟု။ အထက် ကြက်ကမေး၍။ ငါ့ဦးခေါင်းကို စားလျှင်။ စစ်သူကြီး ဖြစ်မည် ဟူ၍ ဆိုသော်။ သည်မျှကိုပင် သင်ကြိမ်းဝါးသလော။ ငါ့မှာမူကားဦးခေါင်းကိုစားရသောသူသည် မင်းဖြစ်မည်။ အလည်းကို စားရသောသူကားမိဖုရားဖြစ်မည်။ ယောက်ျားဖြစ်လျှင် အိမ်ရှေ့မင်းဖြစ်မည်။ အသားကိုစားသောသူကား။ ရဟန်းဖြစ်လျှင်မင်းဆရာ။ လူဖြစ်လျှင် ပညာရှိဖြစ်မည်ဟူ၍ဆို၏။ ထိုယောက်ျား လည်း။ ထိုစကားကိုမှတ်၍။ ညဉ့်အခါ သစ်ပင်ထက်သို့ တက်၍။ အထက်ကအိပ်သော ကြက်ကိုဖမ်း၍သတ်ပြီးမှ။ အိမ်သို့ယူခဲ့ပြီးသော်။ မယားအားအကြောင်းကိုပြော၍။ ကောင်းမွန်စွာ ချက်ဘိဟုဆို၏။ မယားသည်လည်းထမင်းတလုံး ဟင်းတထုပ် ချက်ပြီးမှ မင်္ဂလာ အစာဖြစ်သည်။ ခေါင်းလျှော်၍ ရေချိုးပြီးမှ စားကြ

မည်ဟူ၍၊ထမင်းတဘက်ဟင်းတဘက်ကိုဆိုင်းနှင့်ထမ်း၍ မြစ်သို့သွားလေ၏။ မြစ်သို့ရောက်လျှင်၊ ထမင်းနှင့်ဟင်းကို ကမ်းနားတွင်ထား၍ ခေါင်းလျှော် လေသော်၊ ကမ်းပြို၍ ထမင်းနှင့်ဟင်းပင်မြောသော၏။ ထိုအခါဆင်ထိန်းသည်၊ ဆင်ရေချူ၍ နေသည့်အခိုက် မြစ်သော ကြောင့် ဆည်း၍ ဆယ်၏၊ ဆင်ကဲဆရာငါတို့ ဘုရားအလောင်းတော် ရှင်ရသေ့သည်လည်း။ ငါ့တကာဆင်ကဲသည်။ ဘယ်တော့ခါ စည်းစိမ် ချမ်းသာ တိုးတက်ပါမည်နည်းဟူ၍ နတ်မျက်စိဖြင့် ကြည့်တော် မူသော်။ ကြက်သားရသောကြောင့်။ ကြက်ဦးခေါင်းကို စား၍၊ ခုနစ်ရက်ထည့်လျှင်။ မင်းဖြစ်မည့်အကြောင်းကို မြင်တော်မူ၍ ဆင်ကဲဇနီသို့ကြွတော်မူ၍။ ဆင်ကဲ ဇနီသို့ ရောက်လျှင်။ ဆရာလည်းကြွတော်မူလာသည်။ ငါ့မှာလည်းဟင်းရခဲ့သည်၊ ဆွမ်းဖြင့်တပါဟူ၍မယားကိုဆို၏၊ ရှင်ရသေ့လည်း ကြက်သား ကိုငါဝေမည်ဟူ၍ ဦးခေါင်းကို ဆင်ကဲအား ပေး၏၊ အသည်းကိုမယားအားပေး၏။ အသားကို ရှင်ရသေ့ ဘုန်းပေးတော် မူ၏။ ရှင်ရသေ့လည်းတကာ၊ယနေ့မှစ၍၊ ခုနစ်ရက် တိုင်လျှင်မင်းဖြစ်လတ်တော့မည်။ မမေ့မလျော့အတိပြုဟု မိန့်တော် မူ၍။ ထိုအခါပန္နက္ကရာဇ်ပုန်ကန်သောကြောင့်။ စစ်ထိုးမည်ဟူ၍ဆင်ကဲကိုနန်းစောင့်ထားခဲ့၍သွားလေ၏၊ မင်းလည်း စစ်မှာအနိစ္စဖြစ်ချေ၏၊ အမှူးအမတ်ပြည်သူပြည်သားတို့လည်း၊ ဆင်ကဲကိုမင်းမြှောက်လေကုန်၏၊ ထိုအခါ။ ထင်းခွေ ယောက်ျားကားရဟန္တာဖြစ်၏၊ ဆင်ကဲကားအနုရုဒ္ဓါ သူဌေး ဖြစ်၏၊ ရသေ့ကား ငါဘုရားဖြစ်၏ဟူ၍ဇာတ်ကိုပေါင်းတော်မူ၏။

ရသေ့မှ သရေခေတ္တရာပြည်၌ လည်းကျောင်းတွင် မွေးသောကြက်ဖတရသည်။ ငါ့ဦးခေါင်းကို စားရလျှင် မင်းဖြစ်မည်ဟူ၍တွန်၏၊ ဘုန်းကြီးလည်းတပည့်သာမဏေတယောက်ကို၊ထိုကြက်ဖကို သတ်၍ ကောင်းမွန်စွာချက်ဘိဆို၏၊ မောင်ရှင်လည်းချက်လေသော်၊ ကျက်သည်မကျက်သည်ကို သိလို

သောကြောင့်၊ ဒိုးကာသယ်၍ ကြည့်ရာတွင်။ ကြက်ဦးခေါင်း ဖြတ်၍ဖြာထဲသို့ကျသော်။ မသနိပြပ်ဟူ၍ဝေးလေ၏။ ဆရာက ယူခဲ့ဆိုသော်၊ ဦးခေါင်းဖြာထဲသို့ကျ၍ စားကြောင်း ကိုပြော လျှင်၊ ကောင်းပြီသိမှ သိရစေဟူ၍ဆို၏။ ထိုမောင် ရှင်လည်း လှတွက်၍၊ မင်းကြောရေ့ဖြစ်ထံ ခေါ်ဝေး လေသော်။ အရောင်အ ဆင်းနှင့်ပြည့် ရုံသောကြောင့်၊ မင်းလည်း သားပြု၍ မွေးစား ၏၊ ထိုမောင်ရှင်လည်းညာဏ်ပညာနှင့် ပြည့်စုံသော ကြောင့်၊ မင်းသားတို့၏လက္ခဏာအမှုအရာအကျင့်၊ ဆင်စီး မြင်းစီးအ တတ်ကိုလည်း အကြွင်းမဲ့တတ်၏။ ပြည်သူလူ ရဟန်း အ ပေါင်းတို့ချစ်ခင်သနားအံ့ သော အကြောင်းကို လည်း ကျင့်၏။ ထိုမင်းမရှိလျှင်၊ ပြည်းသူပြည်သားတို့ညီ၍ မင်းအမြွက်သဖြင့် မင်းဖြစ်လေ၏။ ဥက္ကာပေါင်မင်း ဆက်ပြုတ်၍၊ တပါးအမျိုး က မင်းပြုသောကြောင့်၊ ထိုမောင်ရှင်ကိုလေပါးမင်းဟူ၍ တွင်၏။ ဤသို့လျှင် ကြက်သရေသည်။ ကြက်ဦးခေါင်းနှိတည်ကြောင်း။ ထိုက်သောသူနှိသာ တည်ကြောင်းကို။ ကျမ်းဂန်ရာ ဇဝင်နှိ လာသတည်း။ မိမိကိုယ်သို့ကြက် သရေရောက် အောင်ခေါ် သောမန္တာန်ကိုလည်း။ ဖုဟိဖုတိသိရိသိရိမယှ်ာ သိသော ပတိမွှာ ဟိဟူ၍ သုတ်သိ ကျွာန် အဓ္ဓကာတာပြ၊ ဘွဇာသသုတ် အဖွင့်နှိ လာသည်။

ပရမော်သိရိဆိုသည်ကား။ မြတ်သော၊ ထင့်တယ်ခြင်း နှင့် ပြည့်စုံသည်ကိုဆိုလိုသည်။ ကော်ဝွိရဏာဝ် ဆိုသည်ကား။ ထို ထိုသောအရင်နှိ ကျေးဇေးခြင်းဟူသော ဂုဏ်ရှိသည် ဆိုလို သည်။ထန့်သည့်တစာဆိုသည်ကား။ ပြင်းထန်သောတန်ခိုးရှိ သည်ဆိုလိုသ[ည်]၊ ။အချားလူသိပ်ရှိုင်လျှာင်မိုးသားဟူ သည်ကား။ ထိုပ်ဟူသောစကားဖြင့် ဦးခေါင်းကို ယူရမည် လူအပေါင်းတို့၏ ထိပ် ဦးခေါင်းကို။ ချမိုင် ဖြတ်မိုင်သော အ မိုးရသောမင်း၏ အဖြစ်ဖြင့် ကွင်မှိုပ်လျှက် မိုးအုပ်သည်ဟူ၍ ဆိုလိုသည်။ ။ဗုဒ္ဓိမြိုးရတနာဆိုသည်ကား။ မြတ်သောထင်

ရှားသော ဒွန္ဒေ ဆင်ဖြင့်။ ပယာင်းကျောက်သိ အစရှိသောရတနာအများနှင့်ပြည့်ရုံသည် ဆိုလိုသည်။ ဒုန္ဒကား ထင်ရှားသည်။ပြီးကားဖြတ်သည်ဆိုလိုသည်။

။ရတနာ ဟူသောပါဠိအနက်ကား နှစ်လိုခြင်းကို ဖြစ်စေတော်သည် ဆိုလိုသည်။ ဒွန္ဒကူဒါယကာဟူသော၏ကားဖြင့်။ ထိုမင်းပြုသော ကောင်းမှုကို။ဒွန္ဒကူဟူ၍ပြသည်။ ထုန်းပေါင်းကြွက်သခွေ။ ပရုမေဘိဂိ။တိဂ္ဂုဂ္ဂုလာဝံ။ ထန်သည့်ကေဇာ။ အချောထုံ့ထိင်။ နှိပ်ထွက်ဖိုးသားဟူသောစကား။ ဒုန္ဒုပြီး ရတနာ ဟူသော စကားဖြင့်။ ပဉ္စပ္ပပါဒ်လောကတွင်။ ထုန်းတော်တန်ခိုးတော်အကျော် အရှိန်စည်းစိမ်ချမ်းသာ။ ရတနာ အပေါင်းဖြင့်။ ပြည့်ရုံ တင့်တယ်ခြင်း။မင်း၏ထကွဏာကိုပြသည်။ ထိုသို့ပြသဖြင့်။ ထိုမင်းသည်ရှေးဘဝက ကြီးစွာသော ကောင်းမှုကို ပြုတော်မူဘူးကြောင်းကိုလည်းကောင်း။ ငါတို့လည်း ဤမင်းကဲ့သို့ ဘဝဆက်တိုင်းဖြစ်အောင် ပြုသင့်ချေ၏ဟူ၍။ သူခပ်သိမ်းတို့အား။ ကုသိုလ်ကောင်းမှုကို အားထုတ်စိမ့်သောငှာလည်းကောင်း။ မိန့်တော်မူသတည်း။

။ဒွန္ဒကူဒါယကာဟူသော စကားဖြင့်ကား။ ရှေးက ပြုဘူးသော ကောင်းမှု အကျိုးကို သာစံ၍ နေတော်မူသည်မဟုတ်။ နောင်ဘဝ ဘို့လည်း။ ကုသိုလ်ကောင်းမှုကိုအားထုတ်တော် မူကြောင်း သာသနာ တော်ကို ချီးမြှောက်တော်မူကြောင်း။ ပုဂ္ဂိုလ်လေးပါးတွင်။ အမြတ်ဆုံး ဇောတိပရာယဏ်ဖြစ်သဖြင့်။ ကောင်းရာမှလာ၍။ ကောင်းရာသို့ သွားရအောင် ပြုသောပုဂ္ဂိုလ် ဖြစ်သောကြောင့်။ ပညာကြီးမြတ်ကြောင်း။ မင်းကျင့်တရားဆယ်ပါး။ သင်္ဂဟဝတ္ထုလေးပါးနှင့်တည်ကြောင်း။ ပါရမီဆယ်ပါးကို ဖြည့်တော် မူကြောင်း။ ကိုယ်တော်စီးပွါးသူခပ်သိမ်းတို့စီးပွါးကိုကျင့်တော်မူကြောင်း။ ကုသိုလ်ဆယ်ဖြာ။ မင်္ဂလာ သုံးဆယ့်ရှစ်အင်္ဂါ။ မဂ္ဂင် ရှစ်ပါးနှင့်ပြည့်စုံတော် မူကြောင်းကို ပြသတည်း။ မဟာဓမ္မရာဇာဆိုသည်မှ သည်ကား။ ဘုန်းတော် ကြီးသာ ထိုမင်းကို ခေါ်သော

အာလုပ် စကားတည်း။ အနက်ကား၊ မြတ်သော မင်းတရား ဟူ၍လည်းကောင်း၊ တရားမင်းကြီး ဟူ၍လည်းကောင်း။ ဆိုလိုသည်၊ မဟာဓမ္မရာဇာဟု ဆိုသဖြင့်မင်းပြုသော်လည်း။ တရားနှင့်မညီသည်မဟုတ်။ မဟာဝိဇိတဝင်မင်း၊ ဖြောင့်သောအမင်း အစရှိသော မင်းတို့ကဲ့သို့၊ တရားနှင့်ညီစွာ မင်းပြု တော်မူသောကြောင့်၊ ပြည်သူလူ ရဟန်းတို့အား၊ ဝမ်းတွက်သားကဲ့သို့သနားတော် မူကြောင်း။ ကြွက်မသည်သားကို အသက်ဝိညာဉ်မရှိမှီ အနေကာလကာ၊ အချွံပါး၍ ပေါက်လွယ်အောင် ရင်ဖြင့်အုပ်ခြင်း။ အငွေ့ကိုယူခြင်း။ ကြွက်၏ အနံ့ကိုထုံခြင်း အစရှိသည်ဖြင့်၊ ပဋိသန္ဓေကို စောင့်သကဲ့သို့ လည်းကောင်း။ ပေါက်၍ ကြွက်သူငယ်ဖြစ်သောအခါလည်း။ အစားရှာ၍ကျွေးခြင်း။ သိမ်းစွန်အစရှိသော ငှက်တို့သည်။ မညှဉ်းဆဲရအောင်။ အတောင်ဖြင့်အုပ်ခြင်းကို ပြုသကဲ့သို့ လည်းကောင်း။ သိမ်းပိုက်အုပ်ချုပ် စောင်မတော် မူကြောင်း ကိုလည်း ကောင်း။ ပြသတည်း။ ထိုသို့သော ရုံကို၊ မဟာ ဓမ္မရာဇာ တရားစောင့်သောမင်းဟူ၍၊ တခွန်းတည်းသော ဆိုသဖြင့် ကုံခံစသတည်း။

နိဒါန်းအဖြေအားဖြေကားပြီးပြီ။

အတိုအရှည် ဟူသည်ကား။ ရန်စကိုတိုအောင် ချစ်စကို ရှည်အောင် ပြုသင့်သောကြောင့်။ မကောင်း မှုကို လည်းကောင်း။ သံသရာ ဝဋ်ဆင်းရဲကို လည်းကောင်း တိုအောင်။ ကောင်းမှုကို ရှည်အောင် ပြုသင့်ကြောင်း။ အတိုသာပေါင်းဘက်သင့်သောသူ။ အရှည်သာပေါင်းဘက် သင့်သသူ ကိုလည်းကောင်း။ ဆင်ခြင်၍ နှုတ်းသား တော်မူ ဆိုလိုသည်။ ရန်စကိုတိုအောင်။ ချစ်စကို ရှည်အောင်ပြု၍။ အကျိုး ရောက်သွားသည်ကား။ ဒီဃကောသလ မင်းကို သတ်သည် ဟူ၍။ ဗြဟ္မဒတ် မင်းသား ခမိုးရေလးဆုံ ကိုသည်းစောင့်သော်။ ဒီဃာတိကောသလမင်း မင်းဆုံးသည်။ ဒီဃီဝုအဖြစ်ပေသ။ ဗာရာဏသီမင်း

သားကိုမြင်လျှင်။ ချစ်သား ရန်စကိုတို့ဧ။ ချစ်စကို ရှည်စေ ဟူ၍ မှာသည်အတိုင်း။ ဗိဿရမင်းသားသည်။ ခမည်းတော် ကို သတ်သော ဖြစ်ပွဲခါတ်မင်းကို သတ်ရမည် အခွင့်ကြုံပ် လျက်။ မင်းခမည်းတော်ကို သတ်ဘူးလေလေသူဟူ၍။ သည် မင်းကို ငါသတ်ချေသော်။ သည့်မင်း အဆွေအမျိုးလည်း။ ငါ ကိုသတ်လမည်။ ငါ့အဆွေအမျိုးလည်း။ ထိုကဲ့သို့ပင်သတ်ဖြံ့ ၍ရန်စသည် ရှည်ရှေဘောမည်။ ရန်စကိုတို့အောင် ပြုမှသင့် မည်ဟူ၍ မသတ်ဘဲနေသောကြောင့်။ ဗိဿရမင်းသားသည့် ဗာရာဏသီမင်းသမက်ဖြစ်၍။ သည်းခံကိုစံရလေသည်။ ။ ရန်စကို ရှည်အောင်ပြု၍ အကျိုး ယုတ်ကြောင်းကား။ ရှေး သောအခါ။ ကြက်ဘချမှာ သားမွေးလေတိုင်းကို။ ကြောင်စား သောကြောင့်။ ယင်းသည့်ကြောင်ကိုငါနိုင်ပါလို၏ဟု။ ကြက်မရ တောင်းသဖြင့် သေလျှင်။ ကြက်မကားကျား။ ကြောင်ကားသ မင်ဖြစ်၍။ သမင်မွေးလေတိုင်းကို ကျားစား၏။ သမင်မသည်း ကျားကို နိုင်ပါလို၏ဟု ဆုတောင်းသဖြင့် သေလျှင်။ ကျား ကားလူ။ သမင်ကား ဘီလူးဖြစ်၍။ လူမွေးသမျှကို ဘီလူးစား ၏။ ထိုအဖြစ်တွင်မှ ရှင်ပင်တုရားသည်။ ငကိုအမျက်ထွက် ဘူးသောသူ။ ငကိုသတ်ဘူးသသူ။ ငွေစွာကိုယူဘူးသသူ၊ င ကို အောင်မြင် ဘူးသသူ ဟူ၍ လည်းကောင်း။ ရန်စကိုတို့ အောင်ရန်ညှိုးမထားအစ်။ ထိုသို့ရန်ညှိုးထားချေသော်။ နှစ်တိ ထွေး မစင်လှူးသည့်ကို ရေဖြင့်မဆေးဘဲ၊ နှပ်တံထွေးခြင်းမ စင်ခြင်းဖြင့် ဆေးချေသော်။ အပနံတလဲလဲ ထပ်ခါထပ်ခါဖြစ် သကဲ့သို့ရှိချေသည်။ မှုန်ညှိုးမပြုဘဲဖြစ်၍ နေမှသာရေဖြင့်ဆေး သကဲ့သို့ စင်ချေသည်ဟူ၍။ တရားဟောတော်မူမှ။ ဘီလူးမ သည်၊ သောတာပန်တည်လေ၏။ သောတာပန် တည်ကြောင်း ကို။ ဟိတသဗ္ဗိကျမ်းအဖျားနှဲ့ ဆိုလေသည်။ ။ရှင်ဒေဝဓါတ် အကြောင်းနှင့်။ ငါတို့ဘုရား အကြောင်း ဟောသည်။ ဘုရားအ ကြောင်း တော်ကသင် ရန်ညှိုးမဖွဲ့ သော်သည်။ ရှင်ဒေဝဓါတ်

အလောင်းကာ ရန်ညှိုးဖွဲ့သောကြောင့်။ ကမ္ဘာငါးရာပတ်လုံးရန် ဖက်စတော ဖြစ်ရချေသည်။ ထို့ကြောင့်။ ရန်စကို တို့အောင်။ ချစ်စကိုရှည်အောင် နှလုံးထားခတော်မူပါဟူ၍ဆိုလိုသည်။ နှလုံး ပြုစေချင်လှသော ဟူ၍အဆုံးနှင့် မိန့်တော် မူသောကြောင့်။ နှလုံး ထားတော် မူစေချင်သည့် ဟူသောစကားကို ပုန်ခွဲယှဉ် ရမည်။ ။အလည်အပတ်ဟူသည့်ကား။မင်းတပါးဘို့သို့။တမန်သောင်လည်းကောင်း။ မင်းသားမင်းမြေ အမျိုးအမတ်နှင့်မိန့်တော်မူခင်းရှိသော် လည်းကောင်း။ အစအလယ် အဆုံးအရင်း အများကို သိမ်းဆည်း ယူငင်မှတ်သား၍ ပြေအောင်။ လည်လည် ပတ်ပတ် မိန့်တော်မူ။ ဆိုအပ်သောစကားကိုချန်ကြွင်း၍ လည်းကောင်း။ အပိုင်ဖြတ်၍လည်းကောင်း။ အမျက်အားဖြင့်ဖြင်းစွာ လည်းကောင်း။ မိန့်တော်မမူလင့် ဟုလိုသည်။ စကားသည်ပတ်မှ။ တဖက်သားနားလည်မည်။ နားလည်မှငါတို့လိုအပ်သော အကျိုးကြီးမည်။ ထိုကြောင့် စကားတခွန်းမည်ရာသည်ကား။ ဟိတ်။ ဥပမာ။နိဂုံ နိဒါန်း။ သက်သေ။ ပရိယာယ်ဟူ၍။ အင်္ဂါခြောက်ပါးနှင့် ပြည့်စုံမှ။ စကားတခွန်းမည်ရာသည်ဟူ၍ဆိုလိုသည်။ အစကဆိုသော စကားသည်။ အလယ်တွင် ကျယ်လှများလှသောကြောင့်။ အရင်းစကားပျောက်မည်စိုး၍။ အဆုံးတွင်အစ။ စကားကိုဆိုပြန်ခြင်းသည်။ လည်၍ပတ်သည်မည်၏။ ထိုကြောင့်မြတ်စွာဘုရားသည်။ ချစ်သားရဟန်းတို့။ ယခုဘုရားအဖြစ်၌သာ။ ငါပညာကြီးတော် မူသည်မဟုတ်။ မဟောသဓာဖြစ်သော အခါ၌လည်းပညာကြီးသည့်သာဟုမိန့်တော်မူ၍။ မဟောသဓာ အကြောင်းကို အကျယ်ဟောတော်မူ၍။ အဆုံးသို့ ရောက်မှ။ စကား ပျောက်မည်စိုးသောကြောင့်။ ယခုသာပညာ ကြီးသည်မဟုတ်။ ရှေးကမဟောသဓာ ဖြစ်သောအခါလည်း။ ပညာကြီးသည်သာဟူ၍ အစကမိန့်တော် မူရင်းစကားကို သိမ်းပြန်သတည်း။ ဤသို့အစအလယ်အဆုံးကို။ စီစီလျှော်လျှော် ဆိုခြင်း ပြောဟောခြင်းသည်။

အလောင်းနှင့်။ ငါတို့ဘုရား အလောင်းတော်သည်။ ဘုရားအလောင်းတော်ကာသင် ရန်ညှိုးမဖွဲ့ သော်လည်း။ ရှင်ဒေဝဒါတ်အလောင်းကာ ရန်ညှိုး ဖွဲ့သောကြောင့်။ ကမ္ဘာငါးရာပတ်လုံးရန်ဖက်စေတ ဖြစ်ရချေသည်။ ထိုကြောင့်။ ရန်စကို တိုအောင်။ ချစ်စကိုရှည်အောင်နှလုံးထားတော်မူ ဟူ၍ဆိုလိုသည်။ နှလုံးပြုစေချင်ဖွယ်သောဟူ၍ အဆုံးနှင့် မိန့်တော်မူ သောကြောင့်။ နှလုံးထားတော် မူစေချင်သည့် ဟူသောစကားကို ဖန်ကိုယှည့်ရမည်။ ။အလည်အပတ်ဟူသည့်ကား။ မင်းတပါးတို့သို့တမန့်သော် လည်းကောင်း။ မင်းသားမင်းမြေး အမှူးအမတ်၌မိန့်တော်မူခင်းရှိသော်လည်းကောင်း။ အစအလယ် အဆုံးအရင်းအများကို သိမ်းဆည်းယူ၍ မှတ်သား၍ ပြေအောင်။ လည်လည် ပတ်ပတ်သိန်းတင်မူ။ ဆုံအပ်သောစကားကို ချန်ကြွင်း၍လည်းကောင်း။ အပိုင်ဖြတ် လည်းကောင်း။ အမျက်အသားဖြင့်ဖြင်းစွာ လည်းကောင်း။ မိန့်တော် မူလင့် ဟူလိုသည်။ စကားလည်ပတ်၍။ တဖက်သားနားလည်မည်။ နားလည့်မှငါတို့လိုအပ်သော အကျိုးကြီးမည်။ ထိုကြောင့် စကားတခွန်းမည်ရာသည်ကား။ ဟိတ်ဥပမာ။ နိဂုံးနိဒါန်း။ သက်သေ။ပရယုတ်ဟူ၍။ အင်္ဂါခြောက်ပါးနှင့်ပြည့်စုံမှ။ စကားတခွန်းမည်ရာသည်ဟူ၍ဆိုလိုသည်။ အစကဆိုသော စကားသည်။ အလယ်တွင်ကျယ်ဖွယ်များဖွယ်သောကြောင့်။ အရင်းစကားပျောက်မည်စိုး၍။ အဆုံးတွင်အစ။ စကားကိုဆိုပြန်ခြင်းသည်။ ထည်၍ပတ်သည်မည်၏။ ထိုကြောင့်မြတ်စွာဘုရားသည်။ ချစ်သားရဟန်းတို့။ ယခုဘုရားအဖြစ်၌သာ။ ငါပညာကြီးတော်မူသည်မဟုတ်။ မဟောသဓာ ဖြစ်သော ခါလည်း။ ပညာကြီးသည့်သာဟုမိန့်တော်မူ၍။ မဟောသဓာ အကြောင်းကို အကျယ်ဟောတော်မူ၍။ အဆုံးသို့ရောက်မှ။ စကားစပြောက်မည်စိုးသောကြောင့်။ ယခုသာပညာ ကြီးသည်မဟုတ်။ ရှေးကမဟောသဓာဖြစ်သောအခါ၌လည်း။ ပညာကြီးသည်သာဟူ၍အ

စကားမိန့်တော်မူရင်း စကားကိုဆိမ်းဖြံ့ သတည်း။ ဤသို့အစ အလယ်အဆုံးကို၊ စီစီလျော်လျော်ဆိုခြင်း ပြောဟောခြင်းသည်၊ လည်ပတ်သည့်မည်၏၊ ။အလွတ်အမိဆိုသည်ကား၊ သည်သူကို စေပါခန့်ထားသော်လွတ်မည်၊ သည်သူကိုစေပခိုင်ခန့် ဖြိုရွာကျေးစားထည့်သေသိ၊ မိရမည်ဟူ၍လည်းကောင်း။သည် အခင်းကို။သည့်နှယ်ကြီးသော်လွတ်ချိမ့်မည်သည့်နှယ်ကြီးမှင်းချိ မည်ဟူ၍သည်းကောင်း။သည့်ဥစ္စာကိုငါတို့သို့မရောက်ဘဲလွတ် အောင်ပြုရသင့်မည်။သည်ဥစ္စာကိုမူကား။ မိအောင်ရအောင်ပြု ရသင့်မည်ဟူ၍လည်းကောင်း။ နှလုံးပြုတော်မူဆိုလိုသည်။ မရ တန်မရောက်တန်သည်။ဥစ္စာသည်ရချေရောက်ချေသော်၊အမှုအ ရာများခြင်း၊ ဘေးအန္တရာယ်ရောက်ခြင်းဖြစ်ချေသည်။ သိန်း၊ ကာမိန်း၊ဒေဝိန်းပကုတ်တို့သည်၊ ဗိဒေဟာရာဇ်မင်း၏ဥစ္စာ၊ ရွှေ နှားချောင်း၊ ရွှေပန်း၊ရွှေခြင်း၊ ရွှေဥဒေါင်းကျင်ကို ခိုး၍၊ မ ဟောသဓာ အိမ်မှာရောင်း ဖွာသောအခါ၊ အမရာသည်။ထို ဥစ္စာတို့ကိုဝယ်လိုက်၍၊ခည့်သည့်နေ့တွင်၊ မည်သည့်၊သူ့အိမ် ကမည့်သည့်ဥစ္စာကို မည်သူရောင်းဖွာသည်ဟူ၍ စာရင်းမှတ် လျက်ဗိဒေဟရာဇ်မင်းသို့သက်မှ၊ မဟောသဓာ မခိုးကြောင်း ကိုဗိဒေဟရာဇ်မင်းသိ၍ ချမ်းသာရသတည်း။ ထိုကြောင့်ရမိ အောင်ပြုတန်သော ဥစ္စာကိုရမိအောင်ပြုရသတည်း။ ခိုးသူတို့ ကဥစ္စာမူကားပေးဖွာသော်လည်း၊မယူမဲ့ဖွင်းလွှတ်အောင်သာ ပြုရသည့် အဝတွင်သရက်မင်း၊ခေါင်သားသတ္တုံးမင်း၊ဗျားယော ဗတော်မင်း၊ကြိဗ္ဗာစေဝ်ကဲ့သက်ထက်။ ယောက်ဖတော်အကြီး တခေါင်းစား သီဟပတေ့။ ယောက်ဖတော် အလတ်ဥဇ နာ။ ယောက်ဖတော် အငယ်သိင်္ဂသူ။ အမြင့်စား တရဖျား ညောင်ရမ်းစား ဓမ္မယျတဖြိုး။ အတိုးရာဇာဘွဲ့စေရလေလင် အတုံ့နှင့်၊တပါယ်ကိုဘားသသူ့သိင်္ဂသူစောင့်သောင်း၊ သည်ခြောက် ယောက်တို့ကိုယက္ခုပိုင်ကိုပေးမည်ဟူ၍၊ အတိုးရာဇာကိုတိုင် ပင်ခတော်မူသေး၊ ယောက်ဖတော်သုံးပါးတွင်၊ သီဟပတေ့ကို

ထည့်တော်မူသော်၊ ကြိုးရှည်လုံးစားသော မြင်းကဲ့နွားကဲ့သို့၊ အရှင်နှင့် ဝေးသော်လည်း၊ ခုည်းသည့် ဖြစ်ရာ၏၊ ရပ်ရွာ၌နေသောသူတို့အားလည်း၊ ညောင်ပင်ကြီးအရိပ်တွင်ခိုဖို့ရ သကဲ့သို့ရှိ၏ အရှင်ဘုန်းလက်ရုံးတော်မူကား၊ ထွန်းတောက်ပအောင် မထွတ်နိုင်၊ သတိုးသိင်္ဂသူကို ထည့်တော်မူသော်ကား၊ တခဏတို့တွင် ဘုန်းလက်ရုံးတော်တို့သည်၊ ဝရမိန် ဝင်ကဲ့သို့အလွန် ထွန်းတောက်ပမည်၊ အရှည် စီးပွါးမူကား၊ ကျွန်းထင်းတွင်ရေချိုသကဲ့သို့ရှိမည့် ထင်သည်၊ ဥက္ကနာကိုထည့်တော်မူသော်ကား၊ ဘုန်းတော် လက်ရုံးတော်လည်း အရှည့်ထွန်းတောက်ပမည်၊ ရပ်ရွာ၌နေသော သူတို့အားလည်း ကြက်မယောင်ရှည်သားကို ရုပ်သကဲ့သို့ရှိမည်၊ တရုပြားဇေယျာဘဖြာ၊သိင်္ဂသူစသည်နှင့်တို့ကို ထည့်တော်မူသော်ကား၊ အရှင်သူကြီးငိတ်ဘောမှာသာအရင်၊ ကျွန်တော်ဖိတ်တွင် မူကား၊ နှမ်ရုပ်ဌက်ပယ်သည်၊ မှူးရှိန်၍ ပျံသော ဟင်္သာကဲ့သို့ထင်မိသည်ဟု၍ရှေ့ဇာထူးလေသည်၊ဤကဲ့သို့လွတ်မည်သူမင့်သူအမှူးအမတ် မင်းဆွေမင်းမျိုး တို့ကိုလည်းကောင်း၊ ကိုယ်တော်ကိုလည်းကောင်း၊ နှလုံးထားရာသည် ဆိုလိုသည်၊ မင်းကြီးစွာလည်းအစိုးရာဇာပေး စေမိလိုသသူကိုမပေးဘဲ၊ ထလုတ်စားစောမဲကိုယကွ်ျပြင်ကိုပေး၍ သွားခန်းတွင်ကြောင်ကဲ့သို့လည်းကျင့်လေညောင်ကဲ့သို့လည်းကျင့်လေ၊ မှာလိုက်သည့်ကိုယကွ်ျပြင်သို့ရောက်လျှင်၊ အိမ်တွင်ရှိသမျှ ကြောင်၊ တောမှာ ရှိသမျှကြောင်ကိုစား၍ သတ်လေ၏၊ မြို့တွင်းမြို့ပြင်၌ ရှိသောညောင်ပင်ဟူသမျှကိုခုတ်၍ ဆင်စာကျွေးလေ၏၊ ထိုသို့လျှင်ယကွ်ျပြင်သားတို့သည်၊သည်မင်းမင်းပြုသည်၊ယကွ်ျပြင်တွင်ကြောင်လည်းကုံ၍ဟုပုံးဘန်သောကြောင့်တည်း၊ ၊အသိအမြင်ဆိုသည့်ကားတပါးမြို့ပြင်နိုင်ငံမင်းတို့၏ အလုပ်အကြံ အကြောင်း၊ အခြင်းကိုလည်းကောင်း၊ မိမိနိုင်ငံတွင် အမှူးအမတ် မင်းဆွေမင်းမျိုးတို့၏ အလုပ်အကြံအမှု အရာတို့ကိုလည်းကောင်း၊ သိမြင်မည်

အကြောင်းကို နှလုံးထားတော်မူ ဆိုလိုသည်။ မဟောသဓာ
သည်ရှင့်ဇာတ် ဖြဟ္မဒတ်မင်း၏ အမူအရာအကြံ အစဉ်ကိုသိ
အောင် ရှင့်ဇာတ်မင်း အထံမှာ သူလျှိုထားခြင်း။ ကျေးသားကို
စေခြင်းအစရှိသည်ကိုပြသကဲ့သို့ သိမြင်အောင် နှလုံးထားရာ
သည်ဆိုလိုသည်။ တချက်လည်းသည့်သူသည် အသိအမြင်ရှိ
သသူ။ သည်းသူသည်မရှိသေးသသူဟူ၍။ လူ၏လက္ခဏာကိုနှ
လုံးထားရာသည် ဆိုလိုသည်။ မင်းတို့၏နှာခံတော် သံထောက်
တို့သည် အသိအမြင်မည်၏။ ရာမမင်း။ သိဟိုဠ်ကျွန်းတွင်ဖေ
လာရကျေးမင်းတို့သည်။ ညည့်အခါတယောက်ခြင်းပင် ဖြည်
မှုရှုခဝန်ကိုသိရအောင်မြို့ကိုလှည့်၍နှားထောင်ဘူးသည်။ ။အ
လျှင် အနှေးဆိုသည်ကား။ လျှင်လျှင်ပြုသောအခင်း။ နှေးနှေး
ပြုရာသောအခင်းကို နှလုံး ထားရာသည် ဆိုလိုသည်။ မင်း
ကြီးစွာလက်ထက် မိုးညင်းအုံးဘောင်စားခိုင်မိုင်နှင့်၊ ကလေး
စားသိုကြောင်ပွါးနှင့် တိုက်ကြ၏။ မိုးညင်းအုံးဘောင်စားက
လည်းကျွန်တော်တို့ကကျူပါ။ ကထေးကို လက်ဆောင်တော်
ဆက်ပါမည်၊ ကလေးတို့ကလည်း ကျွန်တော်တို့ကကျူပါ။ မိုး
ညင်းအုံးဘောင်ကို လက်ဆောင်တော် ဆက်ပါမည် ဟူ၍
လျှောက်ကြသောကြောင့်၊ အဘိုးရာဇာကို တိုင်ပင်သော်ရှင်
မင်းကြီး လျှင်လျှင် ဆောဆော ပြုသင့်သော အရေးလည်းရှိ
သည်။ နှေးနှေးဖြည်းဖြည်း ပြုရာသောအရေးလည်း ရှိသည်။
သည်အရေးမှုကား တိုလူးတို့လူတို့ ဆိုသကဲ့သို့။ အလျှင်မလို
သင့်။ နှေးနှေးဖြေးဖြေး ပြုရာသောအရေးဖြစ်သည်။ ရှေးသော
အခါ တယောက်သောသူသည်။ ရာထွန်၍နေခိုက်။ အပေါ်တွင်
တောကြက်နှစ်ချွတ်ကြသည်။ ထိုတောင်သူသည်။ သင်းတို့
နှစ်ခုမပန်းသေးဘဲကိုငါပမ်းချေသော်၊ ရာထွန်ကိစ္စလည်းပျက်
မည်။ သင်တို့လည်းလွတ်ချိမ့်မည်၊ ပန်း၍ပမ်းသော်ကား၊ ငါ
လည်းရာထွန်၍ တွင်မည်။ လင်တို့ကို လည်းရမည်ဟူ၍ ရာ
ထွန်၍နေလေ၏။ နှစ်ခုချွပ်ကြ၍ ပန်း၍ ခြေကို ကိုင်ကာသာ

ကြောက်နှစ်ရကို ရဘူးလေသော ထုံးကို နှစ်လုံး ထားတော်မူသင့်သည်ဟူ၍ လျှောက်၏။ မင်းကြီးလည်း အဘိုးရာဇကျော်သောစကားကို ယူ၍နှစ်ပြုံ လုံးကိုပင် မကျဘဲနေလေ၏။ နှစ်မြှုလုံးတို့ကိုကြ၍ပန်းမှ လွယ်အိတ်တော်မှ ထုတ်၏။ သည်ကဲ့သို့ဖြည့်ရေးထဲ စနှင့် စီးပွါးစင်ရေသောအရေးကိုမူကား ငွေငွေဆွယ်ဆွယ် နွေးနွေး ဖြည်းဖြည်း ပြုရာ၏။ ကုသိုလ်ကောင်းမှုပြုရမည်အရေးဖြစ်မူကား လျှင်လျှင်ဆောဆော ပြုရာသည်။ နွေးနွေးဖြည်းဖြည်း ပြုရသော်ကား ဟုတ်ခြင်း မရှေ့ရောက်တတ်သည် ပြါစိတ်ကိုဖြစ်တ ထတတ်သည်ဟူ၍ ဗုဒ္ဓရားဟောတော်မူလေသည်။ ရာဇပြိုဟ်ပြည်နှင့် ဝေသာလီပြည် စပ်ကြားတွင်။ ဘောင်တခုမှာ ခါတခါရွှေထွက်သည်၊ ဝေသာလီမင်းတို့မှာကား အဆောတလျှင်ယူသောကြောင့်။ သုံးကြိမ်ဘုံးအောင် ရွှေအားလုံးကိုရလေသည်။ အဇာတသတ်မင်းကား။ နွေးနွေး ဖြည်းဖြည်းပြုချေသောကြောင့်။ သုံးကြိမ်လုံးပင် ရွှေကိုမရချေ။ ထို့ကြောင့်နွေးလျှင်အကျိုးခံရမည်အရာ၊ လျှင်လျှင် အကျိုးခံရမည်အရာကိုနှလုံး သွင်း၍ နွေးကောင်းသော အရာလျှင် ကောင်းသောအရာကို နှလုံးပြုတော်မူဆိုလိုသည်။ အသေးအပေါ့ဆိုသည်ကား အမှုကြီးငယ်၊ အဖြစ်ကြီးငယ်တို့ကို စိစစ်၍လေးသောအခင်း။ လေးလေးစီရင် ရာသောအခင်း။ ပေါ့သောအခင်း။ ပေါ့ပေါ့စီရင်ရာသော အခင်းတို့ကို။ နှလုံးပြုတော်မူဆိုလိုသည်။ လေးရာသောအခင်းတို့ကိုပေါ့ပေါ့ပေါ့ချသော အခင်းကို အလေးစီရင်ခြင်း ပြုသော်။ အမှုလည်းမငြိမ်းမပြီး။ အဆင်အရေးပညာမရှိမထိမ္မာရာလည်း ကျချေသည်။ ဂုဏ်တွင်အမတ်ဘယောက်သည်တရားသူကြီးဖြစ်၍ တရားပေါသောအခါ၊ နေရာကိုရွှေထည့်သည်။ ထိုအကြောင်းကို မင်းကြား၍ အမတ်ကိုမေးသော်။ တရားပေါသခင်တို့ နေရာကိုထည့်ရွှေထည့်သည်။ ကျွန်တော်သည်၊ တရားစီရင် သသူရင်းဖြစ်ပါသောကြောင့်။ နေရာကို ရွှေထည့်ပေးသည် ဟူ၍

လျှောက်၏။ မင်းလည်းသည်အမတ်အမှုအရာသည် မသင့်ဟု ချီးညွှန့်ပရိက္ခရာနှင့်ပြည့်ပြီးမှ သားမယားနှင့်တကွ။ အမတ်ကို ယက်ကျိုင်ဘုရားကြီးမှာလှူလေ၏။ ဤသို့အပြစ်နှင့် လျော်စွာအလေးအပေါ့ကိုထောက်၍စီရင်ခြင်းသည်လည်း ကောင်း။ ကောင်းမှုမကောင်းမှုကို လေးရာပါ့ရာ သည်ကိုဆင်ခြင်ခြင်းသည်လည်းကောင်း။ အလေးအပေါ့ကို နှလုံးပြုသည် မည်၏၊ အလျော့အတင်းဆိုသည်ကား၊ လျော့လျော့ပြု၍ပြီးစီးအောင်မြင်သည်အရာ။ တင်းတင်းပြု၍ပြီးစီးအောင်မြင်သည့် အခင်းအရာတို့ကိုနှလုံးပြုတော်မူ ဆိုလိုသည်။ တင်းလွန်းလျှင် လည်းဖြတ်မည်ကို နှလုံးထားရာသည်။ အလျော့ဆိုသည့်အရာ။ အသိမ်အမွေ့ အနူးညွတ်ဆိုသည့် အရာသည်။ အသိသာကြွဲသည်အကြောင်းအရအတူတူပင်ဖြစ်သည်။ အကောင်းအမာ အကြမ်းအပြင်းဆိုသည်စကားလည်းအတူတူပင်ဖြစ်သည်။ သစ္စာညာဖြတ်စွာဘုရားလည်းအနူးအညွတ်အသိမ်အမွေ့။ အသာအလျှော့ဆုံးမ၍ကျွတ်မည်သူ။ အကြမ်းအပြင်းအကောင်းအမာဆုံးမ၍ ကျွတ်မည်သူကို၊ ထိုသူတို့အလိုသို့လိုက်၍ဆုံးမတော်မူသည်။ ပြည့်ရှင်မင်းတို့မှာလည်း ထိုကဲ့သို့အလျော့ပြု၍ နိုင်မည်အရေး၊ အတင်းပြု၍နိုင်မည် အရာတို့ကို နှလုံးပြုရာသည်။ အဘတွင်ဓါရင်နရပတိသည်တလိုင်းမင်း၊ သားဖြူသားယုန်းကို ငယ်ကပင်မြေခွင်းဘော်တွင်ထား၍ပြုရတော်မူသည်။ အရွယ်သို့ရောက်လျှင်။ တလိုင်းပြည်းကျေးပယ်တွင်။ ဧသမြို့ကိုသနားတော် မူ၍သူကောင်ပြုတော်မူသည်။ တလိုင်းမင်းမဲ့လျှင်၊ မင်းပြုမည်သူမရှိသောကြောင့်၊ ထိုလိုမင်းသားကိုခေါ်၍ မင်းမြှောက်သော်၏။ မင်းဖြစ်ပြီလျှင်။ အရှင် နရပတိသို့ ထက်ဆောင် ဘော်ဆက်မည်ဟု၍ကွမ်းထောင်းသောက်ရေတင်ရေအိုး။ အဝုသသိန်မဟာဝမ္မဒေဝီ မိဖုရားခေါင်ကြီးကိုထည့်၍။ တပြည့်စွဲဝင်သောရွှေကွန်းရုတ်တွင်ပုလဲအပြည့်ထည့်၍။ မယ်တော်မိဖုရားခေါင်ကြီးသည်ဖုလ်ကိုထုတ်၍ ကွမ်းစားတော်ခေါ်စေသော

ဟူ၍အရှုထုံးဘုရား ဗိုတ်နှင့်တကွဆက်လိုက်၏။ ဆက်လိုက်သည့် စကား။သားတော်ရာဇာဓိပ္ပတိမည် ရှိသော တရားမင်းကြီး ကြား လျှောက်ပါသည်။ ခမည်းတော် အရှင်နှင့်။ ခမည်းတော်လည်း ခမည်းတော် နိုင်ငံကာနေခဲ့သော်မူ။ အကျွန်ုပ်လည်း အကျွန်ုပ်နိုင်ငံကာနေခဲ့သည်။ မျက်နှာတော် ကိုလည်း အကျွန်ုပ် မြင်ခြင်သည်ဟူ၍ တပါးလိုက်၏ ထိုပေးလိုက်သော စကား ကို ပညာရှိတယောက်သည်မသင့်ဟုဆိုပြီ။ အဘယ်သို့မထင့် သနည်းဟူမူ ဘုရားသျှင်ဇည်းဘဝရှင် နရပတိ၏ ကျေးဇူးကို ခံတော်မူဘုရားသည်။ ထိုသို့ ခံတော် မူဘုရားသော ကြောင့်။ မ သင့်။ ခမည်းတော်လည်း ကိုယ်တိုင်တွေ့သောအခါ။ ရှေးကရှိ သဘောင်းဖြစ်သေးကြောင့်။ ငါ့သားသည် ငါ့ကို ရှိသေမြဲရှိ သေလတ့်သည်။ တူ၍ ဆိုလေရာသည့် သျှင်ထိုလည်း ရှေး ကသော်ရွာ ရှိသော် ယခုမူကားမိဘအရာကိုရ၍ ငါ့မင်း ဖြစ်ပြီး ဖြစ်သောကြောင့်။ ခမည်းတော်ကို ရှိသေ ခြင်သော် လည်း။ သားစဉ်မြေးဆက်ကဲ့ရဲရာ ဖြစ်ခဲ့သည်ဟူ၍။ ဤသို့ နှစ်ပါးသော အချင်းအရာဖြင့်တွေးတော် မူကောင်းသည်ဟူ၍ လျှောက်၏။ ပညာရှိကျွန်းသည်။ ထိုပညာရှိ၏စကားကို ကောင်း လှန်း၍ဖြင့်မြန်လော်။ကြားလျှောက်လိုက်၏။ စကားကိုမထည့် လိုက်ပေ။ ဘဝရှင်နရပတိလည်း အထင်တော် ပါးတွင် နေ၍။ စားတော်စား။ ကွမ်းထင်ကိုလည်း ပေးတော် မူသည်။ ထိုပေး တော်မူ၍။ မှိုနိုဘုရားသော သူသည် မင်းဖြစ်ပြီဟူ၍။ ထောလော ချင်းကို အနိမ့်အမြင့်မပြုဘဲ ပြေးလေသည်ကို ကြားသော်။ အ လွန်သောက်သဘောရှိလျှင်မူလည်း။ မကိုင်းမညွတ်နိုင်သော အ ရာကို။ ကိုင်းညွတ်အောင်ပြုမှဖြင့်။ ကိုယ်စိတ်၏ ပင်ပန်းကာ သာဖြစ်ချေသည်။ ယေ တခါရှိသဖြင့်။ ငါ့သားသျှင်အားကား ငါ့ကိုမခင်ပခင်အရှင်ကဲ့ ပို့မှာသည်။ ယင်းသို့ကြောင့်။ ရှေး ကအရှိအသေ အကျိုးနှင့် ကျင့်ဘုရားသောအလို ကိုလိုက်၍။ အရှိအသေနှင့်တကွ စာပေးလတ့်သည်ကို ငါ့ဖိုးသည်။ ယခု

မူကား။ မင်းကြေရာဇာ၏ပြီးပြီ၊ တင်းတင်းကြွင်ကြွင် စာပေးသည်ကို အလွှာပင်ဝင်အမြ ကြက်သည့်ဟူ၍။ ရွှေဘုံလျှာ မိန့်တော်မူ၏။ သိုကား၍၊ တလိုင်းမင်းဘာ နှစ်တိုင်း မပြတ် လက်ဆောင်တော်ဆက်၏။ တံသာဝတီဆင်ဖြူရှင် မင်းတရားကြီး လည်း။ ရှမ်းပြည်သို့ ချီတက်တော်မူသောအခါ။ မိုးကောင်း စော်ဘွားဝင်သည်။ မိုးကောင်း အရှေ့ချောင်ကိုလည်း တံတားကြီးလုပ်၍အစောင့်နှင့်ထား၏။ ဆင်ဖြူရှင် မင်းတရားကြီးတပါး မြို့သို့ကြွ သည်းခဲ့ ၍။ မိုးကောင်းမင်းပုံ ကန့်၍ တံတားတွင်စောင့်သသူကိုသတ်နှင့်လေ၏။ ဆင်ဖြူရှင် မင်းတရားကြီး ကြွ ဘော်မူ၍အပြန်တွင်။ မိုးကောင်းသို့မရောက်မှီ။ မိုးကောင်းမင်းသို့ စာနှင့်လူစေလိုက်၍။ စကား မိုးကောင်းစား အစ်ကိုသည်။ ငါမတိုက်မျက်ရတဲပင် ငါသို့ဝင်ပေသည်။ ယခု ငါကို ဝန်ကန်၍တံတားတွင် ငါကစောင့် ထားသသူကို သတ်သည် ဟူ၍ငါကြွဘော်မူသေပီလည်း။ မိုးကောင်းစားသည်။ သည်ကဲ့သို့မပြုရဟူ၍ငါယုံတော်မူ။ ငါလည်းရောက်တော် မူလာမည်ဟူ၍အလျှော့ အသာစာပေးလျှင်။ မိုးကောင်းစားသည်။ ကျွန်ုပ်မြစ်ဝှန်၏။ သံဘရ မင်းသားသည် နှုတ်တက်တော် မူပြီးလျှင်။ နောင်တော် ကိုးကြိမ် ကိုးယောက်တို့ စပ်ဖြူမည်ဟူ၍ ဝန်းရံလာအခါ။ ဥဇ္ဇ ပဒိုကြွရာ ဆက်ကာ၍။ နောင်တော်တို့ကို အလျော့ခံသဖြင့်။ နောင်တော်တို့စိတ်ပြေ၍ မင်းပြုရ လေသည်။ အသင့်အာ ဖြင့်ကား။ သူတပါးသည်အားနည်း၍။ ငါတို့အောက်လျှော့မူ။ အဘင်းအကြွ်အမာပြု၍အောင်မြင်ပြီးစီးရာ၏။ အားကြီးမူကား၊ အလျှော့ခံ၍ အောင်မြ ပြီးစီးရာ၏။ ဤသို့လျှင်အမထေးပြုထားသောအရာတို့ကိုနှလုံးသွင်းတော်မူလိုသတည်း။ ။

အတွင်း အပ ဟူသည်ကား။ အဘွင်းနှိပ်ပြုရာသော အမှုအတွင်းသွင်း၍ ဇါရာသမူ။ အပမှ သာထား၍ ဗေပါရ သသူတို့ကိုသည်းကောင်း သည်လူကား အတွင်းသာဖြစ်သည်။ သည်လူကား အပသားဖြစ်သည်ဟူ၍။ အတွင်းသားလျှင် အတွင်း

ညဥ့်အခန်းဘောင်ကို သက်ဆောင်တော် ဆက်ပါမည် ဟူ၍ လျှောက်ကြသောကြောင့်၊ အတိုးရာဇာကိုတိုင်ပင်သော်။ ရှင်မင်းကြီး လျှင်လျှင် ဆောဆောပြုသင့်သော အရေးလည်းရှိသည်။ နှေးနှေးဖြည်းဖြည်း ပြုရာသောအရေး လည်းရှိသည်၊ သည့်အရေးမှာကား၊ ဘီလူးတို့လူတို့ဆိုသကဲ့သို့၊ အလျှင်မလိုသော နှေးနှေးဖြေးဖြေး ပြုရာသောအရေးဖြစ်သည်။ ရှေးသောအခါ တယောက်သောသူသည်၊ ရာဝတ္ထုနှံ့၍နေနိုက်။ အပါးတွင်တောကြွက် နှစ်ရှဉ့်ကြသည်။ ထိုတောင်သူသည်။ သင်းတို့နှစ်ရှမပန်းစေသားဘဲကိုငါဖမ်းချေသော်၊ ရာဝတ္ထုကိုလည်းပျက်မည်။ သင်တို့ထည်း လွတ်ချိန့်မည်။ ပန့် မှပမ်းသော်ကား၊ ငါလည်းရာဝတ္ထုနှံ့၍တွင်မည်။ သင်တို့ကိုလည်း ရမည်ဟူ၍၊ ရာဝတ္ထုနှံ့၍နေသော်၊ နှစ်ရှဉ့်ကြ၍ပန်းမှ။ မြေကို ကိုင်ကာသောကြွက်နှစ်ရ ကိုရဘူး ထေသာထုးကို နှမ်းလုံးထား တော်မူသင့်သည်ဟူ၍လျှောက်၏။ မင်းကြီးသာလည်း၊ အတိုးရာဇာလျှောက်သောစကားကိုယူ၍နှစ်မြှုလုံ ကိုင်၊ မထုးကဲနေလေ၏။ နှစ်မြှုလုံ တိုက်ကြ၍ ပန်းမှာ အလွယ်သိမ်းတော်မူမူ၏။ သည့်ကဲ့သို့ ဖြည်းဖြေးတဲ့စနှင့်ပီးပွါးစဉ်သောအရာကိုမူကား၊ ငွေ့ငွေ့လွယ်လွယ်နှေးနှေး ဖြည်းဖြည်း ပြုရာ၏။ ကုသိုလ် ကောင်းမှုပြုရမည့်အရာဖြစ်မူကား လျှင်လျှင်ဆောဆောပြုရာသည်၊ နှေးနှေးဖြည်းဖြည်းပြုချေရသော်ဝန်တိုခြင်းမနော ယာဖိတ်သည်၊ သဒ္ဓါစိတ်ဘို့ ဖြက်တတ်သည် ဟူ၍၊ ထရားတော်၌ လာသည်၊ ရာဇဂြိုဟ်ပြည်နှင့် ဝေသာလီပြည် စပ်ကြားတွင်၊ တောင်ထရ၄တခါထခါရွေ့ထွက်သည်၊ ဝေသာလီမင်းတို့မူကား၊ အခဆောတလျှင်ယူသောကြောင့်၊ သုံးကြိမ်တိုင်အောင် ရွှေအားလုံးကိုရလေသည်၊ အဇာတသတ် မင်းကား၊ နှေးနှေးဖြည်းဖြည်းပြုချေသောကြောင့်၊ သုံးကြိမ်လုံးမစ်ဖွဲ့ကိုမရချေ၊ ထိုကြောင့်၊ နှေးလျှင်အကျိုးခံရမည်အရာ၊ လျှင်လျှင် အကျိုးခံရမည်အရာကိုနှလုံး သွင်း၍၊ နှေး ကောင်းသော အရာလျှင် ကောင်း

လေသအရာကို၊ နှလုံးပြုတော်မူ ဆိုလိုသည်။ ။အလေးအ
ပေ့ါ ဆိုသည်ကား အမှုကြီးငယ်၊ အပြစ်ကြီးငယ်တို့ကိုစိစစ်
၍ လေးသော အခင်း။ လေးလေး စီရင်ရာသော အခင်း။ပေါ့
သောအခင်း။ ပေါ့ပေါ့စီရင် ရာသောအခင်းတို့ကို၊ နှလုံးပြု
တော်မူဆိုလိုသည်၊ လေးရာသောအခင်းကိုပေါ့ပေါ့၊ပေါ့ရာ
သော အခင်းကို အလေးစီရင်ခြင်း ပြုချေသော်၊ အမှုလည်းမ
ပြီမ်းမပြီး။အဆောင်အချင်ပညာမရှိမလိမ္မာရာသည်၊ကျချေသည်၊
ပုဂံတွင်အမတ်ထယောက်သည်။ တရားသူကြီးဖြစ်၍ တရာစီ
ရင်သောအခါ၊နေ့ရာကိုရှုဘည့်သည်၊ ထိုအကြောင်းကိုမင်း
ကြား၍ အမတ်ကိုမေးသော်။ တရားဟောသခင်တို့နေ့ရာကို
လည်း ရှုသည့်သည်၊ ကျွန်တော်လည်း တရားစီရင် သသူ
ရင်း ဖြစ်ပါသောကြောင့် နေ့ရာကို၊ ရှုထည့်ပေးသည် ဟူ၍
လျှောက်၏။မင်းလည်းသည့်အမတ်အမှုအရာသည်၊ မသင့်ဟု
၍ ဉစ္စာပရိက္ခရာကိုပျက်ပြီးမှသားမယားနှင့်တကွ၊ အမတ်ကို
ယကျွန်ုင် ဆူရားကြီးမှာသလေ၏။ ဤသို့အပြစ်နှင့်လျှော်စွာအ
လေးအပေါ့ကိုထောက်၍စီရင်ခြင်းသည်လည်းကောင်း၊ကောင်း
မှုမကောင်းမှုကို။ လေးရေပေါ့ရာသည်ကို၊ ဆင်ချင်ခြင်းသည်
လည်းကောင်း။ အလေး အပေါ့ကို နှလုံးပြုသည်မည်၏။ အ
လျှော့အဘင်းဆိုသည်ကား။ လျှော့လျှော့ပြု၍ပြီးစီးအောင်မြင်
သည့်အရာ၊တင်းတင်းပြု၍ ပြီးစီးအောင်မြင့်သည့် အခင်းအရာ
တို့ကို နှလုံးပြုတော်မူ ဆိုလိုသည်၊ ဟင်းလွှန်းလျှင်လည်းပြတ်
မည်ကို နှလုံးသားရာသည်၊ အလျှော့ဆို သည့်အရာ၊ အသိမ်
အမွေ့အနှုးအညှ့-ဆိုသည့် အရာသည်။ အသံသာကွဲသည့်အ
ကြောင်းအရအတူတူပင်ဖြစ်သည်။ အတင်း အမာ အကြမ်းအ
ပြင်းဆိုသည့်စကားလည်းအတူတူပင်ဖြစ်သည်၊ သဗ္ဗညုမြတ်
စွာဘုရားလည်း အနူးအညှ့ အသိမ်အမွေ့၊အသာအယာလျှော့ဆုံး
မ၍ကျွတ်မည်သူ၊ အကြမ်းအပြင်းအတင်းအမာဆုံးမ၍၊ ကျွတ်
မည်သူကို။ ထိုသူတို့အလိုသို့လိုက်၍ ဆုံးမတော်မူသည်။ ဖြည့်

ရှင်မင်းတို့မှာလည်း ထိုကဲ့သို့အားလျော်စွာ ပြု၍နိုင်မည့်အရာ၊ အတင်းပြု၍နိုင်မည်။ အရာတို့ကို နှလုံးပြုရာသည်၊ အဝတွင်ဘုရင်နရပတိသည် တလိုင်းမင်းသား ရည်ညွှန်းကျွန်းကိုငယ်ကပင်ခြေချင်းတောင်တွင်ထား၍ ပြုရတော်မူသည်။ အရွယ်သို့ရောက်လျှင်၊ တလိုင်းပြည့်ကျေးစပ်တွင်။ ဒုသမြို့ကို သနားတော်မူ၍၊ သူကောင်းပြုတော်မူသည်၊ တလိုင်းမင်းမရှိလျှင်။ မင်းပြုမည့်သူမရှိသောကြောင့်။ထိုတလိုင်းမင်းသားကိုခေါ်၍မင်းမြှောက်လေ၏။ မင်းဖြစ်ပြီးလျှင်။ အရှင်နရပတိသို့ လက်ဆောင်တော်ဆက်မည်ဟု၍၊ ကွမ်းလောင်းပေါက်ရေတင်ရွှေအိုးအတုလသိရိမဟာဓမ္မဒေဝီ မိဖုရားခေါင်ကြီး၊ ကိုသည်း။ တပြည်ခွဲငင်သောရွှေခွက်ရေပ်တွင် ပုလဲအပြည့်ထည့်၍။ မယ်တော်မိဖုရားခေါင်ကြီးသည်ပုလဲကိုထုံးပြု၍၊ ကွမ်းစားတော်ခေါ်စေသောဟု၍ ရွှေထုံးဘူးပိတ်နှင့်တကွဆက်လိုက်၏။ ဆက်လိုက်သည့်စကား။ သားတော်ရာဇာမိပ္ပအမည်ရှိသော၊ကချားမင်းကြီးကြားလျှောက်ပါသည်၊ ခမည်းတော်အရှင် နရပတိ၊ ခမည်းတော်လည်း ခမည်းတော် နိုင်ငံက နေတော်မူ။ အကျွန်ုပ်လည်းအကျွန်ုပ်နိုင်ငံကနေအံ့သည်။ မျက်နှာတော်ကိုလည်း အကျွန်ုပ်မြင်ခြင်သည်ဟု၍ စာပေးလိုက်၏။ ထိုပေးလိုက်သောစကားကဲ့မည့်ရှိတယောက်သည် မသင့်ဟုဆိုပေ၏။ အဘယ်သို့မသင့်သနည်းဟုမူကား။ အရှင်လည်း ဘဝရှင်နရပတိ၏ ကျေးဇူးကိုခံတော်မူဘူးသည်၊ ထိုသို့ ခံတော်မူဘူးသော ကြောင့်။ မသင့်၊ ခမည်းတော်လည်းကုံက် တိုင်တွေ့သောအခါ ရှေးကရှိသောဟောင်းဖြစ်သောကြောင့်။သားသည့်ကိုရှိသောမြို့ရှိသေလတ္တံ့သည်ဟု၍ မှတ်လေသည်၊ သူရှင်ထိုလည်း ရှေးကပေးသီကားငါရှိသော်၊ ယခုမူကား မိဘအရာကိုရ၍။ ငါမင်းဖြစ်ပြီးဖြစ် သောကြောင့်၊ ခမည်းတော်ကို ရှိခိုးခြင်းသော်လည်း၊ သားစည့်မြေးဆက် ကဲ့ရဲ့ချ ဖြစ်မည်ဟု၍။ ဤသို့နှစ်ပါးသောအကြောင်းအရာဖြင့်၊ ထွေးတော်မူကောင်းသည် ဟု၍

ချောက်၏၊ဗျည်းဘကျွန်းသည်။ ထိုဗျည်းဘရှိ၏ စကားကိုကောင်း
တွန်း၍ဖြင်ဖြန့်လေ၏၊ ကြားချောက်လိုက်၏ စကားကိုမထည့်
လိုက်ပေ၊ ဘဝရှင်နရပတိလည်း၊ အထံတော်ပါးတွင်းနေ၍
စားတော် စားကွမ်း လာဘက်ကို၊ ပေးတော် မူသည်။ ထိုပေး
တော်မူ၍ မှိုဒိုဘူးလေသာ သူသည် မင်းဖြစ်ပြီဟူ၍။ လေးလော
ချင်းကို အနှိပ်အကျဉ်းပြုဘဲ ပြေးလေသည်ကို ကြားသော်၊ အ
လွန် မသင်္ကာဘဲရှိချင်လည်း မကိုင်း မညွှတ် နိုင်သောအ
ရာကို ကိုင်းညွှတ်အောင်ပြုသဖြင့်၊ ကိုယ်စိတ်၏ ပင်ပန်းကာ
သာဖြစ်ချေသည့် အသုံးတော်ရှိသဖြင့်။ သေသောအရှင်အားကား
ကို မိခင် ဖခင်အရှင် ကဲ့သို့မှတ်သည်။ ယင်းသို့ကြောင့်၊ ရှေး
က အရိုအသေ အကျိုးအနွံ ကြင့်ဘူးသောအလိုက်ကို လိုက်၍၊
အရိုအသေနှင့်တကွ စာပေးလတ္တံ့သည်ကို ငါဖိုးသည်။ယခု
မူကားမင်းဇကရာဇ်ပြီပြီ။ တင်းတင်း ကြပ်ကြပ် စာပေးသည်။
ကိုအလွန်မင်းမင်းမြောက်သည်ဟူ၍။ ချော့ချော့ မိန့်တော်မူ
၏။ဟိုကစ၍၊ တလိုင်းမင်းက နှစ်တိုင်း မပြတ် လက်ဆောင်
တော်ဆက်၏။ ဟံသာဝတီ ဆင်ဖြူရှင် မင်းတရားကြီးလည်း။
ရှမ်းပြည်သို့ ချီတက်တော်မူသောအခါ။ မိုးကောင်းစော်ဘွား
ဝင်လာ၏။ မိုးကောင်းအရေး ချောင်ကိုလည်း တံထားကြီးလုပ်
၍အစောင့်ထား၏၊ ဆင်ဖြူရှင် မင်းတရားကြီး တပ်မြို့သို့
ကြွသည်အခိုက်၊ မိုးကောင်းစားပုံကန်၍။ တံထားတွင်စောင့်
သသူကိုသတ်နှင့်လေ၏။ ဆင်ဖြူရှင်မင်းတရားကြီး ကြားသော်
မူ၍။ အပြန်တွင် မိုးကောင်းသို့ မရောက်မှီမိုးကောင်းမင်းသိုစာ
နှင့် လူစေလိုက်၍၊ စကား မိုးကောင်းစား သစ်ကိုသည်။ ငါမ
တိုက်မဖြက်ရဘဲနှင့် ငါ့သို့ဝင်ပေသည်။ ယခု ငါကို ပုံကန်၍
တံထား တွင် ငါ၏ အစောင့်ထား သသူတို့ကို သတ်မည်ဟူ၍၊
ငါကြားတော်မူသော်လည်း၊ မိုးကောင်းစားသည်သည်ကဲ့သို့
ပြုရာဟူ၍ငါယုံတော်မမူ၊ ငါလည်း ရောက်တော်မူလာမည့်
ဟူ၍၊ အလျှော့အသာစာပေးလျှင်၊ မိုးကောင်းစားသည်ကျွန်ခံ

မြိုခံဖြိုနီ၏၊ ထိဝရမင်းသားသည် နန်းတက်တော် မူပြီးလျှင်
နေခင်တော် ကိုကြိုပ်ကိုးယောက်တို့ ဝစ်ပြုမည်ယူ၍ ဝန်းရံ၊
လာခေသာအခါ ဥစ္စာပရိက္ခရာ ဆက်ကပ်၍နေခင်တော်တို့ကိုဖ
ရေချာခံသဖြင့်၊ နေခင်တော်တို့ စိတ်ပြေ၍ မင်းပြုရလေသည်၊
အသင့်အားဖြင့်ကား၊ သူဘ ဂါသည်အားနည်း၍ ဘေးအကျ
ချေမှုအတင်းအကြပ်ခံမှပြု၍ အောင်မြင်ပြီးစီးရ၏၊ အား
ကြီးမှုကားအားထောခံ၍ အောင်မြင်ပြီးစီးရ၏၊ ဤသို့လျှင်အ
လေးပြုကန်သောအရာတို့ကိုနှလုံးထားတော်မူလိုသည်။
အတွင်းအပ ဟုသည်ကား၊ အတွင်း၌ပြုရသော အမှုအတွင်း
သို့သွင်း စေခါခသသူ၊ အပ၌သားထား၍ စေပရသောသူတို့
ကိုလည်းကောင်း၊ ၎င်းလူကားအတွင်းသားဖြစ်သည်၊ သည်
လူကား အပသားဖြစ်သည်ဟူ၍၊ အတွင်းသားလျှင်အတွင်း
သားအလျောက်၊ အပသားလျှင်အပသား အလျောက် ပြုရ
သည်ကိုလည်းကောင်း၊ အတွင်းအပကို နှစ်လုံပြုရသည် ဆို
လိုသည်။ ၎မင်းတယောက်သည်မျောက်တို့ အိမ်ခြာ စောင့်သိ
လျှက်ကိုင်ထည့် ချေသော ကြောင့်၊ ထိုမင်း အိပ် ပျော်စဉ်၊
ပေါင်ထိုင် တွင်စွဲသော ပန်းကုန်း၌ ပိတ်ုံးနားသည့် ကိုသိ
လျှက်နှင့် ခုတ်တော့မည်ဟူ၍ဖိုး၏ အမတ်ပညာရှိ မြင်ခင်၍
သိလျှက်ကို လုမှချမ်းသာရ၏၊ ကြီးနှင့်ခင်ပုဒ် စစ်ဖြစ်ကြ
သောခါ၊ ကျီသည် အကောက်ကြံ၍ ဝင်ထားသည်ကို၊ အတွင်း
သွင်းချေသောကြောင့်၊ ခင်ပုတ်ပျက်စီးလေသည်၊ ဥဒေါင်းနှင့်
ဟင်းသားစစ်ပြုကြ၊ သောခါ၊ စက်ဝက်ငှက်သည် အကောက်
ကြံ၍ဝင်လာသည်ကို၊ အဝင်ခံချေသောကြောင့်၊ ဥဒေါင်းတို့
ပျက်စီးချေသည် မဟောသဓ အနွှဲကားဝင်သွားကို ကြည့်
သောသည်အမတ်ပြု၍၊ ရှုဋ္ဌဏီမင်းအထံမှ ထိ စေသည်ကို အ
တွင်းသွင်း ချေသောကြောင့် ရှုဋ္ဌဏီမင်း ပျက်စီးချေသည်။
ဝသာကာခုပုဏ္ဏားအကောက်ကြံ၍၊ ပင်စားသည်ကို တွင်း
သွင်းချေသောကြောင့်၊ ဝေသာလီပြည်တွင်ထိန္နဝိမင်း တို့

ပျက်စီးချေ၍၊ ဤသည်ကား၊ အပပြုရာမည့်ကိုအတွင်းသွင်း
သောကြောင့် ပျက်စီးချေသည်။ အပကာရပင်ဖြစ်သော်လည်း
လူ၏သက္ကတာကို ထောက်ရှု၍အတွင်းသွင်းသဖြင့်အောင်မြင်
ပြီးစီးသည့် အရာလည်းရှိသည်၊ ရာမမင်းသည် ဘိတ္တာမိဘု
ရားကြောင့် သီဟိုဠ်ကျွန်းကို ခံ၍နေသောခါ၊ ဒသဂီရိဘီးလူး
မင်းညီ၊ ပိပီသနုသည်စစ်ထိုး၍မသင့်ကြောင်း၊ ဘိတ္တာမိဘုရား
ကိုရာမမင်းအား ပေးမည့်အကြောင်းကို အသင့်အတင့်လျှောက်
သည်၊ ဒသဂီရိဘီလူးသည်နှင့်ရာမမင်းကသာပင်း၍ထိုးသည်
ဟူ၍ပရိသတ် အလယ်တွင် ပိပီသနုပါးကို ခြေနင်းနှင့်ရိုက်
လေ၏။ ပိပီသ နုလည်းဝမ်းနည်း သောကြောင့်၊ ရာမမင်းသို့
ဝင်လေ၏၊ ရာမမင်းလည်း သဘောဟုတ်တန် မဟုတ်တန်ကို
သုံးကြိမ်မျှောက်နှင့်တိုင်ပင်သော်၊ ရှင်မင်းကြီးသည့် သူသည်
သူ့ကောင်းလက္ခဏာ ပင် မှန်သည်ဟူ၍လျှောက်မှ၊ အဝင်ခံ၍
အတွင်းသွင်း လေ၏၊ ဒသဂီရိ ဘီလူး လည်းနန်း တွင်း မှာ
ယစ်ပူဇော်မည်ဟူ၍ စီရင်၏၊ ထိုအကြောင်းကိုပိပီသနု သိ၍၊
ရှင်မင်းကြီး ကျွန်ုပ်အစ်ကိုဒသဂီရိ ဘီလူးသည်၊ ယစ်ပူဇော်
မည်ဟူ၍ စီရင်သည့် ခုနစ်ရက်လည်းအောင် ယစ်ပူ ဇော်ရ
သော်သီဟိုဠ်ကျွန်းကို မင်းအပေါင်းပင် စစ်ပြု၍မနိုင် ဆိုချေ
သည်၊ ခု မလည်ခင်သွား၍၊ ယစ်ပူဇော်သော၊ အစီအရင်ကို
ဖျက်ဆီးမှသင့်မည်ဟူ၍၊ လျှောက်သောကြောင့်၊ ဟနုမာန်မျှောက်
ကိုစေတော်မူ၍၊ ဟနုမာန်မျှောက်သည် ကျောက်ကြီးကျောက်ငယ် ဖြင့်
ပိုးကြိသတ်၍ သတ္တဝါအပေါင်းကိုသုတ်သီလေ၏၊ ဒသဂီရိသား
ဣန္ဒဇိတသည် ကောင်းကင်တိမ်ယံ၌ စီးတိုက်သော ခါလည်း
မိန်းမမျက်နှာကို တဆယ်နှစ်နှစ် ပတ်လုံးမကြည့်ဘူး သောသူ
သလျှင်ဣန္ဒဇိတ ကို မြင်မည်ဟူ၍ လျှောက်သောကြောင့်၊ ညီ
တော် လက္ခဏာကြည့်ရာတွင်မှ၊ ဣန္ဒဇိတကိုမြင်သဖြင့်၊ ညွှန်ပြ
၍ရာမမင်းလေးနှင့်ပြစ်၍၊ ဣန္ဒဇိတသေလေသည်၊ ဤအရာ၌
ပိပီသနုသည်၊ အဖဘီလူးဖြစ်လျက်မင်း၊ ရာမမင်း အကျိုးကို

ဆောင်ဘုးလေသည်။ ။တိဿဝတီတွင်ဆင်ဖြူရှင်ဗျည်းဥ ဘမတ်ဝကျိုင်၊ ဆိုသသူသည်၊ ရှင်ဘုရင်မင်းခေါင်မှာ ဝင်ဖှာ၍နေခဲ့ရထာဟူသောအမည်နှင့်၊ စလင်မြို့ကိုပေးတော်မူသည့် နောက်မင်း ခေါင်သားတော် မင်းရဲ ကျော်စွာ၊ ဖလမှာအနိုင် ဖြစ်တော်မူသောခါ။ တယ်ထကာ အပေါင်းကို ရှုပ်စိုး၍၊ အနိုင်နေသောကြောင့်၊ တလိုင်းမင်း ကနေခဲ့ရထာ အစိုးရိုသည်၊ ငမည်း တော်ဘုရား ကျွန်ရင်းမှန်သည်၊ အဝသိုင်ဖြန်သေလ်လည်း။ မကြည့်မရှု သောကြောင့် မှားရသည်ဟူ၍၊ ဘုရင်မင်းခေါင်သည်၊ အစိုးကိုတို့ကို အပြစ်ပြုလိမ်းမည်၊ ယခုငအာပင်းသို့ဝင်ခဲ့ တော့။ မြန်မာမင်း ထက်ဘယ်ဆာ သာ၍ ပြုရမည်ဟူ၍ စေလိုက်သေသ်၊ စလင်း မင်းခေါင် ရထာကမှာလိုက်သည်၊ ငါတို့မြန်မာ မင်းသည်၊ အတိုင်း ထက်အလွန်ပင်သူကောင်း ပြုမသည်။ ငါတို့အရှင်သား တော်ဆုံဖှားသည့်ဆိုရာ မှာထည်း။ ဘုန်းသက်ရုံးနှင့် ပြည့်စုံ တော်မူသသူဖြစ်သောကြောင့် မယုံခထားတလိုင်ပြည်သည် ငါတို့တို့ဘွားအရပ်ဘင်ဖြစ်သေသ်လည်း။ မြန်မာမင်းထမင်းကိုစား၍ မြန်မာမင်းရဲ့ကို သေသက်မိလေ ပြီဖြစ်သောကြောင့်၊ နေမည်ကိုထား၍ တလိုင်းပြည်သို့ မျက်နှာမျှမတ္တည့် ချင်ပြီဟူ၍ မှာလိုက်သည်။ ၍အရာနှစလင်းမင်း နေခဲ့ရ ထာသည်၊ အပသာဖြစ်လျက်။ ဘုရင်မင်းခေါင်အကျိုးတော်ကိုလိုဘူးလေးသည်။ သည်မျှားကိုတောက်သဖြင့်။ အတွင်းသားအပသားဟူ၍ မဆိုသာ၊ အကျိုးလိုရာမှာ အင်ကြောင်းဖြစ်သည်။ အနာသည် ကိုယ်တွင်ဖြစ်လျက်ပင် အကျိုးမဲ့ကို ပြုတတ်သောကြောင့်၊ ရန်သူမည်သည်၊ ဆေးမူ ဘာဒေတာအရပ်မှာ ဖြစ်သေသ်လည်း။ အကျိုးကိုပြုသောကြောင့် အဆွေခင်ပွန်း မည်သထည်း။ ထိုကြောင့် အမှူးအမတ်စသော လူ၏လက္ခဏာအရည်အသွေးကို ထောက်ရှုဆင်ချင်၍၊ အတွင်းပြုတန်သသူအပ ပြုတန်သသူ ကိုလည်း နှစ်လုံးထားရာသည်။ အတွင်းထားတန်သော ဥစ္စာပစ္စည်းများ၊

အပေ ထားတန်သော ဥစ္စာပရိက္ခရာ တို့ကိုလည်း၊ နှလုံးထားရာ
သည်။ ။အဆအမှန်ဟူသည်ကား၊ တွေးဆပြီ ယဒါယ်မာ
ယား ဖြစ်နိုင်အောင် ပြုထားသောအမှု၊ အဟုတ်အမှန် ကောင်းမြင်
သိအောင်ပြု ကြံ့ဖန်သောအမှုတို့ကို။ ရုပ်ဝမ်းထောက်ထား နှို ယှဉ်
၍သိ အောင်နှစ်လုံးပြု တော်မူဆိုလိုသည်။ ဆ၍သိအောင် ပြုရာ
သောအမှု နိုက်ကား၊ လူ၏အဟာန် အသန့်အသွင် အမြင်အနေ
အတိုင်းဆို အမိန့်အပြု အမူကို နှစ်လုံးသွင်း၊ ၍သည်လူ၏
လကျွန်ဖြစ်သည်၊ …ည်ကဲ့သို့၊ သည်အမှုအခြင်း အမူအရာ
သည်၊ ထည့်ကဲ့သို့ဖြစ်တန်သည်ဟူ၍ ကြံဆတွေးတော၍ သိ
အောင်နှစ်လုံး ပြုရာသည်။ ။ရှင်ဥက္ကံမင်းသည်၊ ထီးနှင့်မျှား
ရောင်းမှ၊ ဝိဒေဟရာဇ်မင်းနှင့်၊ မဟောသဓာလာလျှင် သတ်
ရမည့်ဟူ၍၊ ထီးနှင့် ဆောက်နှင်းမည် ယင်း၊ ကေဝဋ်ပုဏ္ဏား
ကို ဝိဒေဟရာဇ်မင်းသို့ စေလိုက်၏၊ ထိုစေသော အခါ၊ ဝိဒေ
ဟရာဇ်မင်းမှုကား၊ အတွေးအဆ မရှိယုံရွေ့သည်၊ မင်းမဟော
သဓ မှုကား၊ ငါတို့ရှင်ဥက္ကံ မင်းနှင့် ရန်သူဖြစ်သည်၊ သဘော
အားဖြင့်ထီးကို ပေးလို၍ မဆိုရာချ။ သတ်ရအောင်ဟာဖြည့်
ပတ်မျှားရောင်း၍ဆိုရ ရသည်ဟူ၍၊ အသေတ် အကြောင်းသိသ
တဲ့သို့ တွေးဆပြီးမှ ကျေးသားကို စေလိုက်၍၊ ရှင်ဥက္ကံမင်း၏
အိပ်ရာ နေရာ၌၊ ဆက်ရက် မကျုံမေး ရသောမဟော သဓာ
တွေးဆ သည်အတိုင်း၊ ရှင်ဥက္ကံမင်းသတ်ခု အောင်းဖင် ကြံရွေ့
သည်ဟူ၍ ပြောလိုက်သည်၊ ။ငါတို့ဘုရားလောင်း ဖည်
ကုန်သည်၊ ဖြစ်ခဲ့သောခါ၊ ရွာကရွာ၏အနီးတွင်၊ အဆိပ်ပင်ထ
ပင်ရှိသည်၊ အဆိပ်ပင်ဟယ်လည်း၊ အရွက်အပွင့်အသီးအနံ့
အလုံးရုံ သည်၊ သရက်ပင်နှင့်တူသောကြောင့်၊ ဘုရားလောင်း
အပေါ်ဘည်း သားတို့သည်၊ ဘုရားလောင်း မသိမီ စားလေ
ကုန်၏၊ ဘုရားလောင်း မူကား။ သည်သစ်ပင်သည် ရွာနှင့်အ
နီးဖြစ်သည် အသီးစားကောင်းသော သစ်ပင်ဖြစ်မူ၊ သည်အ
တိုင်း ပကတိမရှိရာ၊ ထွတ်ယူရာသည်၊ အဆိပ်ပင် ဖြစ်ရာ

သည်ဟူ၍၊ သစ်ပင်ရင်းတွင်ရှိသော ရွာသားတို့ကိုမေး၍၊ အဆိပ်ပင်ဖြစ်ကြောင်းကိုသိ၍၊ စားမိသူတို့ကို၊ ထန်းလျက်သကာအချို့တို့ကိုပေး၍ ။အသက်ရှင်စေသည်၊ ဗော်လီ ဂေါ့သွာတို့သည်၊ ခမည်းတော်မင်း ဝေဿန္တရာအထံရှိ ပြေး၍၊ ရေကန်၌ပုန်းမည်ဟူ၍ သက်ဆင်းသောခါ။ တက်သောခြရာ ထင်အောင်။ နောက်ပြန်သက်၍။ ရေကန်၌ပုန်း၍နေလေ၏၊ ခမည်းတော်မြင်လျှင်။ နောက်ပြန်သူငယ်တို့သက်သည့်ဖြစ်မည်ဟူ၍၊ တွေးဆတော်မူသဖြင့်၊ သည်ရေကန်တဲတွင်ရှိမည်ဟူ၍၊ ခေါ်တော်မူလျှင်။ ခမ်းတော်ဦးတော်ကိုရတော်မူလေသည်။ ၊တောင်ငုတွင်ဘုရင် ရှိသောခါ။ ဂဘဆိုသသူသည် ဆင်းရဲဖွဲ့သောကြောင့်၊ရိုးမြည်းတောင်စာထောင်များကို၊ အင်းကျ ဝတ်ထော်အောင်ချုပ်၍ ပြီးလျှင်၊ ထိုအင်းကျ ကိုဝတ်၍၊ သိကြားကဲ့သို့ခေါင်းတွင် သရဘူပေါင်း၍၊ ညမိုးချုပ်အချိန်တွင်၊ တောင်ငုမင်းဆာရေး၊ မြတ်စေညီနောင်မှာ ဘုရား ဝတ်ချရာသို့သွား၍၊ ဘုန်းကြီးမြင်ရုံတခဏသာရပ်၍ သွားလေ၏၊ ဘုန်းကြီးလည်းသိကြားဖြစ်မည်ဟူ၍မှတ်၏၊ သည့်ကဲ့သို့သုံးရက်ရှိ၍၊ ထကာအဘယ်သူနည်းဟု ဘုန်းတော်ကြီးက မေး၏၊ ဂဘလည်းအကျွန်ုပ်သိကြားဟူ၍ ဆို၏၊ အဘဲ့ကြောင့်လာသနည်းဟူ၍ မေးသော်၊ တောင်ငုတွင်ဂဘဲ့ဆိုသသူဆင်းရဲသည်ကို။ ဘုန်းကြီးတကာတောင်ငုမင်းမပြုရပါသောကြောင့်၊ ဘုန်းကြီးကိုဆိုမည်ငါလာသည်ဟူ၍ ဆို၏၊ ဘုန်းကြီးလည်း၊ တောင်ငုမင်းကိုသည်အတိုင်းပြောသော်၊ တောင်ငုမင်းက၊ ဂဘဆို သသူကိုရှာ၍တွေ့လျှင်၊ ခေါ်ကဲ့စေ၍ ရောက်လျှင်၊ ဂဘငယ်ဆရာတော်ဘုရား မြတ်စေညီနောင်မှာ ဘုရားရှိခိုးသည်းကို၊ အဘဲ့ကြောင့်သိကြား ကဲ့သို့ပြု၍ ဖွည့်စားသနည်း ဟုမေး၏၊ ကျွန်တော်ဆင်းရဲဖွဲ့သောကြောင့်၊ ကိုးကွယ်ရာ မရကြံပေ့သည်ဟူ၍၊ ဆို၏၊ ထို့အခါ၌လည်းတောင်ငုမင်းသည်တွေးဆ၍ သင်အောင်ပြုဘူးလေသည်၊ ၊ အခါတွင် အနောက်ဖက်လွှန်မင်းတရား

ကြီးညီနေသည်၊ အဲသသလွှင့် မင်းတရားကြီးသက်ထင်။ သင်္ကို
ဘုရား ဆင်းတုလုပ်ပြီးလျှင်၊ အထက်မျက်နှာကြက်တွင်၊ သံ
လိုက်ကျောက် ကိုထား၍၊ ဘုရား ဆင်းတုသည်၊ သံလိုက်
ကျောက်ရှိရာမျက်နှာကြက်တွင်ကပ်၍ နေလေ၏။ ပြည်သူပြည်
သားတို့သည်၊ ဘုရားဆင်းတုကောင်းကင်ဖြင့်မှာ၊ တက်ဝယ်
မှု၍ နေသည်ဟူ၍၊ အုတ်အုတ်ကျက်ကျက်မုနေပါကြ၏။ ထို
အကြောင်းကိုရှေးဖမင်း နားကြားတော်မူသော်၊ ဆရာတော်
တောင်ဘီလာ ဘုန်းတော်ကြီး ကိုပင့်၍ သည် အကြောင်းကို
စုံစမ်းတော်မူပါဟူ၍ လျှောက်သော်၊ ဘုန်းတော်ကြီးကြွတော်
မူ၍ ကြည့်ရှုဆင်ချင်တွေးဆတော်မူပြီး သော်၊ သည်ဆင်းတု
သည်သံဖြစ်ရာ သည့်၊ မျက်နှာကြက်က ထိုလိုက်ကျောက်ရှိ
ရာသည်၊ သံလိုက် ကျောက် ကြောင့်သာ၊ သည်ဆင်းတုအ
ထက်မှာ နေရာသည်ဟု တွေးတော်မူ မိ၍၊ ဘုရားရှုပ်ထု
ဥကျောင်းတော် အထက်က၊ တရုပတ်ကို ထားလျှင်။ သည်
ဆင်းတုတော်အောက်သို့ကျ၍၊ သည်တွင်မှ ထလိုင်းတို့လည်း
ငေးကြောင်းကို တွေးဆသဖြင့် သိရလေသည်။ မင်းမှုမင်းရာ
ကိုသိမြင်မှတ်သား စိမ့်သောငှာ။ မိန့်တော်မူသော အရာဖြစ်
သောကြောင့်။ လောကတွင် ဖြစ်သွားသောထုံးကို ဆောင်၍
ပြောသည်၊ အရာကိုလိုက်၍ ပြောသည်ဖြစ်သောကြောင့်၊ ကျွမ်း
လွှက်မဟုတ်ဟူ၍၊ မမှတ်မနေသင့်၊ ပညာ ရှိတို့မှတ် ကုန်ရာ
သည်၊ ၊ အဝတွင် မင်းကြီးစွာလက်ထက်။ ကျေးစားထည့်
တော်မူသော ယကျွင်နန်းရိုးသား၊ ကျိန်းခန်းကြီးသည်၊ လှန်
ပြန်လေ၍၊ မှိုညင်းကိုပုကာန်ချားနားလေ၏။ မင်းကြီးစွာလည်း
ငါ့အား တောသစ်သီကို၊ တောကျောက်ခဲနှင့် ဖြစ်သောဟူ
သကဲ့သို့၊ တောသစ်ပွင့်ကို၊ တောသစ်ပင်နှင့်ရှုသကဲ့သို့၊ အ
ရှင်းရှမ်းတို့ကို ပင်ငါသည့်မိချေ၍၊ သင်တို့လှန်ပြန်လေပြီဖြစ်
သောကြောင်း၊ မင်းရာဇာကိုသင်တို့နိုင်ငံနှင့်၊ ငါတို့နိုင်ငံကိုအ
ပိုင်းအချားရှိ၍၊ တိုင်အမှတ်ဗိုက်ချေဟူ၍၊ မိန့်တော်မူ၏ မင်း

ရာဇာလည်း။ အချားအနားကို ဆိုမည်သွားလေသေး။ ပိတု
ကျောက်ဝန်တိုင်လျှင်၊ ဖြည့်ထဲ အရေးနှစ်ထင်ရှိုးထင်ရှာကို
မြင်သော ပညာရှိဖြစ်သော ကြောင့် ဖြန့်ကဲ့၍၊ မင်းကြီးသွား
လည်း။ ရာဇာသဲ့ကြောင့် ဖြန့်ကဲ့သနည်းဟုမေးတော်မူသော်၊
အရှင်မင်းကြီးသော်ကား။ အထိုက်တော်နည်းသောကြောင့်၊ အ
ပိုင်းအချား မှတ်တော် မူသည်။ နောင်လာလတ္တံ့ သောသား
တော်မြေး တော်တို့သည်၊ နေမင်း လမင်း ကဲ့သို့ထွန်းတော်
ထက်ရုံးတော် တောက်ပမူကား။ အရှင်သူကြီး ကိုသော်လည်း
ကောင်း၊ ကျွန်ုပ် တို့အမတ်ပညာရှိကိုသော်လည်း ကောင်း။
အပိုင်းအချား ဆိုလွယ်အောင်သည်ဟူ၍၊ အထင်ထင် သောအ
ရေးအရာကို အမြော်အမြင် မရှိလေဟူ၍။ အဖြစ်ဆိုလေရာ
ကား။ ။ဤသို့ဆိုလတ္တံ့သောအကျိုးအဖြစ်ကိုမြင်သောကြောင့်
ဖြန့်ခဲသည်ဟူ၍ နားတော်လျှောက်၏။ မင်းကြီးသွားသည်။ ရာ
ဇကား။ အိမ်ရှိ အိမ်ချင်ကိုမော်၍ ကြည့်သော်၊ မြဲမြဲမြင်သ
ကဲ့သို့၊ အရေးအရာကို တွေးဆမြော်မြင်တတ်၏တကားဟူ၍၊ ချီး
မွမ်းတော်မူလျက်၊ လက်ကောက် တပက် တရန်။ မင်းခြောက်
ထယ်သုံးပတ်၊ တိုက်တိုက် ကွန့်မြူးဟူသော စီးတော် မူသည့်
အတွင်းခံ တိုင်မြင် ကျော်ကို ဆုပေးတော်မူ၏။ သားတော်
မင်းခေါင် ဖြစ်ပြီးမှ လည်း၊ ကလေးနှင့် မိုးညှင်း ဖြန့်လေ
သော်၊ အရေးကိုတွေးဆ နိုင်ပလေ သည်ဟူ၍၊ ဆုတထပ်
ပေးတော်မူပြန်၏ မှိုင်းရာဇာသည်၊ ။ တွေးဆသောကြောင့်။
ဆုနှစ်ထပ် ရလေသည်၊ ။မင်းမပေါ်သခါတည်းတရားစီရင်
တော်မူသ ဖျှသည်၊ ညာဏ်သေဒီနှင့်ဆင့်ချင်၍ သာစစ်ကြော
စီရင်တော်မူ လေသည်။ ၊ သို့သော်ကြောင့် မသိမမြင်သေး
သောအရေးအရာကို တွေးဆ၍၊ လည်းကောင်း၊ သိမြင်ပြီး၍
အရှုံပင် ဖြစ်သော်လည်း၊ အကျိုး ရှိတန် မရှိတန် ကိုဆ၍
လည်းကောင်း၊ နှလုံးပြုရာသည်။သူမေတာရှင်ရသော၏ လည်း
တောထွက်၍ ရသေ့ရဟန်းပြုခြင်း၊ လူလက်ထက်ပင်၊ အမှု

ရှိသော် အချမ်းရှိရာ၏၊ ပဋိသန္ဓေနေခြင်းရှိသော်။ ဖွံ့နှံ့ရှိရာ
၏ဟူ၍ ဟောတော်မူသည်၊ ထိုကြောင့်၊ အဥ္စမာန၊ မျက်ရန်
ဆ၍၊ နှလုံးသေးရွာ။ သုမေဓာသည်။ ဖြည့်သောနိဗ္ဗာန်၊ ရှိသင့်
တန်ဟု၊ မိ နှိ တော်မူသည်၊ ၊ ထျက်လည်း၊ အဆအမှန်ဆို
သည်ကား။ ဆ၍ယူပြီးလျှင်၊ အဓှန်သိအောင်ပြုဆိုလိုသည်ဟူ
၍ လည်းဆိုဘွယ်ရှိသည်၊ ထိုသို့ယူသော အဖိပ္ပါယ်ကားရှေး
ကဆိုခဲ့ပြီးသော စကား တို့နှင့်မညီလေ။ ဘယ်သို့မညီသနည်း
ဟူမူကား၊ အဘို အရှည်ကစ၍။ အဆအမှန်တိုင်းအောင် အဆ
တို့၏ အခုအချက်၊ အရှည်၏ အရအချက်၊ နှစ်ချက်းစီယူရ
သောကြောင့်၊ အဆ အမှန် ဆိုရာ၌ လည်း၊ အဆ၏ အရအ
ချက်၊ အမှန်၏ အရအချက်၊ နှစ်ချက်ယူမှ ရှေ့စကားနှင့်ညီ၊
သည်။ဆ၍ မှန်အောင်ပြုဟူ၍ သာယူချေသော်၊ တချက်တည်း
သာဖြစ်ချေသည်၊ ထိုကြောင့်၊ အဆ၏ အရတချက်၊ အမှန်
အရတိုဘချက်၊ နှစ်ချက် ယူရာမှာ ထေသင့်မည် ထင်သည်။
ခစ်းသိမ်း ဝန်ကို၊ မကျန်စေ၍၊ ရှောင်ဘာ ရှားကာ၊ လွှဲ
ပယ်ကာ၊ ထိပညာဖြင့်၊ နက်ရွာ နှစ်လုံး ဖြူစေဝင် ဖွဲ့သော
သည်ကား။ အဘိုအရှည်ကစ၍။ အရ အမှန် တိုင်အောင်။
သိမ်းသောဝန် အမှုအရာကို။ ရှောင်တန်ရှာတန်။ လွှဲတန်ပဲ
တန်သော အရာ ဖြစ်လျှင်၊ ရှောင်ရှားလွှဲပယ်၍ အသိပညာ
ဖြင့်ဆင်ချင် တော်မူလျက်။ နက်နဲ ရွာ နှလုံး ပြုတော်မူဆိုလို
သည်။ လောကဝတ်တွင်၊ ရှောင်ရှား လွှဲပယ်ရာသည်ကား။
ဆင်းရဲကိုခံရချေသည်၊ ထိုခင်ပွန်း ဆယ်ပါး တို့အားပူဇော် ရှိသေသော သူတို့သည်ကား၊ စည်းစိမ် ချမ်းသာ အသေဘာ ကြွက်သား ရ ဘုန်းတံခိုး အခြံအရံ ဉစ္စာ ရတနာ များစွာ တိုး တက်ထွန်းပခြင်း၊ ဘိသုရာဘဝ၌၊ ချမ်းသာ သုံးပါးကို ရခြင်း ဟူသောအကျိုးကို ဖြစ်စေတတ်သည်၊ ထိုကြောင့်ခင်ပွန်းအပြစ် ကိုရှောင်ခြင်းဟူ၍ဒိနဲ့တော်မူသည်၊ ခင်ပွန်းဖြစ်မှား၍အပြစ်ရောက် ကြောင်းကိုသည်းကောင်း၊ ခင်ပွန်းမဖြစ်မှား၍အကျိုးရောက် ကြောင်းကို လည်းကောင်း၊ ဝတ္ထုသသက်သေ နှင့်ဟိတသိမ္ဗိ ကျမ်းမှာဆိုသေပြီ၊ ။သူ့ကောင်းကိုရွေးဆိုသည့်ကားသု တပါးတို့မှာရလေ၊ ဖြည့်ရုံ ချမ်းသာ လေသည်ကို မလိုချင်း လောဘထင်ရှားသောဝန်တိုခြင်းဖြင့်၊ မနှောယှဉ် စိတ်ကိုမဖြစ်မှား ပေသင့်၊ ရှားစွာ ထိဆိုလိုသည်၊ ဝန်တိုခြင်းသည်၊ ထပ်၌ဝန်တို ခြင်း၊ ဂုဏ်၌ ဝန်တိုခြင်း၊ ကျောင်းအိမ်အစရှိသော နေရာ၌ဝန် တိုခြင်း၊ တရား၌ဝန်တိုခြင်း၊ အဆွေခင်ပွန်း၌ဝန်တိုခြင်း ဟူ၍ ငါးပါးတည်း၊ ။ထိုငါးပါးတို့တွင်၊ လပ်၌ဝန်တိုသောသူ၏ လာဘအကား၊ ထက်ဆောင်ပဏ္ဏာကို၊ မိမိမှသာရောက်စေ ခြင်းသည်၊ သူတပါးမှာရောက်လေ ရလေသည်ကိုမနာလို၊ ထို သို့လပ်၌ဝန်တိုခြင်းသည် ရဟန်းတို့မှာသည်၊ မိမိမှသာလျှ ပေချင်သည်၊ တပါးရဟန်းတို့မှာသွားလေသည်ကိုမနာလို၊ ထို သို့လပ်၌ဝန်တိုသသူ လူရဟန်းတို့သည်၊ ဘဝဆက်တိုင်းငတ် မွတ်ရှားပါးဆင်းရဲ၍ ဆန်ကွဲထမင်းပုန်းရည်ဟင်း ကိုမျှသည်း ဝအောင်မစားရချေ၊ ဝတ္ထုသက်သေကား၊ ရှေးသော အခါ ကဿပဘုရားသခင်လက်ထက် ရွာငယ်တရွာတွင်၊ သူဌေး တရောက်သည်၊ ရဟန်းတပါးကိုဆရာပြု၍၊ လုပ်ကျွေးခြင်း ပြုသည်၊ အခါတပါး ကျောင်းတကာ သူဌေး ကျောင်း တွင် ရှိခိုက်၊ ရဟန္တာတပါးကိုကျောင်းသို့ ရောက်လာသည်၊ သူဌေး သည်း ထိုရဟန္တာသခင်၏ အသွင်အဖြင်ဖြောင်သောဆိုဟန်ကို ကြားချင်၊ အလွန်သဒ္ဓါ၍၊ နက်ဖြန်သည် သခင်နှင့် ထကွာ

ဆွမ်းဘုဉ်းပေး ကြွပါဟူ၍၊ ဆရာကိုပင့်ခဲ့၏။ ကျောင်းနေရဟန်းလည်းဝန်တိုသဖြင့်၊ သည့်ရဟန်း ကျောင်းတွင်အရှည်အကြာနေချေသော် ငါအပဖြစ်ချေ တော့မည်ဟူ၍ စိတ်ကမသက်မသာရှိ၏၊ ရိုးသောက်လျှင်၊ ကျောင်းနေရဟန်းသည်၊ မိမိအိပ်ရာကသာ။ အသာအသာထ၍၊ ကျောင်းစည် ကိုထိုးသည်အဟန်။ လက်သည်းဖြင့်အသာငယ်တို့၏။ ရဟန္တာသခင်ကျိန်းသောတိုက်သို့ဝင်၍၊ တံခါးရွက်ကိုလက်ဖြင့် ခေါက်၍နှိုးသည်အဟန်လက်သည်းဖြင့်တို့၏၊ ရဟန္တာသခင်လည်း၊ထိုရဟန်းကြံသမျှ အလုံးစုံကိုသိ၍။ထိုရဟန်းလည်းသပိတ်ကိုယူ၍တယောက်ချင်းသာ သူဌေးအိမ်သို့သွားလေ၏။ သူဌေးသည်းငြိမ့်သည်သခင်ကို မပင့်ခဲ့ပါလောဟူ၍ မေးသော်။ တကာထိုရဟန်းအိပ်ကျူးဘွယ်သည်၊ ကျောက်စည်ထိုး၍၊ တံခါးရွက်ကိုရိုက်ခတ်၍၊ နှိုးသော်လည်းမထနိုင်။ မထလိုသောကြောင့်၊ ငါလာခဲ့သည်ဟူ၍ဆို၏။ သူဌေးလည်း အရှင်ဘုရား။ ထိုသခင်သည်နေရှိသွားသဖြင့်။ပင်ပန်းသည်ဖြစ်၍၊ ကျိန်းမည်ဟုဆို၏။မိမိဆရာကိုနွားနို့ဆွမ်းဖြင့် ကောင်းမွန်စွာကျွေးပြီးမှ။ ငြိမ့်သည်သခင်တို့လည်း၊ သည်ဆွမ်းကိုယူပါလေဟူ၍။ သပိတ်တွင်းထည့်လိုက်၏။ထိုရဟန်းသည်လည်း။ သည်ဆွမ်းကိုစားရသော်။ငကျောင်းကာကိုင်၍ထိုရဟန်းသော်လည်းမသွားရာချေပြီ၊ ခရီးထွင်သွန် ပစ်ခဲ့ရမည့်လည်း။ သူခပ်ဆီမ်း ဖြင်လေ တော့မည်။တွဲ့နှတ်ကြွှံရပါမည်နည်းဟူ၍။ အောက်မေ့လျှက်လာခဲ့သော်ခရီးအကြားရွာခင်းတွင်၊ မီးလောင်သော သစ်ငုတ်ကိုတွေ့၍။ သည့်ခါသော်ကား သင့်ဘွယ်လေပြီဟူ၍၊ မီးပုံထဲတွင်ထောပတ်ဆွမ်းကို သွန်ခဲ့လေ၏၊ ရဟန္တာ သခင်လည်း။ အကြောင်းမျိုးကို သိသောကြောင့်။ ထပါး အရပ်သို့ ကြွနှင့်လေ၏။ထိုရဟန်းလည်း ကျောင်းသို့ရောက်၍၊ ရဟန္တာ သခင်မရှိ၍သည်ကိုမြင်သော်။ ငါပြုသော မကောင်းမှုသည် ဝန်းလားဖွင့်ချေ၏ဟူ၍အောက်မေ့လျက်။ ထိုနေ့မှစ၍မစားသောက်မအိပ်

တဘက်ရဟန်းပြီးသွားဖြစ်သေ၏။ ထိုဘဝမှရတော့လျှင်၊ ငရဲမှာ ဖြစ်လေ၏၊ ငရဲမှလွတ်လျှင်ခွေးအဖြစ် အကြိမ်ငါးရာဖြစ်သည် ထကြိမ်သား၊ တပါး ခွေးအော့သောအန်ဖတ်ကိုတွေ့၍၊ ဝအောင်၊ စားရလေ၏။ ထိုဖြင့်ဝအောင်မစားရ။ ဘီလူးအကြိမ် ငါးရာ ဖြစ်သောခါလည်း။ သားဖွားသောမိန်းမ၏၊ သွေးဘိုသုတ်၍၊ ဖြစ်သောအဝတ်ရတ်ကိုတွေ့၍၊ သွေးကိုစုတ်သဖြင့်၊ တကြိမ် သာဝအောင်စားရ၏။ သည်ဖြင့်ဝအောင်မစားရ၊ ထိုနောက် တို့ဘုရားအခင် လက်ထက်တော်တွင်၊ အိမ်ချေ တထောင်ရှိ သော၊ တငါးရွာတွင်မိန်းမ တယောက်တွင်။ ပဋိသန္ဓေယူ၏၊ ထိုသူကိုပဋိသန္ဓေယူသည့်မှစ၍၊ ထိုရွာကို မီးလည်းသုံးကြိမ် လောင်၏၊ မင်းဖြစ်ဒဏ်လည်းသုံးကြိမ်သင့်၏။ တငါတို့ဘာသာရှာ စား၍၊ ရှေးကာလ ကဲ့သို့မရ၊ ထိုရွာသားလည်း။ ငါတို့ရွာ တွင်၊ သူယုတ်ရှိမည်ဟု၍၊ နှစ်ရုံခွဲ၍နေကြ၏။ ထိုသူပါသောအ ရပ်သား၊ ဤကဲ့သို့ခွဲဖြစ်ခဲ့သောကြောင့်။ ထနေ့ ထနေ့ ခွဲပန်များလ သော်၊ ထိုသူသားအမိနှစ်ဦးသာကျန်ရစ်၏၊ ထိုမိန်းမလည်း။ ထိုသူ ကိုသန္ဓေနေသည့်မှစ၍။ ဝအောင်မစားရ၊ အလွန်ဆင်းရဲတော် မူတ်၏။ အချိန်ရောက်၍ဖွားလျှင်၊ သားဖြစ်သောကြောင့်၊ မ ပစ်ရက်၍၊ ပြီးဖြင့်ထွေးကျွေး၍၊ တောင်းတတ်သွားတတ်သော အခါ၊ အမိသည်။ ခွက်တချက်ပေး၍ ထမင်းတောင်းချေ ဟု၍ ထွက်ခြေပြေလေ၏၊ ထိုသူငယ်လည်း၊ တကြိမ်မျှဝအောင်မစား ရ၊ အသက်နှစ်ဆယ် ကာလသို့ ရောက်မှ၊ ရှင်သာရိပုတ္တရာ၊ ခေါ်၍၊ ရဟန်းပြုထတ်မူလျှင်၊ လာမကား ထက်ရဟု၍ ထွင်၏၊ ရ ဟန်းပြုတော် မူသော်လည်း။ တကြိမ်မျှဝအောင်ဆွမ်းမစားရ အနဂါထပိဏ်သူဌေး၊ ဗိသာခါသူဌေး ထိုးတို့သည်။ အလှူကြီး ပေးသော်လည်း။ တကြိမ်မျှဝအောင်မစားရ၊ ကောသလမင်း သည်။ ဆင်ခြင်းကျွေးဆိတ်၊ သပိတ် သင်္ကန်း အစရှိသောအ လှူတို့ကို၊ ရှုနှစ်ရာစီလှူသောခါလည်း။ ဝအောင်မစားရ။ ထိုသ ခင်သပိတ်ရင်းသို့ ရောက်လျှင်၊ သပိတ်သည် ပျောက်ကွယ်၍

ဇွဲ့သသူတို့ မဖြင်ပဟူ၍ဆိုသည့်။ မထည့်မလောင်းမိကပင်၊ထို
သခင်သပိတ်မှာ။ အလိုလိုပြည့် သကဲ့တို့ထင်၍။ မလောင်းမ
ထည့်ပဟူ၍လည်း ဆိုသည့်။ နောက်မှ-ရှုံးက ကောင်းမှုကံ အ
စိတ်ကြောင့်။ ရဟန္တာပင် ဖြစ်ခဲ့သည်လည်း။ ဝအောင်မစားရ၊
ပရိနိဗ္ဗာန် ပြုမည်နေ့တွင်။ ရှင်သာရိပုတ္တရာနှင့် တွေ့၍၊ မေး
တော်မူသော်။တကြိမ်မျှပအောင်မစားရကြောင်းကို လျှောက်
၍။ ရှင်သာရိပုတ္တရာသည်။ အတူခေါ်၍ ဆွမ်းခံကြွတော်မူ၏၊
ထိုနေ့သည် ရှင်သာရိပုတ္တရာမှာ၊ ဆွမ်းရမည်ကို ထား၍ရှိခိုး
မည်သူမျှ မရှိသောကြောင့်၊ ထိုလာမကာကောရရ်ကို ဆွမ်းစား
စရပ်တွင် နေနှင့်တော့ မိန့်တော်မူ၍၊ ရှင်သာရိပုတ္တရာ ချည်း
သာဝင်၍။ ကောသလမင်းကြီးက၊ ခုန်းတက်သို့ပင့်၍ ကောင်း
မွန်သောဆွမ်းကို သပိတ်အပြည့်တည့်၍ ကပ်၏။ ရှင်သာရိ
ပုတ္တရာယူ၍ ကြွးတော်မူမည်ပြုသော်၊ သည်တွင် ဘုန်းပေး
တော်မူပါ လျှောက်သော ကြောင့်။ ရဟန်းတပါး ဆွမ်းမစား
ရကြောင်းကို မိန့်တော်မူသော်။ ကျွန်ုပ်က ပို့ပါစိမ့် မည်ဆို
သောကြောင့်၊ မည်သည့်အရပ် အကျွန်တွင်။ ရဟန်းတပါးရှိ
ထိမ့်မည့်။ သည်ဆွမ်းကိုပို့ပါချေပဟူ၍၊ မင်းလုလင်တို့ကို စေ
သော်ခရီးစပ်ကြားသို့ ရောက်လျှင်။ ထိုဆွမ်းကို မင်းလုလင်
တို့သတိမေ့လျော့၍ စားလေ၏။ရှင်သာရိပုတ္တရာက ဆွမ်းစားရ
လေပြီလာဟုမေးသော်၊ မစားရကြောင်းကို လျှောက်၍၊ အ
ချိန်ကိုကြည့်သော်။ မွန်းလွဲပြီဖြစ်၍။ ကောသလမင်း ခုန်းတော်
မှာ။စတုမဓုကို အလှူခံ၍၊ သခင်အားသပိတ်တော် နှင့်ပင်ပေး
၏၊ရှင်သာရိပုတ္တရာ လက်တော်ကလွှတ်၍။ထိုသခင်လက်ဖြင့်
သပိတ်ကိုကိုင်လျှင်ပင်။ အလုံးရုံသော။ စတုမဓုသည်။ ပျောက်
ခဲ့၏။ ရှင်သာရိပုတ္တရာလည်း၊ မကောင်းမှု ကံသည့် ပန်လေး
လှချေပကားဟု ထိတ်သန့်ခြင်း ဖြင်းဖြွှာဖြစ်တော်မူလျှက်၊
ရှင်သာရိပုတ္တရာ လက်တော်နှင့်။ သပိတ်တော်ကို ကိုင်မှပေါ်
ပြန်လာ၏၊ ရှင်သာရိပုတ္တရာလည်း၊ဝအောင်စားကျွန်ုပ်သပိတ်

ကိုကိုင်မည်ဟူ၍ မဝမချင်းလက်တော်ဖြင့် သပိတ် တော်ကို ကိုင်၍နေတော်မူ၏၊ ထိုနေ့ပင် ပရိနိဗ္ဗာန်ပြုလေ၏၊ ဤသို့ဘာဝ ဆက်တိုင်း ရဟန္တာဖြစ်သည့် တိုင်အောင်၊ အငတ်အမွတ်ရှိ ချေသည်။ ထပ်ဒွိဝန်တို၍၊ သူတပါးရမည့် ထင်ကိုဖျက်ဘူးချေ သောကြောင့်တည်း။ ။ဂုဏ်ဒွိဝန်တိုခြင်း ဟူသည်ကား။အ တတ်ပညာ ဂုဏ်ကျေးဇူးကို။ မိမိသာတတ်မှတ်ချင်၍၊ သူတ ပါးမတတ်အောင် မပေးမဖြန့်ခြင်း။ မည်သည့်သူ မည်သည့် နည်းဂုဏ် အတတ်ရှိပေ၏ဟူ၍။ သူတပါးတို့ တတ်သည်ကို ပြောလျှင်။ မနှာလိုခြင်းသည်ဂုဏ်ဒွိ ဝန်တိုသည်မည်၏။ထိုသို့ ဂုဏ်ဒွိဝန်တိုသသူတို့သည်၊ တဂါထာမျှဝါတွင်း သုံးလမတ် လုံးသင်၍ မတတ်လိုသေး၊ ရှင်စူဠပန္ထက မထေရ်ကဲ့သို့ဘာဝ ဆက်တိုင်း အတတ် ပညာအမျိုး ကိုသင်၍။ မတတ်မမှတ် နိုင်သည်သာ ဖြစ်ရာ၏၊ ။ကျောင်းအိပ်ရာနေရာဒွိဝန် တိုခြင်း ဟူသည်ကား၊ ရဟန်းတို့မှာလည်း၊ သည့် ကျောင်း သည်စရပ် သည့်နေရာကို ငါသာနေ မည်ဟူ၍၊ သူများနေ သည်ကို မနှာလိုခြင်း။ လူတို့မှာလည်း သည်အိပ်သည် အ ရပ်ကို ငါသာ နေမည်ဟူ၍၊ သူတပါး နေသည်ကိုမနှာလို၍၊ ဖြစ်စိတ်ပြား ဟန့်တား ခြင်းသည်။ ကျောင်းအိပ်နေရာဒွိ ဝန်တို သည်မည်၏၊ ထိုသို့ ကျောင်းအိပ်နေရာဒွိ ဝန်တိုသော သူတို့ သည်။ ဘာဝဆက်တိုင်း ကောင်းမွန် သင့်တင့်သောကျောင်း အိပ်နေရာ တို့ကိုမရနိုင်ရာ၊ ရသော်လည်းတာရှည်မြဲမြံ စွာမ နေရ။ သူတပါးဖျက်ဆီး၍သော်၎င်း၊ ပြောင်းရချေသည်။ သေ ကြေပျက်စီး၍ လည်း။ ထိုကျောင်း အိပ်ရာ၌လက်လွှတ်ရချေ သည်၊ တေမိမင်းသားသည် ခမ်း မသွားသောဟူ၍။ထီးလင်းစောင့် သသူ အိပ်ကို လက်ရှစ်သစ်မျှပြောင်းပြီးလျှင်၊ အစားဆောက် ၍ ပေးပါသော်လည်း၊ ဥဿဒ္ဓရက် ငရဲမှာအနှစ်ရှစ်သောင်းခံ ရချေသည်။ ကျောင်း အိပ်ရာ နေရာဒွိ ဝန်တိုသသူတို့သည်၊ ပြိတ္တာဖြစ်၍၊ ထိုကျောင်း ထိုအိပ်နေရာ မြေတို့၌ ရှိသော၊

ထမြွက်ချေး အမှိုက်တို့ကို ခေါင်းတွင်ရွက်၍ ခံရချေသည်။ တရားတော်၌ ဝန်တိုခြင်းဟူသည်ကား၊ စာပေ ကျမ်းဂန်တို့ကို သူတပါးအား ထုတ်ပေါ် ဆိုလျှင် မထုတ်၊ ကြည့်ပါ ဆိုလျှင် မကြည့်ရ၊ သူတပါးတို့သိပါလို၍ မေးသည်ကို၊ တတ်မည်ဖိုး၍ ဟုတ်မှန်အောင်ပြသည့် အတိုင်းမပြောချခြင်းသည်၊ တရားတော်၌ဝန်တိုသည်မည်၏၊ ထိုသို့တရားတော်၌၊ ဝန်တိုသောသူသည်၊ ဘဝဆက်တိုင်းညာဏ်ပညာလည်း၊ နည်းချေသည်၊ ပြာပုံချိုးရှိ၍ လည်းခံရချေသည်။ ၊ အဆွေခင်ပွန်း၌ဝန်တို ခြင်းဟူသည်ကား၊ ရဟန်း တို့မှာလည်း၊ တကာ တကာမတို့ ကို၊ မိမိ ကျောင်းသို့သာလာစေချင်ရောက်စေချင်သည်၊ တပါးကျောင်းသို့ ရောက်ပေါက် သွားလာသည်ကို မနာလိုခြင်း၊ လူတို့မှာလည်း၊ ခပ်သိမ်းသော သူအပေါင်းတို့၊ မိမိအားသာ အဆွေခင်ပွန်း ပြုစေချင်၊ မိမိ အထံသို့သာ ရောက်စေချင် သည်၊ တကာ တကာမအဆွေခင်ပွန်းတို့၌၊ ဝန်တိုသည်မည် ၏၊ ထိုသို့ အဆွေခင်ပွန်း တကာ တကာမ၌ ဝန်တိုသောလူရ ဟန်းသည်၊ ဘဝဆက်တိုင်း အဆွေခင်ပွန်း ကောင်း၊ တကာ ကောင်းကိုမရချေ၊ ဤသို့ဝန်တိုခြင်းငါးပါးဟူသော သူလောင် အည်၊ ဘဝဆက်တိုင်းမြတ်သောအရာကိုပါယ်၍ယုတ်သော အရာကို ချတတ်သောကြောင့်၊ ကြည်ရှောင်စိမ့်သော၄၊ သူ လောင်ကိုရွေးရှားခွါဘိဟူ၍ မိန့်တော်မူသည်၊ ၊ဆင်း၄ ကို ချည်ဟူသည်ကား၊ ထူး၍ မကောင်းမှုဖြစ်လေခဲ့အောင်လိုချင် မက်မောတတ်သော လောဘဟူသော ၄တတ်သော ဆင် ကိုချည်ဆိုလိုသည်၊ ဆင်ရိုင်း ဆင်မဲ့ ယိုဘ္ဘ သဘောလည်း၊ အောက်မကို ခင်မွတ်သောကြောင့် ၄တတ်သည်၊ လောဘ စိတ်တို့ သဘောလည်း၊ ခပ်သိမ်းသော ဥစ္စာ ကာမဂုဏ်တို့ကို တပ်မက်မောသော ကြောင့်၊ သူတပါးတို့အား ဒိုက်ရန်ပြုမှု ခြင်းကိုပြုတတ်ခြင်းကိုရည်၍၊ လောဘသည်၊ ဆင်၄နှင့်တူ သတည်း၊ မ၄တတ်သောဟာတိဆင်ကိုချည်ခြင်းမရှိ၊ ၄

ထင်သော ဆင်ကိုသာ ချည်ရာသော ကြောင့်၊ ဆင်၌ ကို
ချည်ဟူ၍၊ မိန့်တော်မူထေသည်၊ ၊ ပကတိဆင်ဖြစ်မူကား။
ပကတိကြိုးနှင့်ချည်ရမည်။ လောဘမူဆင်ဖြစ်မူကား၊ ပညာ
တည်းဟူသောကြိုးနှင့်ချည်ရမည်၊ ချည်ဆိုသည်ကား၊ လော
ဘစိတ်ရှိသော အထုံး မဖြစ်စေလင့်၊ ဆင်ချင်ဟူ၍ ဆိုလို
သည်၊ မဆင်ချင်ချေသော်၊ ဘဝသရာဝဋ်ဆင်းရဲ၌ရှည်လျားမည့်
အရာဖြစ်သည်၊ လောဘနိုင်ငံသို့မသိုက်သင့်ကြောင့်၊ ကိုလည်း
တထိုင်းမင်းအား၊ ပင်းရသူကြိုးပောာတော်မူကြောင်းကို ဖိ
ထဆိမ္ဗိကျမ်း၌ ဆိုပြီး၊ လောဘစိတ်ကိုဆင်ချင်ဆိုရာ၌၊ ပကာ
တို့သဘောတရားနှင့်ညီစွာ၊ သူတော်ကောင်းတို့လိုချင်းရိုး၊ ကို
မဆို၊ ထူး၍ မရတန်သည်ကိုရအောင်၊ မတင်မကဲ့တန်သည်
တင်မကဲ၍၊ ဒိုးရန်ပွါးများမည့် အရာကို ရှောင်ကြည့်စေလို
သောကြောင့်သာ၊ ဆင်၌ ကိုချည်ဟူ၍ မိန့်တော်မူထည်၊ ၊
ကြံစည်မပြတ်ဆိုသည်ကား၊ ကောင်းသောအကျိုး စီပွါးကို
ရမည်၊ အကြင်ခုနှစ်သူအပေါင်းကိုအောင်မြင်မည်။ အကြင်ဘဝ
သရာဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်း။ ကောင်းသောအ
ကြံကိုမပြတ်ကြံစည်ဆိုလိုသည်း၊ အိပ်ပေါ့မဖြစ်စေနှင့်၊ ပေါ့
အိပ်ဖြစ်စေဆိုလိုသည်၊ ထိုသို့ ကြံစည်မပြတ်ဆိုသဖြင့်၊ အရာ
ရာ၌ သတိဖြင့်ကောင်းသောအကြောင်းကိုလည်းကောင်း၊ အကျိုး
ယုတ်ရာသော အကျင့်တရား၌ ဝင်ကြောင်းကိုလည်းကောင်း
မဂ်ဖိုလ်ရှစ်ပါးတွင်။ သမာသက်ပ္ပမဂ္ဂင်၌ ဝင်ကြောင်းကိုလည်း
ကောင်းပြဆိုသည်။ ကြံစည်မပြတ် သာမည ဆိုညားသော်
လည်း၊ ကောင်းသောအကြံကိုသာယူရမည်၊ အဘယ့်ကြောင့်
နည်းဟူမူကား၊ ရှေးသောအခါ ဂင်္ဂါ မြစ်နားတွင်အကြံများ
သောကြောင့်၊ ဗဟုပိဏ္ဍာ အမည်ရှိသော ငါးနှင့်အကြံနည်း
ကြောင့်၊ အပ္ပပိဏ္ဍာ အမည်ရှိသော ငါးသည်အတူကျက်စား
ကြသော်၊ အကြံများသောဗဟုပိဏ္ဍာငါးကို၊ တံငါတို့ပိုက်တွင်
ပိ၍၊ မြစ်နားတွင်ထားထေသော်၊ ငါသည် အကြံများပါလျက်

တံငါမိရလေသည်ဟူ၍ ငိုကြွေးနေစဉ်။ ငါတို့ဘုရားလောင်း
ပုဏ္ဏား ရေချိုးထသည့်နှင့် အမိုက်ကြိမ်၍။ တံငါကိုတောင်း
ပန်မှလွှတ်သည်။ ယုန်နှင့်ဖြန့်မှာမူကား၊ ဖြန့်သည်စင်စစ်သည့်
အကြံတပါးကိုမျှသတ်မည်မထင်။ ကြွားလွှား၍ တံငါအတော်
ဆဲ့ရှစ်ပါးကိုသာ တတ်၏၊ ဟူ၍ ဆိုဟိုရှိသည်။ ထိုကြောင့်
အကျိုး မရှိမနက်နဲသော အကြံကိုမကြံမူ၍ အကျိုးစီးပွါးနှင့်
ယှဉ်သော အကြံသို့ ကြံစိမ့်သောငှါ။ ကြံမဖြတ်ဟူ၍ မိန့်
တော်မူဘူးသည်အရာ၌၊ ဘုန်းတော်ကြီးမူကား ။လောကတွင်
အမြင်ကိုရည်၍ သာကြံစည်မဖြတ်ဟူ၍ မိန့်တော် မူသည်။
တရားဟော်၌ မူကား။ အစိန္တိတမ္ပိ မကြံသော်လည်း ဘာဝ
တိ၊ ဖြစ်တတ်၏၊ စိန္တိတမ္ပိ ကြံသော်လည်း၊ ဝိနဿတိ၊ ပျက်
တတ်၏ဟိ။ ထိုစကားသင့်စွ၊ ဣတ္ထိယာ ဝါ။ မိန်းမအားလည်း
ကောင်း၊ ပုရိသဿဝါ ယောကျ်ားအားလည်းကောင်း၊ ဘော
ဂါ။ စည်းစိမ်ချမ်းသာတို့သည်၊ စိန္တာ မယာ၊ ကြံတိုင်းပြီးကုန်
သည်၊ နဟောန္တိ။ မဖြစ်ကုန်ဟူ၍ ဟောတော်မူသည်။ ၊ ထို
သို့ဟောတော်မူခြင်းသည်၊ မဟာဇနကဇာတ်တော်နှင့်ထော
သော်။ အလွန်မင် ဟော်သည်။ ဘယ်သို့တော်သနည်းဟူမူ
ကား။ မဟာဇနကမင်းသားသည်၊ ကုန်သွယ် ဥစ္စာဆည်းဘူး
မည်ကြံ၍ မဟာသမုဒ္ဒရာ ရှာသဘော်၊ ထွက်သည်၊ မင်းဖြစ်
အောင်ဟူ၍မကြံဘဲပင်မင်းဖြစ်လေသတည်း။ ၊ အထင်ရဲ
ခါဟူသည် ကား။ ဗဟုသုတအကြားအမြင်၊ အတတ်ပညာကို
လည်းရဲခါဆည်းဘူးအပ်သည်၊ ရှာဖွေ ပြောဟောသင်ကြား
အပ်သည်ဟူ၍ဆိုလိုသည်၊ အလုပ်အကြံမှာမူကား။ မဖြတ်ပြ
၍ သာဝမ်းစာရမည်။ အတတ်ပညာကိုမူကား၊ ရကာခရကာ၌
မင်းသင်သော် လည်း ပြည့်စုံရာသည်ဖြစ်သောကြောင့်။ အ
တတ်ရကာဟူ၍ ဆိုသည်။ တချက်လည်း အတတ်ပညာနှိပ်
ဂုဏ်ကိုပြသင့်သော ကာလအခါကြံ၍၊ ထိုအတတ်သာပြ
သည်ဟူ၍ ဆိုလိုသည်။ နေ့တိုင်းပြချေသော်၊ လူမြင်တန်မှာ

လျှင်ပေါ်ခြင်း၊ အတိတ်၌ အကျိုးကို မခံရခြင်းဖြစ်လေမည်၊ ကြောင်းလက်သီးဖက်သကဲ့သို့၊ မိမိအတိတ်ကိုဖက်ရာသည်၊ ဖြစ်အပ်သောကာလ တွင်ဖြစ်သောအကျိုးရောက်ချေသည်၊ မဖြစ်အပ်သောကာလတွင်ဖြစ်ချေသော်၊ အကျိုးယုတ်ခြင်း ဟူသော အဖြစ်သို့ ရောက်ချေသည်။ အတိတ်ကို ဖြစ်အပ်သော ကာလ တွင်ဖြစ်၍အကျိုးရောက်ဘူးသောအကြောင်းကား၊ ငါဘုရား အလောင်းတော်သည်၊ ဝမ်းဘဲဖြစ်သောအခါ၊ သူတကာအ တတ်တက်သိပ်မွေးထားတတ်သည်၊ ထိုအခါ ရွာတရွာတွင်၊ မိုသူကြီး သမီး တယောက်လည်း အလွန် အဆင်း လှသော ကြောင့်၊ ရွာတိုင်းရပ်တိုင်းပင် လူရှိသမျှ မိုသူကြီးသမီးလှ တန့်ချောဟန်ကိုသာချီးမွမ်း၍ ပြောဆိုကြသည်။ ငါဘုရား အလောင်းတော်သည်။ မိုသူကြီး သမီးကိုအိပ်သောင်ရအောင် ကြံ၍၊သိပ်မွေးထားသောအပ်ကိုလုပ်၍၊ ထိုမိန်းမလှရွာသို့ ဝင်၍ မိန်းမလှအိပ်သောခါးရင်းတွင်နေ၍၊ အပ်ဝတ်လှည့်အပ်ဝယ်လှည့် ဟာစီသော်။မိန်းမလှ သည်အိပ်သောခါးဝကရပ်၍၊ အမောင်ကျွန်ုပ် တို့ရွာထည်းဘန်းပဲရွာဖြစ်၍၊ အပ်ရောင်းသသူချင်း ဖြစ်သည် ကို၊ အမောင်အပ်ကိုဘယ်သူဝယ်ကြမည်နည်း ဟူ၍ ဆို၏၊ ကျွန်ုပ်အပ်ကိုရှင်မခမည်တော်မြင်သော်၊ ရှင်မနှင့်ပင် ကျွန်ုပ် တို့သက်တိုင်၍ဈေးအပ်သောင်နှင်းလိမ့်မည်ဟူ၍ ဆို၏၊ မိန်း မလှအဘမိုသူကြီးသည်း၊ ထိုစကားကိုကြားလျှင်၊ ခေါ်လိုက်ပါ အိမ်ထက်သို့ ခေါ်၍၊ မောင်အပ်ကိုပြပါဟုဆိုသော်၊ ကျွန်ုပ် အပ်ကိုကြည့်လိုလျှင်၊ နေ့ရာ ကောင်းမွန်စွာ ခင်းပြမှ၊ တင်း တိမ် ချုပ်စီထင်ရှိ၍ ထားပါဆိုသောကြောင့်၊ သည့်အတိုင်း၍ ပြီးမှ။တင်းတိမ်တွင်းသို့ဝင်၍ ထက်သည်းကြားရထုတ်၍ ထင် ပန်းပေါ်တွင် ထားသော်၊ အပ်မဟုတ်ထကားဆို၍၊ အပ်အိမ် သာဖြစ်သေး သည်ဟူ၍ဆိုမှ။ အပ်အိမ်ချုပ်စီထင်ကို ခွာ၍ပြ သော်။အပ်ကိုအပ်သေး ဖွဲ့သိပ်မွေးထားသည်၊အရောင်မည်လော ဟူ၍ဆို၏၊ကျွန်ုပ်အပ်အကြောင်းကို သိလိုလျှင်၊ တရှင့်မပေသော

ယူတော်မူဆို၍၊ ဗမပေါ်တွင်အဆင်ကိုထောင်၍ တူနှင့်နှက်
သေသီ၊ ပေမကိုတရုတ်ချင်းပေါက်တွင်း၍၊ လင်ပန်းရှစ်ထင်။
မွေ့ရာရှစ်ထင်၊ ဘင်ပြူးရှစ်ထင်။ ဖျာရှစ်ထင်။ သနေရ
ခြောက်ထင်ကိုပေါက်၍၊ အောက်ဆုံးသရေတွင် တည်၍နေ
လေ၏။ ထိုအချင်းအရာထိုမြင်၍။ ရှိသူကြီးသည် ဝမ်းမြောက်
ဝမ်းသာသျှင်နှင့် ဘုရားလောင်ကို ထိပ်ပြားလေ၏။ သည်အရာ
၌ဘုရား လောင်းသည်၊ အတောက်ကို ပြည့်သောအခါ၌ ဖြစ်၍
နတ်ဘွဲ့နှင့်တူသော မိန်းမရတနာ မြတ်ကိုရတူးလေသည်။
လောက ဝဋ်တွင်လည်း၊ ရှင်သီသဝံသာသည်။ ပေါင်တွင်းမှ
အင်းဝသို့ကြွမည်ဟူ၍၊ ဆရာဘော်ကိုဘိုင်ပင်သောခါ၊ ပေါင်
ကဲ့သို့ပင် ရှာနှစ်ဖြင်နှင့်အတူ၊ အင်းဝမှာ ကျွမ်းတတ် ကန့်
ထတ်များသည်၊ မောင်သွာသဖြင့်ထလုပ်ပြည့်မှ အပ်ရောင်း
သကဲ့သို့ရှိမည်မိန့်တော်မူသော်လည်း၊ ဘုရားအလောင်းတော်
ပန်းစံကိုတုံးယူ၍၊ အဝသို့ကြွတော်မူ၍ ဂုဏ်တော်ဖြန့်လျှင်၊
မင်းကြောရာ၏ ဆရာတော်ဖြစ်ခြင်း။ ပေခုတိုင်အောင် ကျော်
စောခြင်းဟူသော အကျိုးငှာခံရတော်မူသည်၊ ၊အတောက်
ကိုမပြည့်သော အခါတွင် ဖြစ်၍၊ အကျိုးယုတ်သူကြောင်း
ကား၊ ဘုရားအလောင်း တော်သည်။ ဗာရာဏသီပြည်ရှင်၊
ပုဏ္ဏားသား ဖြစ်တော်မူသောအခါ၊ အဘပုဏ္ဏားနှင့် ထကွ၊
တက္ကသိုလ်ဆရာမှာ အတတ်သင်သေသ်၊ ကောင်းကင်သို့ကြည့်
၍မိန်းလျှင်၊ ရတနာမျိုး ရွာစေတတ်သော ဝေဒထိ၌ အမည်ရှိ
သောမန္တာန်ကိုသင်၏၊ သားအဘနှစ်ယောက်ဗာရာဏသီပြည်
သို့ပြန်ခဲ့သော်။ ခရီးအကြားတွင်၊ သူခိုးငါးရာနှင့် ဆိုင်မိကြ
လေ၏။ ဖမ်းပြီးသော် တယောက် ငါတို့အထံတွင် နေရစ်။သာ
ယောက်မှုကား၊ ရွေးစရာ ဥစ္စာယူချေဟူ၍ ခိုးသူတို့ထားအံ့
သော်၊ အဘပုဏ္ဏားကို၊ ဘခင်သည်တွင်နေ နှင့်ရစ်။ငါသွား၍၊
ဥစ္စာယူခဲ့မည်ဟု ဘုရားအလောင်းဆို၏၊ ဘုရားအလောင်းသည်းခံ
မည်းတော် ယခုညသည်၊ ရတနာ မိုးရွာစေ တတ်သော

နက္ခတ်မွန်းတည့်လိမ့်မည်၊ ဒိုးဘုတ်နှံ့မှ လွတ်လိုသည်ဟူ၍။ ရတနာ့သမိုးရွှာအောင် မဖြစ်ငှိမ့်၊ အန္တရာယ်ကြီးစွာ ဖြစ်ချေတော့မည်ဟူ၍မှာခဲ့ပြီး၊ အဘပုဏ္ဏားသည်။ ဆင်းရဲကြည်းမြောင်စွာမနေပြီ၊ ရတနာ့သမိုးရွာအောင်ပြုတော့မည်ဟူ၍။ သားမှာခဲ့သောစကားကိုမှုယူဘဲ၊ ရတနာ့သမိုးရွာအောင်ပြု၍ရွာလေသျှင်၊ ဒိုးသူတို့သည် ဥစ္စာကိုယူ၍။ မိုးသောက်မှ ပုဏ္ဏားနှင့် ထကွ၊ သွားကြလေသည်။ ခရီးအကြားတွင်။ အသစ်ဖြစ်သော ဒိုးသားငါးရာတို့ကိုတွေ့မြင်၍၊ တိုက်မည်ပြုလေသော်၊ ငါတို့မှာရတနာ့မိုးရွာအောင် ပြုတတ်သော ပုဏ္ဏားပါသည်။ သည်ပုဏ္ဏားကိုသာယူတော့ဟူ၍ပေးလိုက်လေ၏၊ သူခိုးသစ်တို့အည်။ ပုဏ္ဏားကိုယူ၍ သွားလေသော်။ ညအိပ်သို့ ရောက်သောခါ။ ရတနာမိုးရွာအောင် ပြုပါတော့ ဟူ၍ဆို၏၊ ပုဏ္ဏားလည်းရတနာ့မိုးရွာစေတတ်သော နက္ခတ် မွန်းလွဲခဲ့ပြီ။ သည်နက္ခတ်လည်းတစ်နှစ်တကြိမ်မွန်းတည့်သည်ဟူ၍ဆို၏၊ ဒိုးသူတို့လည်း သူများအတို့ကား မွန်းတည့်သည်။ ငါတို့အတို့ကို မူကားမွန်း မတည့်ဆိုရမည်လောဟူ၍။ပုဏ္ဏားကိုသတ်လေ၏။ဤအရာ၌ ပုဏ္ဏားသည် မအခါသော အခါတွင် အဘတ်ကို ပြုချေသောကြောင့်အသက်ဆုံးချေသတည်း။ ။လောကာဘတ်တွင်လည်း။ဖြည့်ရှင်မင်းတပါး သည်ကြီးစွာသောစေတီကိုတည်၍။ထီ။ တေသီဖျား၌ကျောက်ကောင်းကိုတည့်သည်။ နောက်တရံ တရောက်သောသူသည် ယူသောရော၍ဟူ၍။ စေတီကို အထက် ပညာလက်ဝါးကပ်ဖြင့်အဖြားတိုင်အောင် တက်နိုင် သသူကို ဆုပေးမည်းဟူ၍၊ ပရိယာယ်ဆိုသည့်ကို၊ သူတယောက်သည့် ကျွန်တော်တက်နိုင်ပါ၏ဟုသျှောက်၍ ထ က်စေပြီး၍၊ ထိုသူကိုသတ်ဘူလေသည်၊ အတတ်သည်ထည်း၊ လောကဝတ်လျှမှ အသက်ဆွေးရမည်အား၊ အဖွာရသ တဆယ့်ရှစ်ပါး သောအတတ်။ ပွဝတ်စသေားကျမ်းဂန်အထက်ဟူ၍ နှစ်ပါးရှိသည်။ ထိုနှစ်ပါးတို့တွင်၊ အဖွာရသထိမှအထက်တဆယ့်ရှစ်ပါး ဟူသော်

ကာ။ အကြွားအမြင့်အတတ်၊ ၁။ သတိရတိ။ မွေ့သတ်အတတ်။ ၂။ သင်္ချာ၊ အရေအတွက်အတတ်။ ၃။ ယောဂ။ တစည်းရုံးဆောက်အခစ္စရှိသောလုပ်မှုအတတ်။ ၄။ နီတိ၊ ကျင့်ရာမကျင့်ရာ အကျိုး၊ ရှိရာ မရှိရာကို ဆုံးမကြောင်းဖြစ်သောနီတိကျမ်းအတတ်။ ၅။ ဝိသေသိကာ၊ ထူးထွေစသောပြွတ်၊ အသာဝနိုစသောနတ္တ်။ တိတ္ထျုပါယာ စသောဗျာကရိုဏ်းအတတ်။ ၆။ ဂန္ဓဗ္ဗာ၊ စည်စောင်းညှင်းစသောအတတ်။ ၇။ ဂဏိကာ၊ ပေါင်းလွှဲပယ်စသောအတတ်၊ ၈။ ဓနုဗေဒ၊ လေးအတတ်၊ ၉။ ပူရဏာ၊ စကားဟောင်းအတတ်။ ၁၀။ တိကိစ္ဆာ၊ ဆေးကုသောအတတ်၊ ၁၁။ ဣတိဟာသ၊ ပျော်ပါးရယ်ရွှင်မှုအတတ်။ ၁၂။ ဇောတိ၊ ဗေဒင်အတတ်။ ၁၃။ မာယာ၊ လှည့်စားမှုအတတ်။ ၁၄။ ဆန္ဒ၊ ဆန်းကျမ်းအတတ်။ ၁၅။ ကေတု၊ တမန်အတတ်။ ၁၆။ မန္တာ၊ မန္တန်အတတ်။ ၁၇။ သဒ္ဒါ၊ သဒ္ဒါကျမ်းအတတ်ဟူ၍ ၁၈ ပါးတည်း။ ။ စာပေကျမ်းဂန်အတတ်၌ကား၊ မင်း၏ ဥစ္စာ ဘဏ္ဍာ ပိုးနှင့် တူသောသင်ခြင်း ထိသရော ဝဋ်ဆင်းရဲမှ ထွက်မြောက်လိုသဖြင့် သင်ခြင်း၊ မြွေဘမ်းဥပမာနှင့်တူသောသင်ခြင်းဟူ၍သုံးပါးတည်း။ ထိုသုံးပါးတို့တွင်၊ မင်း၏ ဥစ္စာကိုဘဏ္ဍာပိုးသောကြောင့်၊ စောင့်၍သာနေရမည်၊ ဤကဲ့သို့ရဟန္တာတို့မှာလည်း၊ စာပေကျမ်းဂန်သင်သည်ဟူ၍၊ ရဟန္တာဖြစ်သဖြင့်အထူး အကျိုးကိုမခံရပြီ။ ထိုကဲ့သို့ မခံရသေးသည်။ ပျောက်ပျက်မည်စိုးသောကြောင့်၊ နောင်အဆက်အစည် ဖြစ်ပိမ့်သောငှါသင်တော်မူသည်။ ထိုကြောင့်ရဟန္တာတို့စားပသင်ခြင်းသည်။ ဘဏ္ဍာပိုးနှင့်တူသောသင်ခြင်းမည်၏၊ စာပေ ကျမ်းဂန် ကိုသင်လျှင်၊ ကျင့်အပ် မကျင့်အပ်သည်ကို သိပါရမည်သိတိုင်းကျင့်လျှင် မဂ်ဖိုလ် နိဗ္ဗာန် ချမ်းသာကို ရပါလိမ့်မည် မှတ်၍ သင်ခြင်းသည်၊ ထိသရာ ဝဋ်ဆင်းရဲမှထွက်မြောက်လိုသဖြင့်သင်ခြင်းမည်၏၊ မြွေကို ဖမ်းသောယောက်ျား သည်။ မြွေကိုမရိုသေ

ကိုင်ချေသေး။ ထိုမြွေသည်ဖြန့်၍ ကိုက်သဖြင့်၊ သူ၏သက်ကို သေသည်းကောင်း။ သက်ရှည်ကိုသေသည်လည်း ကောင်း။ ကိုက်သဖြင့်သေခြင်းသို့ရောက်ရာ၏။ ဤ ကဲ့သို့ငါ၏ အမိန့်တော်ကျမ်းဂန်ပိဋကတ်ကိုလည်း မဂ်ဖိုလ် နိဗ္ဗာန်ကို မရည်မှတ် ဘဲ ငါ သင်၍ တတ်လျှင်။ ကျော်စောခြင်းသို့ရောက်ထိမ့်မည်၊ အချီးအမွမ်းအပူဇော်ကိုခံရလိမ့်မည်။ မတတ်သေသောသူတို့ကို မေးမြန်းနှိပ်စက်ရလိမ့်မည်ဟူ၍ လည်းကောင်း။ ငါမသင်မ ကြားနေချေသေး။ ဖြင်းရှိသည်ဟူ၍၊ ငါ့ကိုသူများကဲ့ရဲ့တော့ မည်ဟူ၍။ အကဲ့ရဲ့လွတ်စေလိုသောကြောင့် လည်း ကောင်း သင်၏၊ ထိုသို့ ဆိုခဲ့ပြီးသောအတိုင်းသင်သမျှ သူအပေါင်းကို မိမိတို့ သင်သောအမိန့်တော် ကျမ်းဂန်ပင်၊ အပါယ်လေးပါး သို့ချတတ်ချေသည်ဟူ၍၊ ဟောတော်မူသောကြောင့်၊ မဂ် ဖိုလ်နိဗ္ဗာန်ကို မရည်မှတ် ဘဲသင်သမျှသည်၊ မြွေပမ်းဥပမာ နှင့်တူသောသင်ခြင်းမည်၏၊ ယခု ကာလတချို့ရဟန်းကျမ်း တတ်၊ လူကျမ်းတတ်တို့လည်း၊ ဟောတော်မူသော အတိုင်း ပင်အယူရှိချေသည်၊ ထိုသူတို့အားတတ်သောအကျိုးကို ခံရ မည်ကိုထား၍၊ အပြစ်သာ ဖြစ်ချေသည်၊ ၊ဝမ်းဘဲအင်း နိဗ္ဗာန်ရ မင်းတရား ကြီးလက်ထက်၊ ရွှေဆံတော် ဘုန်းတော် ကြီးသည်၊ ကျမ်းဂန်အတူးတတ်သည်၊ ရှင်ဘုရင်မင်းမျိုးမှောက် ခင်ကြကာရေဇာခင်းကို ရဟန်းတော်ကို ချီးမြှောက်အောင်လုံ့ထပြု ပါဟူ၍၊ ဘပည့်တော်ရှင်ပညာဇောဘဆိုသသူကို၊ စစ်ကိုင်းပ မရလိုထွက် ခန္ဓသူရိယဆိုသသူကို စာနှင့်စေသည်။ ခန္ဓသူရိယ လည်း ထိုစာကို ဖတ်ပြီးလျှင်၊ ဝတ္တုမြားတံချည်၊ ဆန်ထ ပြည်ဆိုသကဲ့သို့ ဘုန်းတော်ကြီးမှာ ရှိ လတော့သည် ဟူ၍ ဆိုလေသည်၊ ရွှေဆံတော်ဘုန်းတော်ကြီးသည်၊ မြေတမ်းမှာ ဝင်ချေသည်၊ ၊ဝတွင် လည်းကောင်း၊ မင်းခေါင်ကြီး လက်ထက်၊ ထန်းတာကျောင်း ဘုန်းတော် ကြီးသည် သံ ဃာအများကို စာပေးပို့သတော် မူသည်။ ဘုရင်မင်း ခေါင်

လည်း၊ ချီးမွမ်းတော်မမူ၊ တနေ့သ၌၊ မင်းခေါင်ထွက်မတော်မူ သည့်အခိုက်တွင် ကြွားအောင်စည်တီးတော်မူ၏၊ ရှင်ဘုရင် လည်းစည်သံကြားလျှင်။ ရဟန်းသံဃာ ကံကု သတော မေး ရှေးဟူ၍မေးလျှာသော်။ ထိုကြွားမင်း သေးသောကြောင့် စည် တီးသည်ဟူ၍၊ ဘုန်းတော်ကြီးက မိန့်တော် မူလိုက်လျှင်၊ သည်အတိုင်း၊ မင်းကြီးကိုလျှောက်၍၊ ဘယ်ကြောင့်ထိုကြွား သေကြောင်းကို သိသနည်းဟူ၍ မေးပြန်သော်၊ ထိုကြွားမင်း သာသနာတော်ကို ထေးဘော်မူပါ။ ကျွန်ုပ် ကြည့်ရှု စောင်မ ပါမည်ဟူ၍ လျှောက်သောကြောင့်၊ မြတ်စွာဘုရား သာသ နာတော်ကို ထေးတော်မူသည်။ ငါသည်သာသနာ တော်ကို တွန်းတောက်မည်အောင်။ စာပေကျမ်းဂမ်တို့ကို။ ကျိုးစား၍ရှိ ပါသည်၊ ထိုကြွားမသေသော်၊ မင်းကြီးကိုနှိုး ဆော်၍ငါတို့ အားချီးမြှောက် တန်သည်၊ ထိုကြွား သေသောကြောင့်။ နှိုး ဆော်မည့်သူ မရှိ၍သာ။ မချီးမြှောက် ချေသည်။ အပ္ပနှိုက်၍၊ ထိုကြွားသေသည် ဆိုပေသည်ဟူ၍ မိန့်တော်မူသည်၊ ရှင်ဘုရ သာရလည်း၊ ဘုရိဒါတ် ဇာတ်ပေါင်း လင်္ကာ အပြီး တွင် ထိုကြွားမင်းသည်။ ဝေဇယန်ဗိမာန်တွင် ပျော်ပါ၍၊ မနှိုး ဆော်သောကြောင့်။ နေရာကြောင်း ဆောက်ပါမည် သူမရှိ၍၊ အသိုလိုမင်ဆောက်၍ နေရချေသည် ဟူ၍မိန့်တော် မူသည်၊ သည်သခင်နှစ်ပါး မိန့်တော်မူရာမှာ။ တိုက်ရိုက် မဟုတ်းငရိ ယာယ်စကား ဖြစ်သောကြောင့် မထောင်းတာ။ သို့သော် လည်း။ မင်းကအားခေါက်ခေါက် ပင့်၍ မှာ့ေး သခင် မလိုက် မကြွင်းကို။ ကျမ်းဂန် လာသည်ကို ထောက်သော်၊ အလွှန် ပင်ချာနားသည်၊ ။သည်စကား။ ကိုကား၊ အတာင်ဆိုရာ တွင်၊စကားစပ် ဆို၍သာဆိုင်သည်။ ။ဤကဲ့သို့လျှင်၊ ရန်ခါအ တတ်သင်အပ်ကြောင်း။ ရန်ခါအတတ်ပြအပ် ကြောင်းတတ် သောအကျိုးကိုခံရကြောင်း၊ အသင့်ကို နှလုံးမသွင်းဘဲ သင် ချေသော်၊ အပြစ်ရောက် ကြောင်းကိုရည်၍။ အဟာင်ရန်ခါ

ဟုမိန့်တော်မူသည်။ ။ပညာကိုရှေ့။ ဥစ္စာကိုနောက်ဟူသည်ကား။ ပညာကိုရှေ့ဦးစွာသင်အပ်သည်၊ ဥစ္စာကိုနောက်မှရှာအပ်သည်။ ပညာရှိလျှင်ဥစ္စာသည်။ အလိုလိုမတောင့်လဘဲရောက်သောကြောင့်။ ပညာကိုရှေ့ဦးစွာသင်လျှင်၊ ပညာကြောင့် ဥစ္စာသည်။ နောက်ခါ ပေါ်လတ္တံ့. ရောက် လတ္တံ့. ဟူ၍ ဆိုလိုသည်၊ နိဒါန်းချုပ်၌ လည်း၊ ဖျင်းသော သူအား။ အဘယ်ပညာအသိမ်းမှာရလတ္တံ့နည်း၊ အတတ်ပညာမရှိသော သူအား၊ ဥစ္စာအဘယ်မှာရလတ္တံ့နည်းဟူ၍၊ အတတ်ကိုရှေ့ဦးစွာဆိုချေသည်၊ ဥစ္စာပင် ရှိပါသော်လည်း။ ပညာနှင့်သသူမှာ ဥစ္စာတည့်ချေသည်၊ ပွါးလည်း ပွါးများချေသည်၊ ဥစ္စာကား ရှေ့နှင့်တူသည်၊ ပညာကား ကန်နှင့်တူသည်။ ခပ်သိမ်းသော ဥစ္စာပရိက္ခရာတို့သည်။ ပညာရှိအထံတို့ ရောက်ရ ချေသည်။ ဥစ္စာရှိသသူ ထက်လည်း၊ ပညာရှိ သသူမြတ် ကြောင်းကိုလည်း။ မဟောသဓာ ဇာတ်တွေ့ထွေ ဆိုဘူးလေသည်။ ထိုသို့ပညာရှိ၍ ဥစ္စာဖြစ်သည်ကိုရည်၍၊ ပညာကားရှေ့။ ဥစ္စာကားနောက်ဟူ၍ မိန့်တော်မူသည်၊ တချက်လည်း၊ အမှုအရာ အခင်းရှိလျှင်။ ထိုအခင်းကိုငြိမ်းအောင်။ ပညာဖြင့်ရှေးဦးစွာဆောင်၍။ ဥစ္စာဖြင့် နောက်မှဆောင် အပ်သည်ကိုရည်၍၊ ပညာကား ရှေးဦးစွာ။ ဥစ္စာကားနောက်ဟူ၍ဆိုသည်၊ ။အလျှောက်ပေးကဲမ်း ဟူသည်ကား၊ အနည်းပေးတန်သည်၊ အများပေးတန်သည်။. အဆိုးပေး တန်သည်၊ အကောင်း ပေးတန်သည် အလျှင်ပေးတန်သည်၊ နောက်ပေး တန်သည်ကို လည်းကောင်း လက်ဖြင့် ပေးတန်သည်၊ ခွက်ဖြင့်ပေး တန်သည်၊ ခွက်ကြုပ်ခရုတ်ကသပ်ဖြင့် ပေးတန်သည်ကို လည်းကောင်း။ . လျှင်။ အလျှောက် သောက်ရှု၍ ပေးရာသည် ဆိုလိုသည်။ အဘယ်ကြောင်းနည်းဟူမူကား၊ ဂကိုလေးပါးသို့လိုက်၍။ အများတန်တဲ့သူကို။အနည်းပေးချေသော်လည်းကောင်း၊ ငရဲလည်းလားရ ထိမ့်မည်၊ ထိုက်တံ့ရာသည်ကတွေ့င်းသမျှ ဝတ္ထုကိုလည်းဖျက်

ဆီးသံသည်မည်ချေသည်။ မလိမ္မာရာထည်းကျသည်။ ပညာရှိတို့
ကိုဖြစ်တင်ကဲ့ရဲ့ ကိုလည်းခံရချေသည်။ အနည်းသာပေတည့်
ဘသူကို အများပေးချေသေး၊ လူကောင်းတို့ နှိပ်စက် ရာမ
လိမ္မာရာသည်းကျချေသည်။ ထိုသူနှင့်တန်သမျှတွင်၊ လွန်သော
ဝဋ္ဋုကိုလည်းဖျက်ဆီးရာကျချေသည်။ ထိုကြောင့်အဆွေကျော်
ပေးကမ်းဟူ၍ မိန့်တော်မူသည်။ ချီးမွမ်းတန်သည် လူရည်
ကိုရွဆိုသည်ကား။ ချီးမွမ်းထိုက်သောဂုဏ်ကျေးဇူး ရှိပေသ
သူကိုလည်း ရှိပေသည် အဆွေကျော်ချီးမွမ်းရမည်။ ကျေးဇူး
ပညာရှိသ သူကိုလည်းကောင်း။ လူမိုက်ကို လည်းကောင်း၊
ကောင်းမွန်ပေ၏ တတ်ပေ၏ဟူ၍ ချီးမွမ်းချေသေး၊ ထိုသူတို့
သည် အကောင်းရွတ်၍ မကောင်းမှုကို ပြုကျင့်သေ သေး။
ချီးမွမ်းသသူပင် တိုက်တွန်းနှိုးဆော်ရာကြချေသည်၊ လူမစွမ်း
ကိုချီးမွမ်း လေသော်ရှိလေ သေဟူ၍ ပညာရှိတို့ ဆိုဘူးသည်။
လူမစွမ်းကိုဆိုရာ၌မလိမ္မာမိုက်မဲ၍ ကောင်းကျိုးမကောင်းကျိုး
ကိုမသိသသူကိုဆိုသည်။ သူခပ်သိမ်းပင် ကဲ့ရဲ့သော်လည်း၊
အမျိုးရာဇာ တဇယောက် ချီးမွမ်းသျှင်သင့် သည်ဟူ၍ ငါးပုံ
တော်မူတော့သည်၊ သူခပ်သိမ်းတို့ပင် ချီးမွမ်းပါသော်လည်း
အမျိုးရာဇာတယောက်မချီးမွမ်းပါလျှင်။ မသင့်ဟူ၍ ရှင်ဘုရင်
မင်းခေါင်မိန့်တော်မူသည်။ ရှင်သာရိပုတ္တရာအသောင်းထေ
ထုရစ်ရသော သည်။ အနောမဒဿီ ဘုရားရှင် ပညာတော်ကို
ကောင်းကင်စကြာဝဠာ မြေအထုနှင့် ဝုံပြီချီးမွမ်းတော် မူဘူး
သောကြောင့်၊ ပညာအရာ၌ ဧတဒဂ်ရသော ဉာဏ်တော်
ရှင်ဖြစ်တော်မူသည်။ ရှင်သာရိပုတ္တရာ ဉာဏ်တော်သည်၊
အာကာယမ်မျှလောက်ကြီး၊ သနည်းဟူမူကား။ ဘုရားရှင်ကိုသာ
လွှတ်စေ။ စကြာဝဠာတိုက်၌ရှိသော လူနတ်ဗြဟ္မာသတ္တဝါ
အပေါင်းတို့၏ ပညာသည်။ ရှင်သာရိပုတ္တရာ တပါးပညာ
ကို၊ နှစ်ရာငါးဆယ်ခြောက်ပိုင်း၊ ပိုင်း၍၊ တပိုင်းကိုမျှမတူလေ
ဟူ၍ကျမ်းလာသည်၊ နိဒ်ကျမ်းထွင်လည်းဆရာတို့ ရှေ့ထုင်

အနေတွင်ခင်ပွန်းကိုးကွယ်ရာ။ ကျွန်ုပ်ကိုလည်း လုပ်စည်ချီးမွမ်း ရာသည်ဟူ၍ဆိုသည်၊ ၊ချီးမွမ်းထိုက်သူမိုက်တို့မှာ ငါ့ကိုချီး မွမ်းလေပြီဟူ၍ အဆင်အချင် မရှိပြုချေလျှင်၊ အကျိုးယုတ် ချေသည်၊ သင်္ကေသကား၊ ငါတို့ဘုရားအလောင်း တော်သည် ရှုဟင်းသာမင်းဖြစ်သောခါ၊ ထွီးတော်လည်း ရှုဟင်းသာတ ချရှိသည်၊ အိမ်ထောင်လောက်လျှင်ငှက်အပေါင်းတို့ကိုစည်းဝေး ၍၊ ကြိုက်သူထိုက်ထံသူကိုပြုဟူ၍။ ခပည်းတော်ကဆိုသော်၊ အဆင်းအဂါနှင့်ပြည့်စုံသော။ ဥဒေါင်းပထော်ကခုကို ကြိုက် သည်ဟူ၍ဆို၏၊ ငှက်အကာတို့အပေါင်းလည်း၊ သူများအစုံ တွင်သင်တင့်ဘောက်သော ရှုဟာသ်ာမ ကြိုက်ပလေသည်၊ ဆုံ ဘွယ်သရဲရှိတော်မှဟူ၍ ချီးမွမ်းကြ၏၊ ထိုဥဒေါင်းလည်း။ သူ များချီးမွမ်းလျှင် ဝမ်းမြောက်ဝမ်းသာရှိ၍၊ သည့်မျှသာ ငေအ ရွမ်းသန်းရှိသည်မဟုတ်ဟူ၍၊ ပရိသတ်အလယ်တွင်က၏၊ ဥဒေါင်းတို့သဘောသည်၊ ကသောခါမမြင်အပ် သောအရာ ကိုသူများမြင်လေသည်၊ ဟင်းသာမင်းလည်း။ သင်သည်အ ကြောက်အရှက်မရှိ။ ထွီးနှင့်မတန်ဟူ၍ဘုရားတော်ဟင်းသာပဖိတ် နှင့်ထိမ်းမြားလေ၏၊ ဤအရာ၌ဥဒေါင်းသည်။ သူများချီးမွမ်း လေလျှင်၊အဆင်အချင်မရှိကချေသောကြောင့်၊ ရှုဟင်းသာမ ကိုမရအကျိုးယုတ်ချေသည်၊ ။ထိုကြောင့်ဒေါင်းငထိပမာ မဘူင့်ဆုနှင့်၊ဟင်းသာမင်းထုံး။ ပိတ်နှလုံးကို။ ယူကြီးမှတ်သိ စေချင်သောဟူ၍၊ သံခါင်မေးတွင်ဆိုသည်၊ ၊ရှင်အေဝ ဓါတ်အလောင်းဗာရာ ဏသီမင်းဖြစ်သောခါ ။ ငါတို့ဘုရားအ လောင်းတော်ဆင်ဖြူဖြစ်သည်။ ထိုမင်းသည် ဆင်ဖြူကိုစီး၍ သွားသော်၊ သူခပ်သိမ်းသည်ဆင်ဖြူတင့်တယ်ပေ၏ဟူ၍၊ ဆင်ကို သာချီးမွမ်းကြသည်။မင်းလည်းသူခပ်သိမ်းတို့မင်း၊ ဆင်ကိုသာ ချီးမွမ်းကြသည်၊ ငါ့ကိုမချီးမွမ်းကုန်။ ဆင်ဖြူမရှိမှသာ၊ ငါ့ကိုချီး မွမ်းကြတော့မည်၊ ထိုကြောင့်သည့်ဆင်ကိုထောင်ထိပ်များက ကျသောဇအောင်ပြုမည်ဟူ၍ ဆင်ကိုတောင်ထိပ်သို့ တက်စေ၍

ရောက်လျှင်။ ရှေ့လက်နှစ်ဘက်ထိုကြွ၍ နောက်ခြေနှစ်ဘက်ဖြင့်
သာထောင်ထိပ်တွင်ရပ်ဟူ၍ဆို၏။ ဆင်လည်းသဉ္စအတိုင်းရပ်
၏။ မကျွလိုလျှင်ခြေသုံးဘက်ကို မြှောက်၍၊ တဘက်နှင့်သာ
ရပ်ဟူ၍ဆို၏၊ သည့်တွင်၄။ ရှင်သာဒိဂုတ္တရာအလောင်းတော်
ဆင်ထိမ်းကာ။ သင့်ကိုဘေသအောင်ဆိုချေသည်၊ တပါးနိုင်ငံသို့
ဖြန့်တော့ဆို၍ ဆင်ထိမ်းတက်၍စီးမှတပါ၊ ပြည်သို့ပြန်လေ၏၊
သည့်အရာ၌မင်းသည်။ သူတပါးတို့အား ချီးမွမ်းသည့် ကိုမ
နာလို၍၊ ဆင်ရတနာ၄ယုတ်ချေသည်။ ။ဗာရာဏသီပြည်
မင်းတယောက်သည်မင်္ဂလာ၊ မြင်းကိုတံဆာဆင်၍ စီးသော်။
သူခစ်ထိမ်းသည်မြင်းကိုသာချီးမွမ်း၏။ မင်းသည်းသူခစ်ထိမ်း
သည်မြင်းကို သာချီးမွမ်း၍၊ ငါ့ကိုဘယ်ကြောင့် မချီးမွမ်းလေ
သနည်းဟူ၍၊ အမတ်တယောက်ထိုမေးသော်၊ မင်းကြီးမြင်း
မှာတံဆာလှသောကြောင့် ချီးမွမ်းသည်။ မင်းကြီးကို ချီးမွမ်း
စေလိုသော်မြင်း၏ တံဆာဆင်၍။ မြင်းကဲ့သို့သွားတော့ဟူ၍
ဆိုပေသော်၊ မင်းလည်းထိုအမတ်ဆိုတိုင်းသွားသော်၊ သူခစ်
ထိမ်းတို့သည် လက်ခုတ်လက်ပက်တီး၍၊ မင်းကြီးတင့်တယ်
လှပေ၏ဟူ၍ရယ်မောကြလျှင်ရှက်၍၊ နန်းသို့ပြန်လေ၏၊ ။
ဤအရာ၌မင်းသည်၊ အချီးမွမ်းကိုလိုလှ သောကြောင့်အရှက်
ရချေသည်၊ တချက်လည်းလူ၏ အရုပ်အရည် အဟာန်ကိုရှု၍၊
သည် လူကိုသည့်နှယ် ချီးမွမ်းသော် ကြိုက်ရာ၏၊ သည့်
နှယ်ချီးမွမ်းလျှင်သည် ဝတ္ထုကိုငအားပေးရာ၏ဟူ၍၊ လူရည်
ကိုကြည့်၍ ချီးမွမ်းချေ့တတ်စေဟူ၍ဆိုလိုသည်၊ ထိုကြောင့်
ရန်မက်ဖုန်းသွမ်း၊ လိုတို့တမ်းကာ။ ချီးမွမ်းသောထွေ၊ ဆိုစ
ပေတ၊ ကြိုက်လေသချည်းဟူ၍မိန့်တော်မူသည်။ ထိုကြောင့်၊
ချီးမွမ်းတန်သည်။ လူချည်ကိုကြည့်၍ ဆိုရာ၌၊ လူ၏အဆင်
လက္ခဏာကိုကြည့်ရှု၍ ချေ့ထတ်စေဆိုလိုသည်၊ ။တချက်
လည်း၊ လူမိုက်သည်ပညာရှိကို ချီးမွမ်းသော် ချီးမွမ်းသည့်
မမည်။ ကဲ့ရဲ့သည်မည်၏ဟူ၍ ဆိုသောကြောင့်။ ချီးမွမ်းတဲ့

သသူပညာရှိကို ချီးမွမ်းမှုကား သင့်ပေါ်ဟူ၍ မှတ်ရမည်။ ပညာရှိ သသူပင် ချီးမွမ်းသော်သည်း။ သည့်သူသေဘောကို ပင်ချီးမွမ်းသည်။ သည့်သူကားငကို ထရုံတခု လိုခြင်းသော ကြောင့်သာချေ့ဖော့ချေသည်ဟူ၍။ မိမိကိုယ်ကို သူတပါး အဟုတ်ချီးမွမ်းသည်၊ ချော့သည်။ ချီးမွမ်းချီးသော ချီးမွမ်းဟန် ပြ၍ကဲ့ရဲ့သည်ကို သိတတ်စေဟူ၍ဆိုလိုသည်။ ။ပေးမှု အရာသိဖွယ်စေဆိုသည်ကား။ သိုသရာကို ရည်၍ ပေးလှူရာ မှာ။ မည်သည့်ကာလတွင် သာပေးလှူသင့်သည်ဟု အရေးအ ထူးမရှိ။ ပစ္စုပ္ပန်လောကတွင်အကျိုးကိုလို၍ ပေးရာမှာကား။ ပဘတို့အခင်းရှိသော ကာသကို ပေးသင့်သည်။ အခင်းရှိ ခိုက်ကာလကိုပေးသင့်သည်ဟူ၍ နှစ်ပါးအပြားရှိသည်။ မင်း ဖိုးတို့မှာအခင်းအရောမရှိ။ ပကတိပင်နေခင် ဘိုကိုထောက်၍ ပေးသောကြောင့်၊ အကျိုးခံရဘူးသည်ကား၊ ပုဂံတွင်တလုပ် ဖြေးမင်းသည်၊ မင်းဖြစ်စဉ်ကာလက၊ ခုနှသကြာ့အမတ်ကြီး ယိုအခင်းမရှိတဲပင်၊ သရက်သီး ၃ လုံးပေးဘူးသောကြောင့်၊ ခမည်တော်ဥဇ္ဇနာမင်းကြီး မရှိလျှင်၊ နောင်တော်သိဟသူမင်း ပြုသည်ကိုပင်၊ အမတ်ဖြူးနှ္မ သကြာ့သည်။ မင်းသားအငယ် ရှေးကသရက်သီး ၃ လုံးပေးဘူးသောကျေးဇူးကြောင့်၊နောင် တော်ကိုသတ်၍။ တချပ်ဖြေးမင်းကိုနန်းတင်ဘူးလေသည်၊ ၊ အခင်းရှိခိုက်ကိုပေး၍ အကျိုးရောက်ဘူးကြောင်း ပြမည်ဟူ ကား၊ သိဝရမင်းသားသည်။ နောင်တော်တို့စစ်သက်သ၍ ဝန်းရံလာသောအခါ။ နောင်တော်တို့အားဥစ္စာပေး၍။ နောင် တော်တို့စစ်မထိုးဘဲပြန်ဘူးလေသည်၊ ထိုကြောင့်မင်းမဖော သခဲ့သည်။ တရေးတဖြည့်ထောင် မင်းတို့ကို ထင်ဆောင် ပေးမည်ပြုသောခါ၊ ထရား ဖြည်မှု၊ ပိဓေဟာရာဇ်ပြည်သို့ရောက် လာသောကုန်သည့်တို့ကို။ အစ်ကိုတို့ မင်းသည် အဘယ်အ သုံးအဆောင်ကို ကြိုက်သနည်းမေး၍၊ မည်သည့် အသုံးအ ဆောင်ကိုကြိုက်၏ဆိုမှ ထိုမင်းတို့ကြိုက်ရာကြိုက်ရာကိုပေး

ဘုးလေသကဲ့သို့။ မင်းမိုးကာစ၍သူခစ်ထိမ်းတို့အားထည့်၊ သည့်
သူကို သည့်ငါပေးလျှင်၊ ငါတို့အလိုသို့ပါလာမည်ဟု၍၊ထိုသူ
တို့ကြိုက်ရာကို လည်းကောင်း။ သည့်သူမှာ သည့်အခင်းအရာ
ရှိဒိုက်၊ ရွှေပေးသော် ငွေပေးသော် မည်သည့်ဌာ ပေးသော်
သင့်၏ဟု၍၊ ပေးရာသော ကာလကို လည်းကောင်း၊သိတတ်
စေခိုလိုသည်၊ ၊တချက်ထည့်း ပေးမှုအရာကို ဆိုသည်
ကား၊ ထည့်ပေးရမည့် အရာကို သိစေ လိုသည်၊ ထည့်ရော
ကိုအထိုက် အလိုက်နှင့် ထည့်၍ -မပေးသော်၊ သူတမါးတို့
ဝမ်းနည်း တတ်ချေသည်။ ပုံသက် သေကား။ မင်းယတွင်
ငါးစီးရှင် ကျော်စွာသည်၊ အခါ ခမ်းထိမ်း လံပူချက် သူစမြင်
ဗိုင်း သက်တော်ရှည်၊ ဒြောင်ရန့် စောမွန်နှစ်၊ ဝတိသ်
ယာ၊ သာဂရ ဇုဏာန္တရာစ်ကြီး၊ ရမည်းသင်း သီဟပတေ့၊
ယင်းတော်စား ဘုရင်ပညာကြီး။ ၎ိမင်း ချနှစ်ပေါက်တို့ကို
ရွှေစ ငွေတွင် ဖက်ဖွား သာခ်ပြီးသော်။ လဖက်ထည့်၍ ငါးစီး
ရှင်ကိုယ်တိုင်ပင်၊ ဇပ်ကြည်းနှင့် ဖက်ဝန်း ဖွာ၍၊ အုပ်ပြီး
သော်၊ နေ့တိုင်း တည်၏၊ တရံရောအခါ၊ ငါးစီးရှင်သတိမေ့
လျှန်၍၊ ရမည်းသင်း သီဟပတေ့သိုကို၊ ဖက်ငန်း မအုပ်ပဲ
သည့်သုံးနေ့ရှိပလေ၏။ သီဟပတေ့လည်း နှလုံးမသာရှိသော
ကြောင့်၊ ပိမိအတို့ကို မစားဘဲထား၍၊ ဒြောင်ရန်း စောမွန်
နှစ်အားတို့ကို သာစား၏၊ စောမွန်နှစ်က အကြောင်းကို မေး
သော်၊သီဟပတေ့လည်း မင်းကြီးသည် သူများကိုထည့်သော
လက်ဖက်မှာ၊ ဖက်ဝန်းအုပ်လျှက် ငါ့ကိုမအုပ်သော ကြောင့်
စားသည်ဟု၍ဆို၏။ အနောင်ငါသို့သော တိုက်ဆင်ခြောက်
ဆယ်ရှင်သီဟပတေ့ကို။ ဆင်ဖြူငါစီးသခင် ပွဲထဲတွင်အ
ရှက်ခွဲခံလေသည်၊ သူ့ရဲ့ကောင်းတို့၏ ကျေးဇူးလက်ရုံးအရည်
အသွား အစုကို သိထက်စွာဟုလျှက်၊ ငါ့ကို မသိ ပါသော
ကြောင့်၊ ပုံကန်ချားနား၍ နေမည်ကြံသည်ဟု ဆိုပေ၏၊ စော
မွန်နှစ်လည်း ဘဝကို ရုံစမ်းရစေ ဦးဟုဆို၏။ ၎င်းအကြောင်း

ကိုငါးစီးရှင်အား။ စောမွန်နှစ်ကျောက်သော်ငါး စီးရှင်ထည်းငေါ် သတိမေ့ ကျုန်သောကြောင်း၊ မဖျ`းမိမေသည် ဆို၏။ အရှင် မင်းကြီး ကျွန်တော် သီဟပတေ့ကား။ သူများကို ဖက်ဝန်း ရှုပ်ချက် ကေိုသာမရှုပ်ဘဲ ပြုလေသည်ကား၊ ငှက်မျောဖက် တေထီသည့် ဆန်ကွဲတထက် ဖက်လည်းကောင်း။ ငွေတသဲခြမ်း ထည်းကောင်း။မတန်သကား၊ပွဲသယ်၍ ရှုတ်ရှုတ် ချချ ပြုလေ သည့်ဟူ၍၊ နှလုံးရှိသောကြောင့်။ သောင်းကြမ်းပုံကံဆုံသော အကြံကို စင်ကြံလေသည့်ဟူ၍။ နားတော် သျှောက်၏။ ငါး စီးရှင်ထည်း၊ ထိုမျှဘည်းသော သူသည်။ ငါသို့ရှသော ဆင် ဖြူငါးစီးရှင်ကို ကြံလေ ပြားသေိထည်း။ အဘယ် တို့ကြံပါ လေနိုင်အံ့နည်း။ ထိုတို့ကြံလေ ပြားသေည် တမူကား၊ ကျေးဇူး ထက်ရုံးအရည်အသွား ကောင်းသောသူကို၊ ဆင်ဖြူငါးစီးရှင် ချစ်တတ်စွဟူချက် ဘိမ်းဖြန်းတတ်စွဟူချက်၊ ဤသို့ရှိင်းဖြ ရလေ၏တကားဟု သူတို့အဖြစ်ထင်လေအံ့သည်ကား ချွတ် ရားကိုယ်တော် တမူကား ကေသရာဇာ ခြင်္သေ့မင်း လက် တွင်းသို့ ရောက်သော၊ ယုန်သငယ်သည့် မာခြီးနိုင်သကဲ့သို့ လက်ရုံးဖြင့် ဆန့်၍ဘိမ်းကျုပ်ရသော်။ အဘယ် သို့လွတ် နိုင်ရာအံ့နည်းဟုဆိုတော်မူ၏။ ထိုသို့ဆိုခြင်းသည်ကား၊ငါ၏ အာဏာ လက်ရုံးကို ထည်းကောင်း။ ဘုန်းတံခိုး အာနုဘော် ကြီးသောအဖြစ်ကို လည်းကောင်း၊ သိစေလို၍သာ ပြားတည်း ထိုသို့အရည်အသွား အမြော်အမြင် အထိမ္မာပညာနှင့်ပြည့်စုံ သောသူသည်။ ငါတို့သောမင်းတွင်။ အဘယ်သို့လျှင်ဝန့်မည် နည်း။ ရှိုင်းဖြရအံ့နည်းဟု သီဟပတေ့ကို ခေါ်တော်မူ၍၊ အ ဖြစ်ကိုဝ ခံတော်မူပြီးသော်၊ အုန်းဘောင် မြင်နက် တေဆွေသီကို ဆုမေးတော်မူ၏၊ ဤအရာ၌ကဲ့သို့ ပေးဘမ်းသော်လည်း တည့် ရမည်အရာအရင်ရမည်ကို သိစေဆိုသည်။ မပေးဘဲကိုမထို ထင့်ဟူသည်ကား သူတပါးတို့ဥစ္စာ စားသောက်အံ့၊ သောင်းဖွယ် ကိုမြင်လျှင်၊မဖြပေးဘဲကိုမလိုချင်သည်ဟူ၍။ မတောင်းမယာစ်း

နှင့်၊ပေးမှသာသယူဟူ၍ဆိုထိုသည်၊ အဘာယ်ကြောင့်နည်းဟူမူကား၊မေးပေးဘဲကို တောင်းယာမ်း လိုချင်ချေသော်။ အတောင်းအယာမ်းရဲသည်၊ လောကဝတ်ကို မငဲ့အရှက်မရှိ၊လောဘကြီးသည်ဟူ၍ သူတပါးတို့ကဲ့ရဲ့လိမ့်မည်၊ တောင်းတတ်သသူကိုသူတို့မချစ်မလေးမြတ်၊ ရွံထားခြင်း၊ သည်လူသည်ငကိုမြင်လျှင်၊ တောင်းယာမ်း ပြန်လေတော့မည်ဟူ၍၊ ပုန်းရှောင်နေရင်းအာစရှိသော အဖြစ်တို့သည်ရောက်းချသည်၊ သက်သေကား၊ ရှေးသောအခါ၊ ရသေ့နှစ်ယောက်တို့သည်၊ တော၌သတင်းသုံးကြသည်၊ နဂါးတခုလည်း ရေ့တိုင်း ရောက်လှာသည်၊ ရသေ့ငယ်လည်း နဂါးကိုမြင်လျှင်။ ကြောက်သောကြောင့်၊ ကြုံလျှော့ပျော့တော့ရှိ၏၊ ထိုအကြောင်းကို ရသေ့အကြီးအား၊ ပြော၍နဂါးတို့မလာစေလိုလျှင်၊ နဂါး၏လည်တွင် ဆင်သော လည်ရွဲကို သာတောင်း တော့ဟူ၍ ဆို၏ရသေ့ငယ်လည်း၊ နဂါးလာသောခါ၊ လည်ရွဲကိုတောင်းသော်၊ သည်ရသေ့တောင်းယာမ်းတတ်သည်ဟူ၍၊ ထိုနေ့ကစ၍မလာဘဲ နေလေသည်။ ။တချက်လည်း၊ သူမပေးဘဲမသန္ဒါဘဲကိုလိုချင်သည်ဟူ၍၊ အနိုင်အထက် မလုမယူနှင့်ဆိုလိုသည်။ဘယ်ကြောင့်နည်းဟူမူကား၊ သူမပေးဘဲမသန္ဒါဘဲအနိုင်အထက်လုယူချေသော်၊ မင်းပြစ်ခံရခြင်း၊ အကျိုးယုတ်ခြင်းအာစရှိသော အဖြစ်ရောက် သောကြောင့်တည်း၊ သက်သေကား၊ ရှေးသောအခါ၊ ငါတို့ဘုရားအလောင်းသည်၊ ဗာရာဏသီပြည်တွင် ပုဏ္ဏားဖြစ်သောခါ ဆိမ်ထောင်၍၊ သိုးနှစ်ယောက်မြင်မှုအနီးဖြစ်းလာသော်၊ ရှေ့ဟာသော်ဖြ ်လေ၏၊ ရှေးကအဖြစ်ကိုအမှတ်ရလာကြောင့် သိုးတို့အထံသို့လာ၍၊ သင်တို့သည် အထုပ်အကြီးသည် မပြုနှင့်တော့၊ ငအတောင် ကိုရောင်းချ၍ အသက်မွေ့တော့ဟူ၍၊ အတောင်တချောင်းတချောင်းကိုနှုတ်၍ပေး၏၊ သိုးတို့လည်းထိုအခြင့် အသက်မွေးခဲ့တရုံရောအခါ၊ သိုးအငယ် ကာတရိန္တဘန်တို့ စိတ်မည်သည်အာ

ပြမရှိ။သည့်ခါလာသျှင်၊ အကျန့်နွတ်တော့မည်ပဟုရှ၍၊ အစ်မကို
ထိုင်ပင်၍၊ အစ်မလည်း၊ဘာမင်ပန်းချေတော့မည်ပဟု၍၊ စိတ်
မတွာဘဲပင် ထွီးအပယ်သည့်အနိုင်အထက်နွတ်လေ၍၊ ဟာသီဝ
မင်းစိတ်က မသင့်ပါမပေးဘဲကို၊ အနိုင်အထက်နွ တ်သော
ကြောင့်၊ အမွေးအတောင်အားလုံးသည့်ရွှေမဖြစ်ဘဲ၊ ပကာတိ
အမွေးအတောင်ဖြစ်၍မသုံးဆောင်ရဘဲရှိလေ၍၊ ဟာသီဝမင်း
ကိုအိုးစည့်နှင့်သွင်၍ ထားလေ၍၊ အမွေးအတောင် အ
သစ်ပေါ်မှလွတ်လိုက်၍ ပျံသျှင်ထိုနေ့ကစ၍ မလာဘဲနေလေ
၍၊ ထွီးအပယ်လည်းအလိုကြီးသောကြောင့်၊ ရွှေရခြင်းမှယုတ်
လေ၍၊ ထိုကြောင့်အလိုကြီးသော်အရနည်းသည်။ အရနည်း၊
သော်လက်ချည်းဖြစ်သည့်ဟူ၍။ ရှေးပညာရှိတို့ ဆိုလိုသည့်
ဤသို့လျှင်ရှင့ရှာလှရှာဖြင်သော်မပေးဘဲကို လိုချင်သည် ဟု၍
မတောင်းသင့်ကြောင်းကို ရည်၍လည်းကောင်း။ အနိုင်အ
ထက်မလုယက် သင့်ကြောင်းကို ရည်၍ လည်းကောင်း။ မ
ပေးဘဲကိုမလိုနှင့်ဟူ၍ မိန့်တော်မူသည်၊ လူကိုထား၍၊ ရ
ဟန်းတို့မှသော်လည်း အလှူခံလွန်းလျှင်၊ မသင့်ပါမနှစ်လိုချေ၊
အလိုကြီးသော အတောင်းအရမ်း အလှူခံရဲသော လူ့ရဟန်း
ကိုထပ်း သူကိုထား၍၊ မွေးသော အမိမှုသော် မနှစ်သက်
ချေ၊သောင်း ယမ်းတတ် သည့်ဟူ၍ အထူးဆိုဖွယ်မရှိ။ ပကာ
တိအကျွမ်း ဝင်သသူ တယောက်မှာ။ တယောက်တောင်း၊
နေကြဆက်ဆံ သသူဖြစ်၍ တောင်းသော်လည်းကောင်း၊ ကိုး
ကွယ်ရာမရ၍တောင်းသော်လည်းကောင်း၊ အဖြစ်မရှိတောင်း
ရာဘောင်းသင့် တော့သည့်၊ ။မမေးဘဲကို မဆိုသင့် ဟူ
သည်ကား၊ တတ်သည့်အိသည့်ပင်ဖြစ်သော်လည်း။ သူတပါး
တို့အပြောပါဆိုပါ၊ မမေးမတိုက်တွန်းဘဲကိုမပြောမဆိုသင့်
ဟူ၍ဆိုလိုသည်၊ အဘယ်ကြောင့်နည်းဟူမူကား၊ တော်စေ
လိုသိ၊လိုက်ပြောပြောသော်လည်း။ သူမမေးဘဲပြောချေသော်
သည်သူသည်၊ သူမမေးဘဲကိုပင်ထုတ်မှန်းကိုသိပါစေ ဟူ၍

အတတ်ကိုဖြဲလိုဂုဏ်ကိုချီးမွမ်းလို၍ ပြောဆိုလေသည့်ဟူ၍၊
သူခင်ဘိမ်းတို့လည်း၊ ကဲ့ရဲ့လိပ်မည်၊ အကျိုးရှိသည့် စကား
ပင်ဖြစ်သော်လည်း။ သူမမေးဘဲကိုပြောချေသော်၊ ပေါ့ခြင်း
သူမယုံကြည့်ခြင်း၊ ဂုဏ်မထင်ခြင်း စကားများသကဲ့ဟူ၍
ကဲ့ရဲ့ခြင်း၊ ခံရခြင်းအဖြစ်တို့သို့ရောက်ချေသည်၊ ဆေးသမား
မိုက်တယောက်သည်၊ သူတပါးကမမေးဘဲကိုဝင်၊ မင်းကိုယ်
တွင်းသည်အနာတွင်ဒိုင်းအနာပေါက်ခြိမ့်မည်ဟူ၍ ဆိုသော်၊
လွတ်အောင် ကုသပါတော့ဟူ၍ဆိုလျှင်၊ အသားကိုဖွင့်၍
သွေးဆိုးကိုထုတ်၍ကုစားအံ့၊ အနာလွတ်၍ဆေးခကို တောင်း
သော်ငါကလည်း ကုပါဟူ၍မဆို၊ အနာဖြစ်ပြိမ့် မည်လော
ဟူ၍သည်းမမေးဘဲနှင့်သား မကာတိကိုဖွင့်၍ မျှအနာခံရသည်
ကို။ ဘယ်ဆေးခပေးရမည်နည်းဟူ၍၊ အရှက်လည်းခွဲ၊ ဂုဏ်
လည်းမထင်၊ အကျိုးလည်းမရောက် ရှိသကဲ့သို့။ သူမမေးဘဲ
ကိုပြောသော်ရှိရာချေသည်၊ ထိုကြောင့်သဗ္ဗညု ဘုရားသည်း
သုရားဖြစ်ပြီးဟူ၍၊ အလိုဘုရားမဟာမချေ၊လတ် ပတိဗြဟ္မာ
မင်းတောင်းပန်မှသာဟောတော်မူချေသည်၊ ထိုမှတပါး၊ ရှေး
အကြောင်းဇာတ်တော်တို့ကိုလည်း၊ ထပည့်သ်ဿာ တော်တို့
ကဟောပါဟူ၍ တောင်းပန်မှသာ ဟောတော် မူချေသည်၊
နိမိကျမ်း၌လည်း၊ ပညာရှိသည်စည်ကြီးကဲ့သို့ဖြစ်ရာသည်ဟူ
၍ဆိုချေသည်၊ ဤသို့လျှင်သူမမေးဘဲကို ပြောဆိုခြင်းသည်အ
ဖြစ်များသောကြောင့်၊ မမေးဘဲကို မပြောလင့် ဆိုချေသည်၊
သရေခွေရာ ရေသည့် များပါ သော်လည်း၊ ငံဖျ ခါးတ်သော
ကြောင့်၊ သူခပ်သိမ်းမသုံးမဆောင်သကဲ့သို့၊ အကျိုး ရှိသော
စကားမင်ဖြစ်သော်လည်း၊ သူမမေးဘဲကို ပြောလွန်ဆိုလွန်း
ချေသော်၊ သူခပ်သိမ်းတို့ မယုံမကြိုက်သောကြောင့်။ စကား
များသသူ၌ အဖြစ်ခြောက်ပါး ရောက်ကြောင်း၊ စကားများ
သောပုဂ္ဂိုလ်သည် တယောက်သည်ခုံဘုဏ်းဟာစဉ်၊ ဆွေတယောက်
သည်၊ လေခက်လေးနှင့်မစ်၍ ဆိတ်ချည်းတဖြည့်လုံး ဝမ်းသို့

ဝင်သည်ကိုမျှမထိ။ မင်းကြီးမိန့်တော်မူ၍သိ၍။ ဖုဏ္ဏသွားအရှက်ရအကြောင်းကိုလည်း ကျမ်းဂန်၌လာချေသည်၊ ။မခေါ်ဘဲကိုမသွားလင့်ဟူသောကား၊ အခေါ်အရာမရှိဘဲကို၊ သူထံပါးအထံသို့မသွားလင့်ဆိုလိုသည်။ အဘယ်ကြောင့် နည်းဟူမူကား၊ အတွက်မရှိဘဲကို။ သည်သူလာသောကြောင့်ငါ့တို့မှာ အလုပ်အကိုင် အကြီးအစည် ပျက်ရချေသည်။ ဆေးလာဘ်ဘက်လည်ကုန်ချေသည်။ အကျိုးမနုပ်လာနိုင်လည်း။ ပျင်းရိသည်။ အလိုအကြီးမရှိအိမ်တိုင်းဖွာည့်၍သာ နေသည်ဟူ၍ ကဲ့ရဲ့အပြစ်တင်ကိုလည်းခံရချေသည်၊ မိမိကိုယ်မှာလည်းအိမ်ချေမတင့်တယ်လေအလွန် ဖွာည့်ပတ်၍။ အလုပ်အကြီး ပေါ်လျော့ သမြင့်၊ မပြည့်မရုံနိုင်၍။ ဆင်းရဲခြင်း ကျွေးမြီး များခြင်းအစ ရှိသောအပြစ် သည်လည်း ရောက်ချေသည်၊ မြင်ဘန့်များ သောငယ်သည်နှမ်းဘန့်များသောဘြယ်သည်ဟူ၍၊ ရှေးသူဟောင်းတို့ဆိုရာသို့လည်း ရောက်ချေသည်။ ခေါ်မှသွားရ မူကား၊ ကျေးဇူးလည်းတင်သည်၊ သူလည်းလေးမြတ် ရိုသေသည်ထိုကြောင့်မခေါ်ဘဲကိုမသွားလင့်ဟူ၍ မိန့်တော်မူသည်၊ အတတ်ပညာရမည့်သူအထံ၊ ပစ္စုပ္ပန်သံသရာအကျိုး ဖြစ်မည်သူအထံသို့ဖြစ်မူကား။ မခေါ်ဘဲပင် သွားသင့်သည်၊ အကျိုးမဲ့သူအထံသို့သာ မခေါ်ဘဲကို မသွားသင့်သည်။ ။မမြိန်ဘဲကိုမစားလင့်ဟူသည်ကား။ မမြိန်ဘဲကိုစားသော်အစာသည်အစာလည်းမကျေ။ ခွန်အားလည်းမဖြစ်၊ ဝမ်းထဲတွင်သာအနာဖြစ်သည်။ အသွေးအသားလည်းမဖြစ်။ ဤသို့လျှင်စား၍အကျိုးမဖြစ်။ အပြစ်သာရောက်သောကြောင့်။ မမြိန်ဘဲကိုမစားလင့်ဟူ၍မိန့်တော်မူသည်၊ ကျေးစားငှေစားအစ ရှိသည့်တို့၌လည်းသဒ္ဓါရုံးအကြောင်းနှင့် အရာထံရုံ့သာမစား၊ အကျိုးအာလွန်စားခြင်းသည့်မမြိန်ဘဲကိုစားသည်မည်၏၊ ။မမှည့်ဘဲကိုမဆွတ်လင့်ဆိုသည်ကား၊ ပကာတိသစ်သီးတို့မှာလည်းမမှည့်ဘဲကို ဆွတ်၍စားသော်၊ စား၍လည်း အရသာ မရှိမဲ့

ကောင်း၊ နောင်တို့လည်းမျိုးမရ။ ပြည့်ရွာအဆီအခွံအထုတ်ကိုလည်းမစည့် မပင်မပွားမများစေဘဲကို။ အလျှင်လိုစားသောက်ချေသော၊ မမှည့်ဘဲကိုဆွတ်သည်မည်၏ ထိုကြောင့်၊ မှည့်မှဆွတ်သော သစ်သီးသလျှင်၊ အရသာနှင့်ပြည့်စုံသည်။ နောင်တို့လည်းမျိုးရသည်။ ရွာပြည်စည်ပင် တိုးပွားမှရွာပြည်အဆီအခွံ အထုတ်ကို စားသောက်ခြင်းသည်၊ မှည့်မှဆွတ်သည်မည်၏။ ဤကဲ့သို့မှည့်မှဆွတ်သော သစ်သီးသာအကျိုးများသည်ကိုရည်၍ မမှည့်ဘဲကိုမဆွတ်လင့်ဟူ၍ မိန့်တော်မူသည်။ တိတ်တိတ်နေသော်လော ဝင်၏ ဟူသည်ကား၊ မသိမတတ်ဘဲကိုသိဟန်တတ်ဟန် ကြွားလွှား၍၊ မပြောမဆိုလင့်။ အကျိုးမရှိသည်စကားမဆီမဆိုင်သည့် အရာကိုလည်းမပြောမဆိုလင့်။ တိတ်တိတ်နေဘိဆိုလိုသည်၊ အဘယ်ကြောင့်နည်းဟူမူကား။ မသိမတတ်ဘဲကိုကြွားလွှား၍ ပြောဆိုသဖြင့်၊ သူမေး၍မပြောမဆိုနိုင်မတတ်ကြောင်းကိုလည်းသူသိလိမ့်မည်၊ မတတ်ဘဲကိုဝါသည်ဟူ၍၊ သူတပါးတို့ ကဲ့ရဲ့ခြင်း စကားမဖွန့်ခြင်းသို့လည်းရောက်ချေသည်။ နီတိကျမ်း၌လည်းအကျိုးမရှိသောစကားကိုပြောသောထက်၊ တိတ်တိတ်နေရာမှာမြတ်၏၊ ဟူ၍လည်းကောင်း၊ ရေးရာမရ၊ ဗျာကတက်ကို ပြောကြသောထက်။ မပြွက်သံချေ၊ တိတ်တိတ်နေသော် ကုရေဆပွါး၊ အကျိုးများ၏၊ သားလာ။ မပြွက်၊ နေသောထက်သည်း၊ နှုတ်နက်တော်ခွန်။ မိန့်တော်ဝန်ကို။ တခွန်းမျှလျှင်။ ပြောရချင်က။ အသင်္ချေ မရေတွက်သာ၊ ကျိုးများဖွားမည်ဟူ၍ လည်းကောင်း။ တချီတော်မီ၊ ရသင့်ငြိရှိလည်း။ နောက်ပြီးသက်ဆုံး။ ပြောရာစုံးဖြင့်၊ နှစ်လုံးမစောက်၊ တအောက်မေ့မေ့၊ ပွါးသိ၍လျှင်။ ကျင့်လေသမှု၊ သားတခုကြောင့်။ အဘာသုံးပါး၊ အပါယ်လင့်၏ဟူ၍လည်းကောင်း၊ ပညာရှိတို့မိန့်တော်မူသည်၊ တိတ်တိတ်မနေ၊ နှုတ်မစောင့် သောကြောင့် အကျိုးမရောက်ဘူကြောင်းကား၊ ဇာရာနသီပြည်တွင်၊ မျိုးကိစ်ကြောင်နှင့် အ

ဖွယ်ပေါက်သော ပုဏ္ဏားရှိသည်။ ပုဏ္ဏား မယားလည်း၊ မိမိ ထင်နှင့် အဆင်းတူသော ပုဏ္ဏား တရောက်နှင့်။ အပြောအဆိုရှိသည့်ကိုသိ၍ ထားသေသ်မနိုင်သောကြောင့်၊ ရေနံသူကို ထောက်နှင့် သတ်သောထက်၊ မင်းကြီးကိုဖွည့်စား၍ သတ်စေအံ့ဟုကြံ၍။ မင်းကြီးဇမ္ဗူမြပ်ကျွန်းသည်း ကျွန်းတကာတွင်အမြတ်မြို့တော်လည်း မြို့ထကာတွင် အမြတ်။ မင်းကြီး လည်း မင်းတကာတွင် အမြတ်ဖြစ်တော်မူသည်။ ထွက်တော်မူသော တောင်တံခါးမှုကား ၊ မင်္ဂလာမှုရှိသောကြောင့်၊ မင်္ဂလာပွဲအသစ်တည်ရသော် ကောင်း၏ ဟုဆိုလျှင်။ မင်းကြီး အလိုပါသောကြောင့်၊ ပုဏ္ဏားအလိုရှိသော အတိုင်း။ မင်္ဂလာရှိသော သစ်အစရှိသည့်တို့ကိုယူပြီးမှ၊ နက်ဖန်နက္ခတ်ကောင်းသည့်ဖြစ်သောကြောင့်၊ တံခါးတိုင် စိုက်မည်၊ နိုတ်ပုဓော် စရာစီရင်တော်မူဟုဆိုသည်ကို၊ အဘယ်ဌါအလိုရှိသနည်းဟုမေး၍၊ တံခါးကို ထိုင်းကြီးသောနတ်စောင့်သည် ဖြစ်သောကြောင့်၊ များသောပူဇော်ဘွယ်ဝတ္ထုနှင့်တကွ၊ ကြောင်သောမျက်စိ၊ ထွက်သောအစွယ်ရှိသော အမိအဖမျိုးမှ စင်ကြယ်သော ပုဏ္ဏား စစ်ကိုသတ်၍။ အသား အသွေး ဖြင့်ပူဇော်၍ အကောင်ကိုတည့်၍စိုက်ရမှု။ မင်းကြီးလည်း ချမ်းသာ စီးပွားများအံ့။ သည့်မြို့လည်းမြဲမြံခိုင်ခန့်အံ့သည်ဟုဆိုလျှင်၊ ကောင်းပြီဟုအာမခံသဖြင့်၊ ရေနံသူ၏မျက်စိ ကြင်းကိုမြင်ရတော့မည်ဟု။ ဝမ်းမြောက်ဝမ်းသာအိပ်သို့သွား၍။ နွတ်စောင့်ခြင်းဌါ မထိတ်နိုင်ရကား၊ ပြာယ်ကျွန်မယုတ်၊ ဤနေ့မှစ၍ ဘင်ဖြန်ခင့်အသွားနှင်းမွှ ချေသ်ရအံ့နည်း၊ ခင့်သယောက်ကို နက်ဖြန်သတ်၍ မင်္ဂလာပွဲတော့မည်ဟု အဆော အလျှင်ဆို၏။ အပြစ်မရှိဘဲကို ဘယ်ကြောင့်သတ်အံ့နည်းဟု ဆိုသည်ရှိသော်၊ ဤသို့သဘော အကြောင်းကြောင့်သတ်မည် ဆိုသည်ကိုပုဏ္ဏေးမကြားလျှင်။ သယောက်သို့စေခိုင်း၍။ တပါးသို့ ပြေးလေစေသဖြင့်၊ ထိုစကားကိုအဆင့်ဆင့်ကြား၍၊ ထိုပုဏ္ဏားနှင့်တူသော တပါးသောပုဏ္ဏား

တို့သည်လည်း၊ ပြေးလေကုန်၏။ ရိုးသောက်လျှင် ရန်သူပြေး ရှုံးမထီသောကြောင့်၊ ပရောဟိတ် ပုဏ္ဏားသည်၊ ခံနက်စော စောကမင်း အိပ်သို့သွား၍၊ ဤမည်သော အချင်းမျိုးသို့ သော အဆင်းသဏ္ဌာန်ရှိသော ပုဏ္ဏားရှိ၏။ ယူစေဟု ဆိုလျှင်။ အမတ်တို့ကိုမင်းကြီးစေ၍၊ ပြေးလာသောကြောင့်၊ မရှိသော အဖြစ်ကိုသိ၍၊ ထိုပုဏ္ဏားနှင့် တူသော သူကိုရှာဟု၊ မြို့အလုံးကို ရှာသေးသော်လည်းမရဟု၍၊ ယခုစီရင်သော ပရောဟိတ် ပုဏ္ဏားမှသာပါ။ မရှိပြီဟု လျှောက်သဖြင့်၊ ပုရောဟိတ် ပုဏ္ဏားကို မသတ်ကောင်းချေဟု မင်းကြီးဆိုသည်ကို၊ ပုရောဟိတ်ပုဏ္ဏားကြောင့်တံခါးပျက်၍၊ ယနေ့မတည်ရသည် ရှိသော် မြို့မထုံရာ။ ပုရောဟိတ်ပုဏ္ဏားသည်၊ ယနေ့မတည်ဖြစ်သော် တနှစ်လည်မှအခါရမည်ဟု ဆိုသည်ဖြစ်သောကြောင့်၊တနှစ်ပတ်လုံး တံခါးမရှိသော်၊ ရန်သူဝင့်မရ ထေပြီးသော၊ တံခါးကို ပရောဟိတ်ပုဏ္ဏားပြုစေ၍၊ ထိုသူနှင့် တံခါးတည်သော် မကောင်းသောဟုအမတ်တို့လျှောက်လျှင်၊ အဘယ်ကို ပရောဟိတ် ပြုစေရသော်ကောင်းအံ့နည်း မင်းကြီးမေး၍၊ ဤပုဏ္ဏား တမည့်ဖြစ်သော ကဏ္ဍရိယလုလင်ကို ပြုစေရသော်ကောင်း၏ဟုလျှောက်ကုန်သဖြင့်၊ ကဏ္ဍရိယ လုလင်ကိုခေါ်၍၊ များစွာသော ပူဇော်ခြင်းဖြတ်နှီးခြင်းနှင့်တကွ ပရောဟိတ်အရာကို ပေး၍၊များစွာသောအခြံအရံဖြင့်တံခါးတည်ရာဌာ၊မင်္ဂလာ ပြုမိမ့်သောဌာနေသည့်ရှိသေးသော်၊ဘုရားအလောင်းကဏ္ဍရိယလုလင်သည်၊တံခါးတည်အံ့သောအရပ်ကို သွား၍ကြည့်သော်၊ တွင်းတူးစေပြီးသော်၊တွင်းနှင့်တကွ၊ ဟင်းတိမ်ရန်၍၊ နေရာသို့ ပရောဟိတ်ပုဏ္ဏားကို၊ မင်း၏အာဏာဖြင့် နှောင်ဖွဲ့၍ ဆောင်သည်ကို၊ ဘုရားလောင်းခေါ်၍ တင်းတိမ်တွင်း၌ အတူနေ ပေလျှင်၊ပရောဟိတ်ပုဏ္ဏားသည်၊ တွင်းကိုကြည့်၍ မခံဆောက်တည့်ရာရသဖြင့်၊ ငါမိုက်ခဲ့သောကြောင့် ခုတ်ကိုမစောင့်မှု၍၊ ရန်သူဖို့ပျက်စီး ကြောင်းကို ဆိုသောငါသည်၊ ငါကိုယ်ကို လည်း

ကောင်း။ ငါသတ်သည်မည်၏ဟု ဆုရှားထောင်းအားဆိုသော်
ဆရာသာ နွှတ်ကိုမစောင့်သောကြောင့် ဆင်းရဲခြင်းသို့ရောက်
သည်မဟုတ်။ ထိုပါးကုန်သောသူတို့လည်း ရောက်ကုန်တော့
သည်ချည်းဟုဆို၏။ ဆရာမကြောက်လင့်၊ ဆရာအသက်ကို
ငါပေးမည်။ ငါ့ကို့မှုကား နွှတ်စောင့်ပါဟု နကြွတ်မပြည့်သေး
ဟု။ ခွေးအတို့ကိုလွှန်စေ၍၊ သန်းခေါင်ယံ၌ ဆိတ်သော တချက်ကို
ယူ၍။ ထိုဆိတ်သားဖြင့် နတ်ပူဇော်၍။ ဆရာကိုဝေးစွာ
ဖွတ်လိုက်သော်၏။ ဤအရာ၌မှုအကြွင်းသည်။ နွှတ်မစောင့်သော
ကျောင်းအလှူသသောချေသည်၊ ဆုရှားအလောင်း၊ ဘဏ္ဍာရိယာ
လိုင်ကာယ်၍သချွမ်းသာရချေ သည်၊ ။ဗာရာဏသီပြည်
၌လည်းကောင်း၊ ကာဠီအမည်ရှိသော ပြည့်တံဆာမသည်၊
ကုဏ္ဍလီအမည်ရှိသော မောင်ကို၊ ဥစ္စာကြွေးပေး၍သိမ်း
မွေး၏ ထိုမောင်သည် မိမ္မကြုံးခြင်း၊ ကျွေးကြုံးခြင်းအစရှိ
သည်ဖြင့်။ ရသောဥစ္စာကို ဖျောက်၍။ ဒပန့်တသဲလဲ ဆုမ္မ
သော်လည်းမနိုင်ရကား၊ တနေ့သ၌အရုံး၍ အဝတ်မပါကတ်
ကျစ်ပုဆိုးကိုဝတ်၍ လာသည်ကို။ ကာဠီ အမျက်ထွက်၍၊
လည်ကိုင်၍ထုတ်စေသည်ရှိသော်။ တံခါးရင်း၌ ငိုရှုနေသည်၊
သနေ့တထောင်ပေး၍ နေ့တိုင်းလာမြဲသော သူဌေးသား တ
ကောက်ကို၊ လာမြဲလာရာတွင်မြင်၍ အကြောင်းကိုကြားလျှင်။
မောင်ကိုအဝတ်အစားပေးပါလောဟု။ ပြည့်တံဆာမမိမ္မအား
ဆိုသော်၊ သည်မောင်ကို ကျွန်ုပ်ရှုမှု၍ မနိုင်သော ကြောင့်
ပင်၊ အဝတ်အစားကို လုယူသည်။ ရှင်သူဌေးသား ချစ်မြတ်နိုး
လျှင်။ ပေးပါ လောဟုဆိုသဖြင့်၊ အသပြာတထောင်ပါရာတွင်
ငါးအတိုက်ကိုထိုသူအားပေး၍၊ ငါးရာတို့အဝတ်ဆာပန်းနံ့ သာ
ပြုစေ၍၊ အဝတ်သစ်လဲ၍ မွေ့လျော်ကြည်၍သွားခါလျှင်၊ အဝတ်
ဟောင်းလဲ၍ထားခဲ့ရသော အခါ ဖြစ်သောကြောင့်၊ သူဌေး
သားသည်။ အဝတ်သစ်လဲလျှင်၊ အဝတ်ဟောင်းကို ပြည့်တံ
ဆာမိမ္မ၏မောင်၊ ကုဏ္ဍလီအား ပေး စေ၍၊ ပြည့်တံဆာမသည်

ရိုးသေကြ၍၊ သူခွေးသားသွားသောခါ၊ အဝတ်ကို ချွတ်၍ ယူသိုက်မပြုမှုကျွန်မတို့အားနှုတ်ထည့်၍ထိုအတိုင်းချွတ်၍ယူ သောကြောင့် အဝတ်မဲ့ဘဲသူခွေးသား ထွက်သည်ကို မြင်သ သူတို့သည်၊ ရယ်မော၍ရှက်ရွံ့ရွတ်သဲသဲပြောဆိုသကဲ့သို့ပြုကြ သဖြင့်။ အလွန်တရာ ရှက်ကြောက်ခြင်းဖြစ်၍ ရှိခိုးရသည်။ ဤ အရာ၌သူဖွားသားသည်၊ နှုတ်မစောင့်သောကြောင့်၊ မိမိအ ဝတ်ပုဆိုးကိုသူတပါးတို့အားပေး၍ အဝတ်မဲ့ကိုယ်လည်း ဖြည့်တံဆာမိဖွယ်ရ၍အရှက်ရချေသည်။ ဗေရပုဏ္ဏားသည် ပြည် ၌လည်းကောင်း ရိုးသူတို့သည်ဆိတ်ကိုနှိုး၍ ညည်းကချေ၍၊ နွေမှသတ်မည်ဟု။ထောနားသို့ယူ၍ဆိတ်ကို သတ်မည်ပြုသော် ထယောက်မှာ မှုတ်ကျီးစရာ ဓားမပါသောကြောင့်လွှတ်လိုက် လေ၏။ဆိတ်သူငယ်သည်။ ငါလွှတ်ပြီဟု၀မ်းမြောက်ဝမ်းသာ မည်၍ မြေးသော်ဝါးရုံပင်ကို မြေခွင့်ကံမိရာတွင်၊ သူတပါး ဓားကျ၍အသားခွဲသောခါးကျ၍၊ ရိုးသူတို့ခေါ်ကြားလျှင် ယူ၍ ထိုဓားဖြင့် ဆိတ်သူငယ်ကိုသတ်လေကုန်၏။ ဤအရာ၌လည်း ဆိတ်သူငယ်သည်လွှတ်ပြီးထွက်၊ နှုတ်မစောင့်သော အသံပြု၍မြေးရာတွင်သေမြန်ရလေသည်။ ကောသမ္ဗာပြည်သည်၊ မြေးခွံမနှုင့်ပေါင်းပေါ်ရာတွင်၊ မြင်းသောခြသေ့ငယ် ကျိုးသင်အသံပြု၍ သတ္တဝါတို့ကြားသော်၊ မြေးခွံသည်ပဲ၍မ ရှိမသေရှိတော့မည်တိတ်တိတ်နေ၊ တောတထောင်ကိုပေးမည် ဆို၍ပေးထသော်။ တိတ်တိတ်မနေပေါက်ချေ၊ သောကြောင့် လားအပေါင်းတို့မရှိမသေရှိ၍၊ တောတထောင်ကို မရှိလေ သည်၊ ခြသေ့မင်းလည်းတိတ်တိတ်နေပါလေသော်။ တော ထောင်ပင်ထံလေ၏ ဆိုအားသောထုံးကိုယူ၍၊ ဘုန်းတော်ကြီး သည်နှုတ်စောင့်စိမ့်သောငှာ၊ တိတ်တိတ်နေသော် ထောင်တံ ရှိမိန့်တော်မူသည်၊ ဤအရာ၌သည်း ခြသေ့ငယ်နှုတ် မစောင့်ဘဲတိတ်တိတ်မနေသောကြောင့်၊ တောထောင်ကိုမရ ရှိချေသည်၊ အရာမရောက်ခင်တိတ်တိတ်နေ၍၊ ဆိုသင့်၊

သောအရာသို့ ရောက်မှုဆို သောကြောင့်။ အကျိုးရောက်သွား
လေသည်ကား။ ဗာရာဏသီပြည်၌ နေသောယောကျာ်း ရဆိုး
တဦးသည်။ ဟိမဝန္တာသို့သွား၍။ ဟရဒေသာဥပယ်တ
မည်ဖြင့်ဖမ်းရာတွင်။ ကိန္နရာ-မိုမကိုရ၍။ ဗာရာဏသီမင်းအား
ဆက်သည်ရှိသော်။ မမြင်ဘူးသောကိန္နရာတို့ကို မြင်ရ၍ဝမ်း
မြောက်ဝမ်းသာရှိ၍။ ဤသူတို့၌ အဘယ်ဂုဏ် ကျေးဇူးရှိသ
နည်းဟုမေး၍။ ဤသူတို့သည်သာယာ စွာသော အသံဖြင့်သီ
လည်းသီတတ်ကုန်သည်။ ကလည်းကတတ်ကုန်သည်။ ထိုသူ
တို့ကဲ့သို့လူဘို့သည် မတတ်နိုင် ကုန်ဆိုသျှင်။ ထိုရဆိုးအား
များစွာသောဆုလပ်ပေး၍။ ထိုကိန္နရာတို့ကို။ သီကုန်ကကုန်
ဟုအမှန်ဘလဲသဲ မင်းကြီးဆိုသော်လည်း။ ငါတို့သီချေကချေ
သည့်ရှိသော်အကျွန်ုပ်ကို ဗရေအသိဖြစ်အောင်။ မဆိုနိုင်ရာချေ။
သီချင်းကချင်း မှုကောင်းလျှင် ကဲ့ရဲ့သော်လည်း ကဲ့ရဲ့လတ္တံ့.
သတ်သော်လည်း သတ်လတ္တံ့။ များစွာဆိုချေက မုသာဝါဒ
သော်လည်း ဖြစ်ရာ၏။ မုသာဝါဒ ဆိုရမည်ကို ကြောက်၍
တိတ်ဆိတ်နေသည်ကို။ မင်းကြီး အမျက်ထွက်၍။ သင်တို့
သည်နတ်လည်းမဟုတ်။ အမဲဟင်းလျာ အလို့ငှာသာ ကွန်
သားရဆိုးဆောင်ခဲ့သည် ဖြစ်သောကြောင့်။ တခုက်ညစာ
တခုက်နံနက်စာချက်စေဟု မင်းကြီးဆိုလျှင်။ ကိန္နရာမသည်
မင်းကြီးအမျက်ထွက်ပြီး မချွတ်မလွဲသတ်လတ္တံ့။ စကားဆို
ရအောင်သော်ကောင်း၏။ ဆိုခါတံပြီဟုအသူကြံ၍။ မင်းကြီးမ
ကောင်းသဖြင့်ဆိုအပ်သော စကားတသိန်းတို့သည်။ ကောင်း
စွာဆိုအပ်သော စကားတခွန်းကို။ တဆယ်ခြောက်စိတ်စိတ်
၍ ဘစိတ်ကိုမျှမတူရာချေ။ ထိုကြောင့်မကောင်းသော စကား
ကိုဆိုမိမည်ကို ကြောက်၍ တိတ်ဆိတ်နေသည်ဟု ကိန္နရာမ
ဆိုသောစကားကိုကြားလျှင်။ အလွန်နှစ်သက်သည် ဖြစ်၍။
ကိန္နရာမကို ဟိမဝန္တာတောရာ မြို့မှာလွှတ်ပါချေ။ ကိန္နရာမိုက်နံ
နက်စာစားတော်ဖို့ ပို့ချေဟုဆိုလျှင်။ ကိန္နရာမိုသည်းငါ

စကားမဆိုက မချွတ်မလွှဲ သတ်ထကျ ။ ဆိုရတော့ သော်
ကောင်း၏ဟု၊ မင်းကြီး နွားအပေါင်းတို့သည် မြက်သစ်ရွက်
ကိုစားသောကြောင့်၊ မိုးသည်နွားအပေါင်းတို့၏ ကိုးကွယ်ရာ
ဖြစ်၏၊ လူတို့သည်ငါးပါးသောနွားနို့အရသာကိုမှီ၍ အသက်
မွေးကြသည် ဖြစ်သောကြောင့်၊ နွားသည်လူအပေါင်း တို့၏
ကိုးကွယ်ရာဖြစ်၏၊ ငါသည်မယားအို့ကိုးကွယ်ရာဖြစ်၏၊ ထို
ကြောင့်တယောက်ကို နှစ်သက်သဖြင့်၊ နှစ်ယောက်ကို ထွက်
ပါသည်ရှိသော်။ ဟိမဝန္တာသို့သွားပါဆုံ၊ မလွှဲသာ၍ ငါမှ
သင်ငါတို့နှစ်ယောက် ကွဲရတော့မည်၊ အသက်ရှင်လျှင်ကိုမ
ကွဲချင်ပြီ၊ အကယ်၍ မင်းကြီးသည်ဤကိန္နရာမကို သင်ဟိမ
ဝန္တာသို့ပို့ဖုံ။ ငါကိုရွေးဦးစွာသတ်မှပို့တော်မူ။ ငါတို့စကား
မဆိုလို၍နေသည်မဟုတ်၊ စကားများခြင်း၌၊ အပြစ်ကိုမြင်
သောကြောင့်စကားမဆိုသည်၊ ဤသို့အစရှိသော ကိန္နရာမို၏
တရားစကားကိုကြားလျှင်၊ မင်းကြီး အလွန်တရာ နှစ်သက်စွာ
ဖြစ်၍ထိုကိန္နရာတို့ကို ရွှေချိုင့်၌ နေစေလျက်၊ ယုံရဆိုးကိုလည်း
ကောင်း၊ ဖယ်ရာ အရပ်သို့ပို့စေ၏၊ ဤအရာ၌ကိန္နရာသည်နှုတ်
စောင့်၍ သေဘေးမှလွတ်သတည်း ။ ဤသို့လျှင်နှုတ်မစောင့်
၍အပြစ်ရောက်ခြင်း၊ နှုတ်စောင့်၍ အကျိုးရောက်ခြင်း ကိုသိ
စေလိုသောကြောင့်၊ တိတ်တိတ်နေသော တောင်ထန်၏ ဟူ၍
မိန့်တော်မူသတည်း။ ။သူခစ်သိမ်းတို့သည်နှုတ်ကိုစောင့်
ခဲသောကြောင့် ထူး၍နှလုံးသွင်း စိမ့်သောငှာ၊ သည်းအရေ၌
ဝတ္ထုသက်သေ အများဆိုသည်၊ သည့်ပြင်လည်း ဆိုစရာအ
များပင်ရှိသည်။ များလွန်းလျှင်မမှတ်နိုင်မည်ကိုရည်၍ မဆိုသ
တည်း။ ။လူလိုက်လည်း နတ်လိုက်လာ လူကြိုက် ကလည်း
နတ်ကြိုက်ကလာဆိုသည့်စကားကောင်းပေါ်အကျင့်သီလအာစာ
ရအလှူအလှရှိသော ကျေးဇူးနှင့်ပြည့်စုံသောသူကို လူအပေါင်းတို့
အလိုရှိသော ကြိုက်သလမြဲတည်း၊ လူကြိုက်ကလည်း နတ်ပင်
ကြိုက်သည့်ဟူ၍ဆိုလိုသည်၊ မိမိသည်တယောက်ခြင်းဆိုတ်,

သိတ်ပင်ကောင်းမှု မကောင်းမှုကိုပြုသော်လည်း ရှေးဦးစွာ မိ
မိကိုယ်စောင့် နတ်သိလေသည်။ ထိုနောင်မှ နတ်အပေါင်းတို့
သိလေသည်၊ လူလိုချင်နတ်လိုကြောင်းသက်သေကား၊ နေမိမင်း
သည်ကောင်းသော အကျင့်သီတင်းကျေးဇူးနှင့် ပြည့်စုံသော
ကြောင့်၊ လူအပေါင်းကြိုက်သည်၊ လူအပေါင်းကြိုက်သော
ကြောင့်။ နတ်ပြည်တိုင်အောင်ပင်ကြော်စောသျှင်။ သိကြားမင်း
မာတလိနတ် သားကိုစေ၍ ဝမ္ပာယ်စကား။ ချရာခြွေဖော် ပန်း
တိုးသော်မှ၊ ညွှာဖြော်ရွက်ကျွေ။ ပွင့်တုံပေက။ လေးကြသင့်
ရာ၊ တကြောင်းသောတည်း၊ လေညာမဆန်၊ တျော်ဝှန်ထင်
ရှားတို့ဘုရားမှ၊ ဆယ်ပါးရေပ်ပေါင်း၊ ဖှောင်းဖှောင်းဖြန့်ဖြန့်
နှံနှံကြိုင်ကြိုင်၊ လှိုင်တို့သသော်။ ရှင်စောကျော်တို့ နောင်
ဖော်သိကြား။ မြင်ရိုရိုဖြားကာ။ ရထားအင်ချ။ နောင်ကိုစ
၍မနေမသာ။ ရောက်ရသွားဟု။ ။မာတလိနတ်သားကာအ
ကြောင်းကိုဆိုလျှက်၊ ဝေဇယန္တာ ရထားနှင့် ထင်ရှားသည်ဖြင့်
မကာထိကိုပင် နတ်ပြည်သို့ ရောက်တော်မူ ရသည်။ ။
သည့်ကြောင်းကိုရည်၍။ လူလိုကာသည်းနတ်လိုဇေ်ဘူ၍ ဗိန္ဒ
တော်မူသည်၊ ထိုစကားကိုဖြန့်သော်၊ လူမလိုကနတ်မလိုလူမ
ကြိုက်က၊ နတ်မကြိုက်ဟူ၍စကားရောက်သည်သူလိုလျှင်မှ
ကားအကျို ရောက်သည့်၊ လူနတ်မလို၍။ အပြစ်ရောက်ကြောင်း
ကား၊ ရှေးသရာခါ၊ ဗာရာဏသီပြည်၌၊ ရွှေအဆင်းနှင့်တူ
သောအလွန်ဖှာသော အဆင်းရှိသောပန်းပွင့်ရုံသော ကိန္နရာမ
ကဲ့သို့ပမွယ်ခြင်းနှင့် ပြည့်စုံသော၊ သုဇာတာအမည် ရှိသော
အမျိုး ဘိုးကိုမြို့မှ မနီးမဝေးသောရွာ၌၊ အသည်ခေါင်းသား
ဘုရားလောင်းနှင့် တိမ်မြားရုံဘက်သည်ဖြင့်၊ ထင်ကိုလုပ်ကြွေး
ခြင်းယောကျာ်မကို လုပ်ကျွေးခြင်းအစရှိသော၊ ဝတ်ကြီးဝတ်
ငယ်သိသာအာစရ၊ ဝိုပစါကျေးဇူးနှင့် ပြည့်စုံသော သုဇာ
တာယည်၊ တနေ့သည်မိဘတို့ကိုဖူးမြင်လိုသောကြောင့်ထုရား
လောင်းနှင့်တကွ၊ ဖှည်းယဉ်၌စီး၍လာသည်ရှိသော်၊ မြို့တွင်း

သို့ရောက်လျှင်၊ ယဉ်ရှုသောက်၍၊ စမ္ပာယ်လစ်လူသွား သည့်ကို ဖြူဟူဒတ်မင်းကြီး မြို့သည့်ခိုက်နှင့်ကြုံခဲ့၍ အိမ်ရှိအိမ်မဲ့ကိုပေး၍ အိမ်မဲ့ရှိသောအဖြစ်၊ ယဉ်နွှစီးသောအဖြစ်။ ယောက်ျားသည် ခင်ပွန်းရှိသောအဖြစ်ကိုသိထိရက်၊ တင်သောစိတ်ကို မဖြောက် နိုင်၍၊ တနေ့သောခါ၊ ဥပါယ်တမည်ဖြင့် အနိုင်အတက်ဖျည့် စား၍သတ်အံ့ဟု ကြံပြီးသော်၊ ပဏ္ဏမြားဥဒျောင် ကျင်ကို ထိုဖျည်းသို့ ရောက်အောင်စီရင်၍၊ ပဏ္ဏမြားဥဒျောင်ကျင် ပျောက်သည်ဟူ၍၊ ဖြည်လုံး ခြေဘယ်ချွး စေလျှင်၊ မြို့ပ ခါးလေးမျက်နှာကိုပိတ်၍၊ အိမ်ရာတဲ့ခုံဖျည်း ရယားစေသော အကြိုအကြား ပွေ့နည်းစေ၍၊ ထိုဆင်ကျင်ကို ဖျည်းယဉ်နွှယား ဖွာသောသူသည်၊ ဟာယ်ယော ကျိုးမင်းကြီး ဆင်ကျင်ပျောက် သည်ဖြစ်သောကြောင့်၊ ယဉ်နွှရာအံ့ဟုဖြည့်ရကျွန်ပြု၍၊ ဗိမိ တားသောဆင်ကျင်ကိုရလျှင်၊ ထုရားသောင်းကုံ၊ ဆင်ကျင်နှိုး ဟုခထောင်းခစ်ဆဲရေး၍၊ လက်ဖြန့်ချည်၍ဆက်သဖြင့်၊ သတ် သေစေခဲ့ဟု ဆိုသောကြောင့်၊ ကြွမ်းသော အသံရှိသော စည်ဖြင့်မြို့လုံးဖျည်း၍ ခရီးလမ်းဆုံတိုင်း ကြိမ်လုံးနှင့်ခတ်ခြင်း အစရှိသည်ပြု၍၊ တောင်တံခါးဖြင့်သတ်ရာပဉ္စထိသို့ဆောင် သည့်ရှိသော်ကြောင့်လေင်၊ ဤသို့သောဆင်းရဲဝေဒနာရောက် သည်ဟု၊ ငိုကြွေးမည်တမ်းလျက်နေသော် နွှအစည့်ထဖိုက်လိုက်၍ ထုတ်ရာစဉ့်ထ၌ တလန့်ကြားအိပ်စေသည်ကိုမြင်လျှင်၊ သုဓာ ထားသည် ဗိမိသိသရုဏ်ကိုဆင်ချင်၍၊ ဤလောကနွှထီလသ ထင်းရှိသသူကို ညှဉ်းဆဲကလျ၊ အနိုင်အထက်ပြုတတ်သောသူ ယုတ်မာဘ်ကိုဖြစ်ခြင်းငှာ ရွယ်နိုင်းသောခုတ်တဲ့သည်၊ မရှိပါး ကုန်လေဟူ၍ ငိုကြွေးမည်တမ်းသောသုဓာတာ၏ သိလတံ ခိုးအားဖြင့်၊ သိကြားနေရာ ပူသောအခြင်း အရာကိုပြသဖြင့်၊ သိကြားကြည့်သည့်ရှိသော်၊ ထိုအကြောင်းကိုသိ၍ နတ်ပြည် မှလာပြီးသော်။ သိကြားအာ နှံသော်ဖြင့် ဆင်ကျောက်ကုန်းနှံ စီးသောမင်းကိုဆင်မှချ၍သတ်ရာစဉ့်တံ၌ တလန့်ကြားထား

၍၊ဘုရားအလောင်းကိုသက်ရာစဉ်၊တီးမှုယူ၍၊မင်း၏အသွင်တဲ ဆာဘာသင်လျက်။ ဆင်ကျောက်ကျုံးသို့ တင်သောခဏအား၊မတ ရားသောမင်း၏၊သည့်ကိုပေါက်ဆိုနဲ့ဖြင့်ဖြတ်၍အပြီးသို့ရောက် မှ၊သိကြားသည့်ကောင်းကင်ထက်၌ကိုယ်ထင်ပြပြီးလျက်၊သု ဇာတကိုမိဘုရား၊ ကြီးအရာ၌ထား၍၊ ဘုရားလောင်းကိုတိ သိသွန်း၍၊ အမတ်ရဟူးအစရှိသော သူတို့သည်၊ သိကြား ကိုမြင်သဖြင့်၊မ တရားသောမင်းကိုသတ်၍၊ တရားနှင့် ယှဉ် သော သိကြား ပေးသော မင်းကို၊ တော်ရကျန်သည့်၊ ဝမ်း မြောက်ဝမ်းသာ နှစ်သက်စွာ ရှိသည်ကိုမြင်၍၊ သူကြီးမင်း သည်းယာရွှေမှစ၍၊ မတရားသောအမှုကို မပြုထင့်၊တရားနှင့် ညီစွာမင်းပြု၊တရားစောင့်သောမင်းတို့၏၊ နိုင်ငံမှာမှတ်သိတ် ခြင်း။အနုသနိုပ်စက်ခြင်း၊ ဘီလူးနှိပ်စက်ခြင်း၊ ဟူသောဘေး သုံးပါး၊သည်မကာပ်မယှဉ်ရာ၊ တရားမစောင့်သော မင်းတို့၏၊ နိုင်ငံ၌မူကား၊ မိုးသည်အခါမဟုတ်သည့်၌ရွာ၏၊ ထိုတရားမ စောင့်သောမင်းနိုင်ငံ၌မိုးမရွာ၊ စပါးမှည့်သောအခါ၊ရိပ်သော အခါ။ နှင်းနှယ်သောအခါဟူ ဆိုအပ်သော၊ မလျောက်ပတ် သောအခါ၌သာမိုးရွာ၏၊ပိုက်ကြဲသောအခါ၊ အသီးအပင်ကြီး သောအခါ၊ ဖုန်းအုပ်သောအခါဟူ၍ ဆိုအပ်သော၊ လျောက် ပတ်သနှင့်တင့်သောအခါ၌မိုးမရွာ၊ တရားမစောင့်သောမင်း သည်နတ်ပြည်ကိုမရသဖြင့်၊ နတ်၏အရာမှရှော၍၊ တရားမ စောင့် သောမင်းကို၊ ဤမှုတည်းဖြင့်သာ သတ်အပ်သည် မ ဟုတ်။ငေ ရဲကြီးရှစ်ထောင်၊ငရဲငယ် ၁၂၈ ထပ်တို့၌၊အခါလေးဆ မြင့်စွာသတ်လတ္တံ့၊ထိုကြောင့်တရားကို စောစိရုန်ဟုဆုမွဲ့၍ သိကြားသည်းနတ်ရွာသို့ပြန်လေ၏၊ဘုရားလောင်းလည်းတရာ နှင့်ညီစွာမင်းပြု၍၊ နတ်ပြည်သို့ရောက်လေ၏၊ ထိုအခါတရား မစောင့်သောမင်းကား၊ဒေဝဒတ်။ သိကြားကား၊ အနုရုဒ္ဓါ၊သု ဇာတကား၊ ရာဟုလာမယ်တော်၊ တရားစောင့်သောမင်း ကား၊ငါဘုရားဖြစ်၏၊ ဤအရာ၌။ တရားမစောင့်သောမင်းကို

လူ့ယ‌လိုနှတ်မကြိုက်သောကြောင့်၊ နှတ်မလိုမကြိုက်ရှိသဖြင့်။ အကျိုးယုတ်ချေသည်။ မင်းကိုပဌနာအားဖြင့်သဘောတော်မူသည်၊ သူဌေးသူကြွယ်သူဆင်းရဲ။ ရဟန်းပုဏ္ဏားလည်းအတူတူပင်။ လူများကဲ့ရဲ့ဖြစ်တင် မလိုလျှင်၊ အကျိုး ယုတ်ကြောင်း ပါရမီခတ်း၌ လည်းပတ္တည်းစပ်ခါ၊ ဗိုလ်ပါကြီးလေးတင်သင်မေး၍၊ တဲ့ဘွေးကွယ်ရာ၊ ထွေးစရာဖြင့်၊ အာဏာသနဲ့သောင်ရှိန်စောင်ချိုတဲ့၊ ရောင်မဲ့တည့်ဟူ၍ မိန့်တော်မူသည်။ ။

မပေါ့မလေး၊ မနွေးမလျှော့ ရွှေချိန်ခွင်သို့၊ ဆိုသည်ကား။ အခင်း၊ အမှုအလုပ် အကိုင်အရာမျိုးကို၊ ပေါ့တန် မပေါ့တန်၊ နွေးတန်မနွေးတန်။ လျှော့တန်မလျှော့တန်ထည်ကိုဆင်ချင်၍။ မပေါ့လွန်း၊ မလေးလွန်း၊ မနွေးလွန်း။ မလျှော့လွန်း၊ ချိန်ခွင်ဖြင့်ရွှေကိုချိန်သကဲ့သို့ အမှုပြုရာသည်၊ မိမိကိုယ်ကိုထည်း သူတပါးတို့နှင့်၊ပေါင်းပေါ် ဆက်ဆံရာမှာ မနွေးမလျှော့၊ မပေါ့မလေးပြုရာသည်ဆိုလိုသည်၊ အဘယ်ကြောင့်နည်းဟူမူကား။ ပေါ့လွန်းလျှော့သူသည်းမရှိသေး၊ အမှုလည်းအပြီးသို့ မရောက်ရှိသည်၊ လေးလွန်းနွေးလွန်လျှော့၊ လေးလွန်းပြုဖြင်လွန်းသည်ဟူ၍၊ သူကဲ့ရဲ့ခြင်း၊ အမှုအခင်း နှောက်ကြ၍။ မပြီးခြင်းဖြစ်ချေသည်။ ထိုကြောင့်အပေါ့နှင့်အလေး၊ အနွေးနှင့်အလျှော့ကို မျှအောင်ပြုရာသည်၊ ရွှေချိန်ခွင်သို့ဆိုရာ၌။ ရွှေကိုလုပ်သော ချိန်ခွင်ခွက်ဟုမဆိုလို၊ ရွှေကိုချိန်ခွင်တွင်ချိန်သကဲ့သို့၊ အမှုသာပြုလေဆိုလိုသည်၊ ကြေးငွေကို ချိန်သည့်ကို ထည်းဆိုကောင်းလျက်၊ ရွှေချိန်သည်ကိုသာ ဆိုတေသည်ကား၊ ကြေးငွေထက်ရွှေသာမြတ်ဖွာသော ရတနာမြတ် ဖြစ်သောကြောင့်။ ရွှေကိုသာဆိုလေသည်၊ ။မတင်းမလျှော့ ဖျော့ပေါင်ပေါ့ ဆိုဆိုသည်ကား၊ ဖျော့တွင်ချည်သော ပေါ့သည်။ လျှော့လွန်းလျှင်လည်းရေကိုတန့်၍ဖျော့မသွားရှိမည်၊ တင်းလွန်း၍အထက်သို့ရောက်လျှင်လည်းမြင့်လွန်းလျှင်လည်း၊ လူးလည်း၍ မညိပ်မသက်ရှိလမည်။ မတင်းမလျှော့ရှိ၍၊ ဖျော့သည့်သွားလည်း သွားမည်

ညှိပ်လည်းညှိပ်မည်၊ တချက်ထည်း မတင်းမလျော့ ဆိုသည့်ကား၊ ဖျော့တွင်ချည်းသော ပေါ့ဝါးကိုနှစ်ဖက် အများအနည်းမျှ၍ချည်လေ။ သို့ရှိတည့်တည့်မတ်မတ်ရှိသည်၊ တဖက်ဖက်ကလေးရွေ့သော်၊ ထေးရာကိုစောင်းချိပ်မည်။ ဤသို့အခင်းအရာအမျိုးကို၊ မတင်းလွန်း မလျော့လွန်း ပြုသည်ဖြစ်၍။ လိုအပ်သောအကျိုးပြီးစီးသည်ကိုရည်၍၊ မတင်းမလျော့၊ ဖျော့ပေါင်ပေါ့သို့ဟူ၍ မိန့်တော်မူလေသည်၊ ဖျော့တွင်သာ ပေါ့ချည်းရမည်။ ပေါင်မှာ ပေါ့မချည်ရဟု ပေါင်ကို မိန့်တော်မူလေသည့်ကား၊ ပေါင်မှာပေါ့မချည်ဘဲပကတိပင်ထည့် မှတ်သည်ကိုရည်၍မိန့်တော်မူသည်။ ။မလျော့ပညာ၊ တံငါလုင်၊ မျှားကြိုးငင်သို့ဆိုသည့်ကားတံငါသည်ကဲ့ကြိုးကိုငါးမျှားကြိုးကိုငင်သည်ရှိသော်၊ နွဲ့လှအောင် ငင်လျှော်ထည်း ကြိုးလျော့၍ငါးလွတ်သည်။ လျှော်လွန်းလှအောင် ငင်လျှော်ထည်း၊ ကြိုးပြတ်၍ငါးလွတ်မည်။ ဤကဲ့သို့မနွဲ့မလျှော်ရအောင် ပညာဖြင့်ဆင်ခြင်၍၊ အရာရာ၌ သတိကိုမမေ့ မလျော့စေအပ်ဆိုလိုသည်။ ။ပညာရှိမှ ခွင့်သိသည်ဆိုသည့်ကား ပညာအဆင်အချင့်ရှိမှသာ၊ ရအပ်မရအပ်သောအခွင့်ဆိုအပ်မဆိုအပ်သောအခွင့်အခါတို့ကိုသိချေသည်ဆိုလိုသည်၊ ပညာမရှိလျှင်သူမိုက်ဆယ်ပါးကဲ့သို့ အခွင့်ကိုမသိချေ၊ သူမိုက်ဆယ်ပါး ဟူသည်ကား၊ သူမိုက်ဆယ်ပါးရန် ဆဲစားခွင့်၊ မေးရှားမျိုးနွှယ်၊ ရောဆယ်ဝန်ကျ၊ မီးယှုသစ်ခုပ်၊ ပုံ့စလုတ်က၊ ဝဲပြုတ်ဆေးပေါင်းလာမင်းချောင်းဟူ၍။ ပညာရှိတို့မိန့်တော်မူသတည်း။ ထိုဆယ်ပါးတို့တွင်။ ရန်ခံ နှီးစားဆိုသည့်ကား၊ ရှေးသောအခါးရွာတရွာတွင်လူတယောက်လယ်လုပ်သည်။ လယ်စောင့်ရာဌာရန်ဆန်းစား၊ ၍နေ့မိုက်ယောကျ်ားမလာ၍။ မင်းဘ.ယ်ဌာစားသနည်းဟုမေးသော်၊ ရန်ဆန်းကိုင်လုပ်တွင်းအပြည့်ဒုပ်ထျာက်ယောကျ်ားမကျို ရှက်သည်ဟု အဟုတ်မပြောဘဲ ပါးရောင်ချေသည်ဟူ၍ဆို၍၊ ယောကျ်ားသည်လည်း ပါးရောင်သည်ကို ရှူး

ထိုးမှသာခြောက်တော့မည့်ဆိုးသော် အသိုးခံ၍စုံး ထိုးသော် အပေါက်ကရန့်ဆန်းထွက်၍ယောကျ်ားမသိလေသတည်း။ ၁ ။ မေးမှာမျိုးနွယ် ဟူသည်ကား မိန်းမနှစ်ယောက် ဒေတူသွားသည့်ကို လူတယောက်သည်၊ ရှင်မတို့ နှင့်ယောက် ဘဲ့နွယ်တော်သနည်းမေးသည်ကို၊ ကျွန့်ုပ်ဦးမိုးကဲ့ လုံမသသော်ဦးမိုးသည်ဦးမိုးတော်သည် ဟူ၍ပြော်၏။ ထိုသို့ပြောသည်ကို မေးသောသူသည် လူရိုက်ဖြစ်သောကြောင့်၊ ညီအမ တော်သည် ဟူ၍ယူလေ သည်။ ညီအစ်မတော်ချေ၊ မည်တို့တော်သနည်း ပညာရှိတို့ကြံ ၂ ကြနဲ့။ ထိုမိန်းမနှစ်ယောင်မှုကား၊ သားနှင့် အမိသည်။ ၂ ။ရေဆယ် ဟူသည်ကား၊ ရေတွင် နှစ်သောသူကိုဖက်ရမ်း ဆယ်ချေသောကြောင့် နစ်သသူသည် ကိုယ်ပေါ်သို့တက်၍စီးလျှင် မယာနိုင်သောကြောင့် ဆယ်သောလူရိုက်သေချေသည်။ ထိုကြောင့် ရေနှစ်သသူကဲ့ ဖက်ယမ်း၍မဆယ်ရာ၊ သစ်သားဝါးလုံးကမ်း ထရချကိုသာ အမှိပ့်၍ရအောင်ပေးလေသည်။ ၃ ။ဝံကူဟူသည်ကား၊ လူကိုဝံကိုက်ရာမှနောက်ကနေ၍ မကူဘရှုဘနေ၍ ကူချေသော ကြောင့်၊ ကိုက်ရင်းလူကို လွှတ်၍ ကူသောလူရိုက်ကို ကိုက်လေသည် တချက်သည်း၊ လူတယောက် ဝန်ထမ်း၍ လာသည်ကို၊ကူပါဆိုသော်ကူမည်သူလူရိုက်သည်းနှိမ့်ရာမှနေ၍၊ဝန်ကိုပေးတော့ဆိုလျှင်အထက်ကကူတည်၊ ဝန်လေးနှင့် မခံုးပေါ်ကို ချသောကြောင့်ဝန်ကူသောလူရိုက်သေ ချေသည်၊ ၄ ။ မီးယူဆိုသည်ကားလူရိုက်သည် မီးရှိရာမှာဒိန္နဝတ်သော ဖုဆိုးနှင့်မီးညှပ်၍ယူခဲ့သောကြောင့်၊ မီးလောင်၍ ကန္ဒိုဖြစ်ချေသည်။ ၅ ။သစ်ခုတ်ဆိုသည်ကား၊ သူရိုက်တယောက် သစ်ခုတ်သော် သစ်ပင်သည်းခါနည်းတွင်၊ ခေါင်းနှင့်ခံသောကြောင့်၊ သူရိုက်သေချေသည်။ ၆ ။ပုံးဝလုတ်ဟူသည်ကား၊ အမှိုက်မရှိစင်ကြယ်ရာအရပ်မှာ သားပုံးအင်လျှော်။ အမှိုက်တောမှာ ပုံးချေသောကြောင်း၊မြေကိုက်၍သေချေသည်။ ၇ ။ပဲပြုတ်ဟူသည်ကား

ပဲအခွံကိုဝယ်၍ ပေါ့ပေါ့ထမ်း ဆောင်ရမည်ကိုမြင်၊ သူ
မို့ ကြံသည်ပဲပြွတ်၍ ထမ်းသောကြောင့်ဝန်လေ၏။ တွေ့လေသည့်
။ ၈ ။ဈေးအပေါင်း ဟူသည်ကား၊ များရည်တလက်ဖက်နှင့်
ရှားစောင်းဈေး ထစက်ပေါ်ခုမည်ကို၊ များရေတစက်နှင့်ဖွင့်၊
ရှားစောင်းဈေးတလက်ဖက်ကိုဆေးသမားမိုက် ပေါင်း၍ပေး
သောကြောင့်၊ သူနာ သေရသည်။ ၉ ။သမင် ရောင်းဟူ
သည်ကား၊ မုဆိုးတယောက်သည်၊ သမင်ကြီး တခုံ သမင်
ငယ်တခုကို ရောင်းမည် လာသည်။ လူတယောက် လည်းမှ
ဆိုးသမင်ကို ဘယ်နှယ်ရောင်းသနည်း မေးသော်၊ သမင်ကြီး
ကိုနှတသပြား၊သမင်ငယ်ကိုတသပြားနှင့်ရောင်းသည် ဆိုသော်
သမင်ငယ်ကိုတသပြားပေး၍ ဝယ်လေ၏၊ နောက်မှတပန်သ
မင်ကြီးကို ရောင်းပါဆိုသော်၊ နှစ်သပြား ပေးတော့ဟူ၍ဆို
လျှင်။ ဝယ်သူက အလျှင်ကလည်း တသပြား ပေးနှင့်လေပြီ
သည့်သမင်ကိုသည်း အသပြာပြု၍ နှစ်သပြာ ယူပါတော့ဆို
လျက်၊ဘိုမုဆိုးသည် အဟုတ်မှတ်၍ ယူလေ၏၊ ဤသို့မိုက်
အယ်ပါးဘိသည် ပညာမရှိ သောကြောင့်၊ အခွင့်ကိုမသိရ
သတည်း။ ၁၀ ။လိမ္မာစကား တတ်သည် ဆိုသည်ကား။
လိမ္မာ၍သည်အရာတွင် သည့်စကားကို။ ဆိုသင့်သည်၊ သည်
အဆက်သည်၊ သည်အခါးတွင်သည်နှယ်ဆိုမည်ဟူ၍ပညာ
ဖြင့်ဘိနိုင် တွေးဆနိုင် ကြံနိုင်မှ၊အရာအချက်သို့ရောက်စည့်
စကားအကျိုးစီးပွါး ပြီးမည်စကားကို ဆိုတတ်ချေသည်၊ မ
လိမ္မာသေးပ်အရာအချက်သို့ရောက်မည်စကားကိုမဆိုတတ်ချေ
သ[illegible] သောကား၊ဘုရားရှင်သက်ထင်၊ တပည့်တော်ရှင်သာရိ
ဒါယီမထေရ်သည်၊မလိမ္မာစကား မတတ်သောကြောင့်၊တရား
ဟောမည့်အခါကိုရောက်လျှင်၊ ကျောင်းသင်္ကန်းလှူ၍ တရား
ဟောသောအခါ၊ မသာတရားကို ဟော၏၊မသာရှိ၍ထမင်းကျွေး
လျှင်သည်း၊ကျောင်းလှူသောအကျိုး၊ သင်္ကန်းလှူသောအကျိုး
ကိုဟော၏၊ ထိုစကားကိုရဟန်းအပေါင်းတို့ ဆိုကြရာတွင်

ချစ်သားတို့ ယခုသသချင် လာခွေ့ဒါယ်သည်၊ မသိမှာသော ကြောင့်၊ စကားမတော်သည့်မဟုတ်၊ ရှေး၌လည်း ဤကဲ့သို့ပင် ဖြစ်လည်းဟု၍မိန့်တော်မူပြီး၄၊ ရဟန်းတို့က ဟောတော်မူပါ ဟု၍ တောင်းပန်သဖြင့်၊ ချစ်သားရဟန်းတို့ ရှေးလွန်လေပြီး သောအခါ၌၊ ဗာရာဏသီပြည်တွင်၊ အင်္ဂဒေ အမည်ရှိသော ပုဏ္ဏား၏၊ သောမဒေဝီအမည်ရှိသောသားသည်မင်းကိုခစား၏ မင်းလည်း ထိုသောမဒတ္တကိုနှစ်လို၏၊ အင်္ဂဒတ္တပုဏ္ဏား မှာကား လယ်လုပ်၍ အသက်မွေး၏၊ ထိုပုဏ္ဏား၏ နွားနှစ်ခုတို့တွင်တ ခုသေခဲ့၍၊ အဖပုဏ္ဏားသည် ချစ်သားသောမဒတ္တ၊ မင်းကြီး ကိုတောင်း၍ နွားတခုကိုယူပါခဲ့ဟုဆို၏၊ သားလည်း အကယ်၍ငါတောင်းချေသော်၊ အားနည်းသော အဖြစ်သည် ထင်ရှားလတ္တံ့သည်ဟုကြံ၍၊ အဖပင် မင်းကြီးကို တောင်း ဟု၍ဆို၏၊ ထိုသို့တပြီးကား ချစ်သားငါနှင့်အတူ လိုက်ပါဟု ဆို၏၊ သားသည်း၊ ဤပုဏ္ဏားသည်၊ ပညာနည်းပါးသည်၊ တက် လေ့ဆုတ်လေ့ ဆိုသောစကားကိုမျှမသိ၊ အဟုတ်ကိုအထွေ သခဆိုလမည်၊ ဤစကားကိုတတ်သောင်သင်ဦးမည်ဟု ကြံ၍၊ အဖပုဏ္ဏားကိုယူ၍ ဗိရဏဘာ သုသာန်မည်သော သင်းချိုင်းသို့ သွားလေ၏၊ မြက်ပုဒ်တို့ကို လူရုပ်လုပ်၍ သည်ကား အိပ် ရှေ့မင်း၏သူကား စစ်သူကြီးဟုမြင်၍ ရင်တုကိုပြု၍၊ အဖသည် မင်းအိပ်သို့ရောက်လျှင်၊ ဤသို့တက်အပ်၏၊ ဤသို့ဆုတ်အပ်၏ ဤမည်သော စကားကို မင်းဆို၊ ဤမည် သော စကားကို အိပ်ရှေ့မင်းကိုဆို၊ ဤမည်သော စကားကို စစ်သူကြီးကိုဆို မင်းကြီးကိုကပ်၍မူကား အရှင်မင်းကြီး သင်တော်မူစေသော ဟုဆို၍၊ အရှင်မင်းကြီး အကျွန်ုပ်အား နွားနှစ်ခုရှိပါသည်၊ ထို နွားဖြင့် လယ်ထွန်ပါသည်။ ထိုနွားနှစ်ခုတို့တွင် တခုသေခဲ့ သည်၊ တခုကျွန်ုပ်ကို သနားတော် မူပါဟု၍ ဆိုပြီး၄၊ ထို ပုဏ္ဏားသည် တနှစ်ရှိမှထိုစကားကို မှတ်မိ၏၊ မှတ်မိသောအ ဖြစ်ကိုသားအားဆို၍၊ သားသည်းပင်။ ထိုသို့တပြီးကား၊တ

ရုံတခုသော လက်ဆောင်ကိုယူ၍ လာသောသော၊ ငါမူကားအ လျှင်သွား၍ မင်းကြီးအထံ၌ နေနှင့်မည်ဟုဆို၍၊ သောမဒတ္တ သည်မင်း၏အထံ၌ နေနှင့်သောအခါ၊ ပုဏ္ဏားသည် မင်းအိမ် သို့သွားလေ၏၊ မင်းကြီးလည်း နှစ်လိုဝမ်းသာသောသဘောရှိသည် ဖြစ်၍၊ မောင်မရောက်သည် ကြာပြီ၊ ဤနေရာ၌ နေ၍ အလိုရှိ သည်ကိုဆိုလော့ဟု ဆိုသည်ရှိသော်၊ မင်းကြီး နွားနှစ်ခုတို့ ဖြင့်ထွန်၍ ထယ်ထွန်ပါသည်၊ ထိုနွားနှစ်ခုတို့တွင် တခုသေခဲ့ သည်၊ တခုကို ယူတော်မူပါဟု၍ဆို၏၊ မင်းကြီးလည်းမောင် ဘယ်သို့ ဆိုသနည်းတကား ဆိုတုံ့ဦးလောဟု ဆိုတော်မူသော် လည်း၊ ထိုအတူပင် ယူတော်မူပါဟုဆိုပြန်၏၊ မင်းကြီးလည်း ပုဏ္ဏားသည် မလိမ္မာမသာကြောင်း၊ စကား မဆိုတတ်ချွတ် ယွင်းသော အဖြစ်ကို သိတော်မူ၍ ပြုံးတော်မူလျှင်၊ သောမ ဒတ္တ၊ သင်တို့အိမ်မှာ နွားများလှသည်ဖြစ်မည်ဟုမိန့်တော်မူ ၏၊ အရှင်မင်းမင်းကြီးတို့ပေးတော်မူသောကြောင့်များသည် ဖြစ်မည်ဟု သောမဒတ္တလျှောက်သော်၊ မင်းကြီးသည် ဘုရား လောင်း ကိုနှစ်သက်၍၊ ပုဏ္ဏားအား နွားဆယ် ခြောက်ရ ဆင်စရာတန်ဆာ၊ နေးသောရွာ၊ ဤသို့ဖြတ်သော ပေးခြင်းကို ပေးတော်မူ၍ ကြီးစွာသော စည်းစိမ် ချမ်းသာဖြင့် ပုဏ္ဏားကို သွတ်လိုက်၏၊ ထိုအခါ၌မင်းသည် ယခုအခါအာနန္ဒာ၊ ပုဏ္ဏား သည်လာဠုဒါယီ၊ သောမဒတ္တသည် ငါဘုရားဖြစ်၏ဟုဇာတ် တော်ကိုပေါင်းတော်မူပြီး၍၊ ချစ်သားတို့အကြား အမြင်နည်း ၍၊မလိမ္မာသောသူအား နွားခိုက်သည် ဖိုးသည်ရှိသော်၊ မိဘ မျိုးဆွေတို့၏ အကျိုးငှာမဖိုး၊အကျိုးမရှိသည် ဖြစ်၍သောဖိုးသ ကဲ့သို့ အကြားအမြင်နည်း၍ မလိမ္မာသော သူအား လည်း၊ အကျိုးမဲ့သောဖိုး၏၊ ထမ်းပိုးထွန်တုံးကို မရွက်မဆောင်နိုင်၍ တောမှာလွှတ်ထားသော နွားပိုက်အားလည်း၊ တော၌စားသောက် ၍အသွားသော ပွားသကဲ့သို့၊ အကြားအမြင်နည်း၍၊ မလိမ္မာ သောသူအားလည်း၊ အသားသာပွား၍ ဆူဖြိုးသောကိုယ်ရှိ

သည်။လောကီလောကုတ္တရာ အကျိုးကိုစီးပွားမှုကား၊ လက်တ သစ်မျှမပွား။ တဖျော့ခန့်မက်သော ပွားလေသည်ဟု မိန့်တော်မူ ၏။ဤအရာ၌ပုဏ္ဏား၊သည် ဝထိမ္မာသောကြောင့်။စကားမထုတ် ချေသည်။ ဤအရာကိုနှစ်လုံးသွင်း၍၊ ယခုကာလ လူရှုပ်ဟန်းကို သည်၊သုစိပုတ္တ၊ဤစကါးနှင့်၊မပြောဦးစွါ၊ဆရာသမါးတို့ထံ၊ပ ညာ များကို သည်၊ကာပ်ခိုရ်၍၊ အရိုအသေးလုပ်ကျွေး၊ နေလျှက် မနေပဒါ၊ သင်အံ့နှုတ်မှ။ ကြိုးစည်သင်၍၊မနည်းရာတိုမေးမြန်းချိုပြီး၊ သုကိုတပန်း၊ ပြောဆိုမြန်လျက်။ ရွှတ်မှန်ပွဲ့ခြောက်။ ထည်ပ လောက်သော။ ပညာများကို။ ပွားအောင်မှန်စွာ ပြုကုန်ရာ၏။ ပမာအခြင်း၊နွားရိုက်လားသို့။ မပွားလေရာမှတ်ကုန်ရာ၏။ လိမ္မာသည့်ဆိုသည့်စကားနှင့် ပညာရှိသည့် ဆိုသောစကား အတူတူပင်ဖြစ်သည်။ ။ဆုကျေးဇူးကို အထူးထိမှတ်စည်း စိပ်ထည်ရာသည်၊ လာမည်ဘေး အဝေးက မြင်မှအသက် ရှည်ရာသကဲ့သို့ရာ၍၊ သုကျေးဇူးကို သိသော အကျိုးမသိ သောအဖြစ်ကို ထိတ်လန့်ချင်း၍ ရှိလေပြီ၊ ။လာမည်ဘေး ကိုအဝေးကမြင်မှ အသက်ရှည်ရာသည် ဆိုရာ၌၊ ဘေးကို ဘေးမမြင်သောကြောင့်ပျက်စီးဘူးသောသက်သေကား၊ ငါတို့ ဘုရား အလောင်းတော်သည်၊ ဗိုအရဲ ငါးရာနှင့်၊ ဟိမဝန္တာ တောတွင် သစ်ပင်ကြီး တပင်ကိုအမှီပြု၍နေသည်၊ ထိုသစ် ပင်ကြီးတပင်တွင် သစ်ကြိုတ်ရှိသောကြောင့်၊ဘုရား လောင်း တော်သည်၊ သည့်သစ်ကြိုတ်မှ၊ နွေကာလသို့ ရောက်လျှင်မီး ထွက်၍အောက်ကရှိသောသစ်ရွက်ခြောက် ပေါ်ကိုမီးကြွလျှင် ကြီးစွာသော မီးပုံဖြစ်၍၊ သည့်သစ်ပင်ကို တောက်လောင် သော်၊ ကြီးစွာသောပျက်စီးခြင်းသို့ရောက်ချိမ့်မည်ဟု၍၊ မို အဝေါင်းတို့ကိုခေါ်၍တိုင်ပင်သော်၊ ရှင်ဗိုမင်းသည်၊ သစ်ပင် ကိုမီးထွက်၍ ပျက်စီးခြင်းသို့ရောက်မည်ဟု၍ ဆိုသော်ရာ သည်း၊ ရေခွက်၌ရှိသောရေတွင်၊ မီကျောင်းရှိသည်ကို၊ဆိုသ ကဲ့သို့။ မြင့်ရိုရ်ထောင်တိုပိုးချိ၍ သွားသည် ဆိုသကဲ့သို့ထင်

ဘိသည်ဟူ၍ ဆိုကြကုန်၏ ။ဒုံမင်းလည်း သည့်ဒိုမျှားသည်။
အေသလိုသို့မလိုက်ချေဟူ၍။ တယောက်ချင်းပင် ဖြန်၍တချား
နေလေ၏။ နွှေကာလသို့ရောက်၍၊ ညည့်အခါ လေပြင်းလာ
သည့်နှင့်၊သစ်မင်းကြိတ်ကမီးထွက်၍ မီးပွားကြွထျင်း။သစ်ရွက်
ချောက်အများကိုမီးလောင်၍၊ သစ်ပင်ကိုသွဲလေသဖြင့်။ဒိုအား
လုံးသေလေ၏။ ။ဘုရားအလောင်းတော် ဟိမဝန္တာတွင်။
ရှကျွဲမိုးနတ်ဖြစ်သောအခါ၊ မြင့်မိုရ်တောင်မြောက်မျက်နှာကိုအ
မိုးရသောကုဝေရနတ်သည်။ ကြိုက်သောသစ်ပင်တို့ကို ရွေး
ချယ်၍ ယူကုန်ဟုဆိုသဖြင့်၊ တပါးနတ်တို့မူထား၊ ကုန်းထိပ်
တွင်ရောက်သော၊ ကြီးမြင့်သော သစ်ပင်ကို ယူကုန် ၏၊
ဘုရားလောင်းမူကား၊ နောင်လာလတ္တံ့ သောဘေးကိုမြင်၍၊
ချိုင့်ဝှန်းရာ။ သစ်ပင်ထူရာအရပ်၌၊ သစ်ပင်ကိုယူ၏၊ အခါတ
ပါး၊ ရန်တိုင်းလေပြင်းလာထတ်သော်၊ ကုန်းထိပ်တွင်သစ်ပင်
တပင်ထီးရောက်သော သစ်ပင်တို့ သည်လည်း။ မြိုကျိုးပဲ့
လေကုန်၏၊ ဘုရားလောင်းယူသောသစ်ပင်မူကား၊ လေသည်
ဖျားများမခတ်မိ၊ ခတ်မိသော်လည်း၊ တပင်မှာတမင်ယှိမ်းကာ
မှိကာမကျိုးမပဲ့ ရှိလေသည်။ ဤသိုထိုရှင်လာ လတ္တံ့ သော
ဘေးကိုအဝေးကမြင်မှ၊ အသက်ရှည်ရာသည်ဟူ၍ မိန့်တော်
မူသည်။ ။သူမကောင်းကိုရွှဲဆိုသည်ကား၊ တရားတော်
ကိုမသိသော။ ပညာမရှိသောနှုတ်မစောင့် ထက်မစောင့်ပြ
ကျင့်တတ်သောအကျိုးကိုမပြု၊ အဖြစ်ကိုသာပြုတတ်သောလူ
မကောင်းကိုရွှဲပါ၊ မခပါင်းဘက်နှင့်ဟူ၍ ဆိုသည်၊ ။
သူတော်ကောင်းကို ရှာဆိုသည်ကား၊ တရားတော်ကိုသိ၍၊
ပညာရှိသော နှုတ်လက်စောင့်သော အကျိုးစီးပွားကို ပြုတတ်
သောတို့ယ်နှုတ်နှလုံးကို စောင့်စည်းသိမ်းဆည်း ချုပ်ထည်း
သောသူတော်ကောင်းကို၊ သမုဒ္ဒရာပင်လယ်ခြားသော ကျွန်း
မှာပင်ရှိသော်လည့်။ တွေ့အောင်ရှာ၍ ပေါင်းပေါ်ဆိုလိုသည်။
ထိုကြောင့်။တကျွန်းချောရာ။ ပင်လယ်မှာသည်း၊ ရောက်လာ၍

ကာ၊ဒုဟာမှုတည်း၊ အနည်းမဟူ၊ ဖြေမိမ့်သူသို့၊ အယူပိုးဝါးရှိ
စည်သွား၍၊ ဟူ၍ဝါရမီးခတ်တွင်မိန့်တော်မူသည်၊ ထိုစကား
နှံဒုဟာမှုတည့်ဆိုသည့်ကား၊ လားလားမသိသည်မဟုတ်၊ သည်
အယူမှန်သလော၊ သည့်အယူမမှန်သလောဟူ၍၊ နှစ်ခွရုံရှား
ရှိကာသာဖြစ် သည်ဆိုလိုသည်၊ လားလားမသိသော်မူကား၊
အလွန်ပင်ကြိုးစားအားထုတ်၍သွား၍မေးရမည်၊ ပိုးစည်းသိ
၍၊ ထချိုကို ဖွန်ဖွန်မသိကာမူ ကိုလည်းမေးရမည်ဟုဆိုလို
သည်။ ၊သူတော်ဆုံးမနာလိုသည့်ကား၊ မြေတဲ့နှံသော်အ
ထူးထူးသော ဖွေငွေဥစ္စာရတနာတို့ကို သည်တွင်ရှိ၏ဟူ၍
ညွှန်ပြထုတ်ပေါ်၍ပေးသကဲ့သို့၊ ကျင့်အပ်မကျင့်အပ် သည်
ကိုပေါ်ပြ၍၊ ဆုံးမတတ်သောပညာရှိ သူတော်ကောင်း တို့၏
အဆုံးအမကို နာဟူ၍ဆိုလိုသည်၊ သူတော်ကောင်း တို့အ
ဆုံးအမကိုနာ၍ချမ်းသာသုံးပါးကိုရအူးသော အကြောင်းဝတ္ထု
သက်သေကား၊ များစွာထိတ္ထိ။ သူတော်ကောင်း အဆုံး
အမကိုမနာ၍ အဖြစ်ရောက် ထူးသည့်ကား၊ ရှင်ဒေဝဒါတ်
သည်၊ သင်းခွဲမည်ပြုသောကာလ၌၊ သဗ္ဗညုမြတ်စွာဘုရား
သည်၊ ဒေဝဒါတ်သင်းခွဲခြင်းကိုအလိုမရှိထင့်၊ သင်းခွဲသော်
ထကပ္ပသပတ်လုံး ငရဲမှာခံရချေ မည်ဟူ၍၊ ဆုံးမ တော်မူ
လျက်၊ မနာဘဲသင်းခွဲချေသောကြောင်း၊ မြေမျိုချေသည်၊ နိဗ္ဗိ
ကျမ်းနှံလည်း လဲဝါသည်ပေါ့၏၊ ထဲဝါပေါ့သောထက်၊ သူ
တော်ကောင်းအဆုံးအမကို မနာသောသူသည် ပေါ့၏ ဆိုချေ
သည်။ထိုကြောင့်၊ သူတော်ဆုံးမနာဟူ၍မိန့်တော်မူသည်၊ ။
သူနည်းမကျင့်ရာဆိုသည့်ကား၊ သူတပါးတို့သည့် မကောင်း
သောပညာရှိတို့ကဲ့ရဲ့အပ်သော အမှုတရာကို ပြုကျင့်သည့်မြင်
လျင်၊ သူများမှာ ပြုကျင့်သည့်ကို၊ ငါလည်း ကျင့်ထော့မည်
ဟူ၍၊ မကောင်းသောအရာကို၊ သူနည်းမကျင့်၊ အတုမခိုးရာ၊
ကောင်းသောအရာကို သာသူနည်းကျင့်ရာယူရာ၊ အတုခိုးရာ
သည်ဆိုလိုသည်၊ ထိုကြောင်းလျပ်တုတုသော်ကျန်းသည်၊ စဒ္ဓ

တရုတ်ရသေဘ်ပြုံးသည်၊ ဟူ၍ပညာရှိတို့ မိန့်တော် မူသည်။ ထို
တို့မည်သည်ကား။ ကောင်းသောအထုက်ကိုဖိုးခဲသည်၊ မကောင်း
သောအတုကို ဖြစ်လျှင်မှုကား။ အတုမိုး၍။ တနေယောက်ကိုထ
ယောက်ထောက်၍ ကျင့်ထတ်သည်။ ဥစ္စာနည်းသောသူထည့်
ဥစ္စာများသောသူမှာသာ မကောင်းမှုကို မရှောင်ဘဲကို၊ ငါတို့
ရှောင်နိုင်မည်လော။ ပညာရှိသသူမှုမကောင်းမှုကို၊ မရှောင်
ဘဲကိုငတ်လူမိုက်မှာ ရှောင်နိုင်မည်လော။ ဇမျိုးအမျိုးမြတ်သ
သူမှုမကောင်းမှုကိုမရှောင်ဘဲကို။ ငါ တို့အမျိုးအမျိုးမရှိသသူ
တို့မှာရှောင်နိုင်ရာ မည်လောဟူ၍၊ သူတပါးတို့ အတုနည်း
ကိုယူ၍ ကျင့်ထတ်သောကြောင့်၊ သူနည်းမကျင့်ရာ ဟူ၍မိန့်
တော်မူသည်၊ သည်အကြောင်းကိုရည်၍။ မိုက်မှားထည့်မြို၊
မကျွတ်တို့ဖြင့်၊ ငတ်သေပြီ၊ အသူဆိမ့်ချိန်၊ မိမိရရ၊ လျှင်စ
ကြအုံ။ ကြွယ်ဝတိုးတက်။ ချမ်းသာလျှတ်တည်။ အသက်
မွေးဘွယ်။ မစင်ကြယ်နှင့်။ အရွယ်တိုးထက်။ ကြီးပါလျှက်
လည်း၊ပျက်ပျက်ပြယ်ပြယ်။ ငရဲလွယ်ရှင့်။ မျိုးနွယ်တိုးဟက်း
မြတ်ပါလျှက်သည်း။ လေးချက်ငပါယ်။ တမ်းလျှောက်သွယ်
ရှင့်။ တို့ဝယ်သေဘ်ကား၊ ပစ္စည်းရှားခဲ၊ တရားစောင့်ခါ၊ တို့
သက်ရှာလည်း။ တန်ပါသေးစွ၊ မျိုးမငယ်သည်း၊ ကဲ့ရဲ့မ
သည်း၊အပြစ်နည်းပေ။ မဆည်းကုသိုတ်။ မလိုကောင်းမှုမရှု
ဝစ္စ၊ မေ့လျော့ကြသည်၊ ဟူ၍စတုဓမ္မသာရတွင် မိန့်တော်
မူသတည်း။ ။သူတက်စောင့် စည်းပါဆိုသည်ကား၊ ပန်း
အပေါင်းတွင်၊ ပင်လယ်ကာသစီ၊ နံ့သာအပေါင်းတွင် ဂေါသီ
တ၊ရေညှောက်အပေါင်းတွင်မကာစေ တ။ ဆင်အပေါင်းတွင်ဌ
ရာဝန်။ မြွေအပေါင်းတွင်ထိဂ်ဖိုတ်။ ငှက်အပေါင်းတွင်မြင့်
မိုရ်ငတောင်သည့် ထုံးမြတ်သကဲ့သို့။ သူထေကာတို့ ထက်ထုံး
၍ကိုယ်ရွတ်ခွင့်ပုံး သုံးပါးကို စောင့်စည်းမှုသာ။ သည်လူအ
စောင့်အစည်း ရှိသပေါ်ဟူ၍။ ပစ္စုပ္ပန် တွင်လည်း၊ သူအ
ချီးမွမ်း ခံရမည်၊ ပညာရှိသူတော် ကောင်း လူနတ်တို့

သေသအပြီး အစီးသုံးပါးကို လည်းကောင်း။ အလိုရှိသောသူ
လည်း၊ နှစ်သက်သေးမြတ်သည်။ ထင်ရှားကျော်စောခြင်း၊ သ
တင်းမွေးခြင်း လည်းရှိသည်၊ သေလျှင်လည်း ချမ်းသာ သုံး
ပါးကိုရသည်။ ထိုကြောင့်၊ သူအကျင့်စောင့်စည်းပါ ဆိုသည်
ဟူ၍မိန့်တော်မူသည်၊ ၊သူကောင်းဖြစ်ခြင်းသောဂါထာ ဟူ၍
မိန့်တော်မူသည်၊ နတ်လူအပေါင်း တို့ထက် မြတ်မည်ဆိုလို
သည်။ ၊သူချစ်ရှစ်ချစ်ကြာဆိုသည်ကား၊ မဟာကုသိုလ်
ရှစ်ပါး၊ မဂ္ဂင်ရှစ်ပါး၊ သီလရှစ်ပါးနှင့် ပြည့်စုံသောသူကို လူ
ခတ်တိရိစ္ဆာန်တို့သည်၊ ချစ်နှစ်လိုသောကြောင့်၊ ကုသိုလ်ရှစ်
အင်၊မဂ္ဂင်ရှစ်တည်၊ ရှစ်မည်သီလသည်၊ သူချစ်ရှစ်ချစ်ကြာ
မည်၏၊ ကြာသည်ဖြူစင်သန့်ရှင်းသည်၊ ထိုသမ္မဖြူစင်သန့်
ရှင်းသည်၊ ဖြူစင်သန့်ရှင်းခြင်း လက္ခဏာတူ သောကြောင့်၊
ကုသိုလ်မဂ္ဂင်သီလကိုကြာဟူ၍ဆိုသည်၊ ၊တချက်လည်း
နူးညံ့ပြေညင်းသာယာသော စကားကိုဆိုကတ်ခြင်း၊ ၁
ပေးကမ်းစွန့်ကဲခြင်း၊ ၂ ၊သူအစီးအပွားကိုလိုခြင်း၊ ၃
ကွယ်ရာ သူတပါးတို့ အထင်းကို မကောင်းစေပါး မပြော
ခြင်း၊ ၄ ၊သီလရှိခြင်း၊ ၅ ၊ပေါ်ရွှေခြင်း၊ ၆ ၊ပညာရှိ
ခြင်း၊ ၇ ၊အမျက်မရှိခြင်း။ ၈ ၊ဤ ၈ ပါးသည်၊ သူချစ်နှစ်
လိုအပ်သော အကြောင်း ဖြစ်သောကြောင့်၊ သူချစ်ရှစ်ချစ်
ကြာ၏၊ ကြာပန်းလည်းအဆင်းနူးညံ့တင့်တယ်ခြင်း၊ ပြေပြစ်
ခြင်းရှိသောကြောင့်၊ သူခပ်သိမ်း ချစ်နှစ်လိုသည်၊ ဆိုခဲ့ပြီး
သောရှစ်ပါးသော အကြောင်းနှင့်ပြည့်စုံ သောသူလည်း နူးညံ့
သိမ်မွေ့ သောကြောင့်၊ သူခပ်သိမ်း ချစ်နှစ် လိုသည်။ ဤ
သို့ချစ်နှစ်လိုသော လက္ခဏာတူ သောကြောင့်၊ ဤရှစ်ပါးကို
ကြာဟူ၍ ဆိုလေသည်၊ ၊သုံးပါးသော အပြီးအစီးကိုလို
သောသူသည်၊ထမိုင်းထားလေ၊ ကျွမ်းများစေခံ့သည်ကား၊လူ
နတ်နိဗ္ဗာန် ချမ်းသာ တည်းဟူသော အပြီး အစီး သုံးပါး ကို
လည်းကောင်း၊ ဘုရားပစ္စေကဗုဒ္ဓါရဟန္တာ အဖြစ်သည်းဟူ

သည်။လမိုင်းတို့ကို လယ်လုတ်စေ၍၊ ကျွဲတွင်အပြည့်ထားသ
ကဲ့သို့၊ လမိုင်းသယ်လုပ်နှင့်တူသော အလှူခံရဟန်းပုဏ္ဏားသူ
ရန်းစားရာစကာတို့၌၊ ကျွဲနှင့်စပါးကိုထား သကဲ့သို့၊ကုသိုလ်
ကောင်းမှုကိုပြုလေ၊ ဤဒါနံ့းစွန့်ကြလေ ဆိုလိုသည်၊ လမိုင်း
လယ်လုပ်များ၌။ စပါးများသော သူသည်၊ ချမ်းသာစွာ စား
သောက်ရသကဲ့သို့၊ ကုသိုလ်ကောင်းမှုများ သသူသည်းချမ်း
သာစွာ စားသောက်ရသည် ဟုလိုသည်။ ။စကားဆိုထွေ။
သူလိုမေ ဆိုသည်ကား၊ ဟုတ်သည့်အရာကိုမင် ဆိုသော်
လည်း နူးညံ့ သိမ်မွေ့ သာယာစွာ အင်္ဂါလေးပါးပရိုညည်ငါးပါး
နှင့်ပြည့်စုံအောင် ဆိုတတ်စေဟုလိုသည်။ ရှေးသောအခါမင်း
သားလေးပါးတို့သည်၊ တောတို့သွား ကြလေသော်၊ မုဆိုးတ
ယောက်သည်၊ အမဲထမ်း၍လာသည်ကိုတွေ့သော်၊ မင်းသား
အကြီးဆုံးကဟယ်မုဆိုး၊ ဟင်းမျိုးပေးပါ ဟူ၍ တောင်း၏။မု
ဆိုးလည်းလူတို့တွင်၊ ဟယ်ဆိုသည်စကား ကြမ်းတမ်းသည့်
မင်းသား စကားနှင့် အညီပေးတော့ မည်ဟူ၍။ ကြမ်းတမ်း
သောအရိုးကိုသာပေးလေ၏၊ မင်းသားအလတ်က လည်း။အ
နောင်မုဆိုး ဟင်းမျိုးပေးပါဟူ၍ တောင်း၏။ မုဆိုးလည်းလူ
တို့တွင် အစ်ကိုတို့ သဘောသည်၊ ချစ်မြတ်နိုးသည့် ဖြစ်
သောကြောင့်။သည်မင်းသားစကားနှင့်လျော်စွာ၊ ဆူသောအ
အသားကိုပေးမည်ဟူ၍၊ ဆူသောအသားကို ပေးလေ၏။မင်း
သား အငယ်မှကား။ ခင်ပွန်း မုဆိုး ဟင်းမျိုး ပေးပါဟူ၍၊
တောင်း၏။ မုဆိုးလည်း ခင်ပွန်းကို စားစိမ့်မည်ဟူ၍ငါရှာဖွေ
သည်။ တောအခုင်တွင်ပင် ခင်ပွန်းကို တွေ့လေပြီဟူ၍။ အမဲ
တဘင်းလုံးကို ပေးလေ၏။ မင်းသား အငယ်သည်၊ သူနားလို
အောင်ဆိုတတ်သောကြောင့်။ ဟင်းမျိုးတထမ်းလုံးကို ရလေ
သည်။ ။ငါတို့ဘုရားအလောင်း။မယ်တော်မိဖုရားသည်၊
စကားရုံ့ရင်း ကြမ်းတမ်းစွာ ဆိုလတ်သော်၊ ထိုရားလောင်း
သည်ဘုမွှာအံ့သော အခွင့်ကိုရှာသော်။ တနေ့သ၌ ရထားစီး၍

တောတို့သွားသည်၊ ညောင်ပင်အောက်တွင် နားကြသော်၊ဒေါ် ရွှင်ငှက်တခု မည်ထသည်ကို လူအပေါင်းတို့သည်။ ငှက် ယုတ်ငှက်မိုက် သွားပါ လေပဟု၍၊ ထံတွေး တွေးချက်၊ အရုတ် ခေါ်ချက်ဒုတ်ဖုတ်တံနှင့် ဖြိုကြ၏။ နောက်မှ ဥပြုငှက်ထရမည် ဖြန့်ဖွာသော်၊ ရှင်ဥပြုမည်ပါဦးဟု၍၊ လူအပေါင်း ချီးမွမ်း လျက်ရှိနိုးကြ၏။ မြတ်စွာဘုရားအလောင်းတော် သည်လည်း ၎င်းအကြောင်းကိုမြင်၍ ဆုမွေရာတွင်၊ မယ်တော်သည်။ နူးညံ့ သော စကားကို ဆိုလေ့ပြုသတည်း၊ ငါတို့သူရားအလောင်း တော်နန္ဒိယာသလ နွားဖြစ်သောအခါ၊ နန္ဒပုဏ္ဏားသည်ဆဲရေး မောင်းမဲ၍၊ ဖုည်းငွါးရာကို ရုံးအောင် နှင်သဖြင့်။ ထိုရှားအ လောင်းစိတ်မသာ၍ မရုံးနေသောကြောင့်၊ ပုဏ္ဏားသည်အသ ပြာငါးရာလောင်းတန်းဥစ္စာဖုည်းသာတို့ကိုပေးရလေတော့မည် ဟူ၍ငိုရာတွင်မှ၊ သာယာသောစကားကို ဆို၍သာ နှင့်တော့ ငါရုံးမည်၊ အသပြာလည်းထပ်၍ လောင်းဦးဆို၍။ သာယာ သောစကားကိုဆို၍ နှင်မှပါအောင်ရုံး၍ ပုဏ္ဏားမှာ အသပြာ ထထောင်ရလေသည်၊ လူကိုထား၍၊ တိရိစ္ဆာန် နွားမှသော် လည်းကြမ်းတမ်းသော စကားကိုမနာသို။ ။ရှင်နေဝဒါတ် အလောင်း၊ ပိင်္ဂလမင်းဖြစ်သောခါ၊ ငါတို့ထုရား အလောင်း သည်ထိုမင်း၏သားဖြစ်သည်။ ထိုပိင်္ဂလမင်းသည်၊နှုတ်ထွက် ကြမ်းတမ်းသောကြောင့်၊ သူခပ်သိမ်းပင်မနှစ်လိုရန်းထားသည် ထိုပိင်္ဂလမင်းသေ၍၊ ဘုရားအလောင်း နန်းတက်သော်၊တံခါး စောင့်ငိုသည်ကိုမြင်၍၊ ဘုရားလောင်းက အချင်းတံခါးစောင့် ခမည်းတော်ပိင်္ဂလမင်းသည်၊ နှုတ်ထွက်ကြမ်းတမ်း၍ သေသည့် ကို၊သူခပ်သိမ်းပင်နှစ်လိုသည်။ သင်ငိုသည်ကား ၎ အဘကို ချစ်သလောဟူ၍မေးသော်၊ ကျွန်တော်သည် မင်းကြီးကိုချစ် သောကြောင့်မငို။ ခမည်းတော်သည် ကြမ်းတမ်း တတ်သော ကြောင့်၊သေလျှင်း ၎ ငရဲသို့ရောက်လိမ့်မည်၊ငရဲမင်း အထံမှာ လျှဖြည်ကကဲ့သို့ ကြမ်းတမ်းလေသော်။ ငရဲမင်း မနိုင်၍ပြန်တွက်

လိုက်လျှင်၊ လှပြည့်သိုရောက်ဖြင့် လိမ့်မည်ကို ကြောက်သော
ကြောင့်၊ ကျွန်ုပ်တောင်ငိုသည်ဟူ၍ လျှောက်၏၊ ဤသို့လျှင်သုနာ
လိုအောင်ဆိုချေလျှင် အကျိုးများခြင်း။ သုနာသို့ အောင်ဆို
ချေလျှင်အဖြစ်များခြင်းကိုရည်၍ စကားဆိုမှ သုနာငိုစေ
ဟူ၍ဘိန္နတော်မှုသည်းသဗ္ဗကျမ်း၌ စကားချိုသော်သူလိုများ၏၊
စကား ကြမ်းသော် ရဟန်းပုဏ္ဏား အများမုန်းစရာ ဟူ၍ဆို
သည်း ။ပေးကမ်းများတွေ့ နှန့်စင်စေဆိုသည်ကား။အပေး
အကမ်းလည်းများစေ၊ နှစ်လုံးသည်း နှန့်စင်စေ ဆိုလိုသည်၊
အနှန့်အစပ် သုခပ်သိမ်းတို့ကို ပေးကမ်းမှုအခြင်း အရာရှိလျှင်
ညီမည်၊အသိုရှိလျှင်ရမည်၊ချစ်ပေးဖြတ်ခြင်း၊ ကျော်စောခြင်း
သတင်းထံဦး ရှိမည်ကိုရည်၍၊ ပစ္စုပ္ပါန်တို့ မိန့်တော်မူသည်၊
ခေတ္တသုံးခွင်း၊ ကောက်စိုက်ခင်းကုံ၊ အဖြင်စိုက်တွေ၊ လျှင်တွ
စေဆိုသည်ကား၊ ရတနာသုံးပါးသည်၊ ကောင်းမှုတည်းဟူ
သောမျိုးစေ့ စိုက်မျိုးရာလယ်မြေနှင့် တူသောကြောင့်၊ထိုရ
တနာ သုံးပါး တည်းဟူသော လယ်ကောင်း စိုက်ခင်း၌၊ ထို
သိုလ်ကောင်းမှုတည်း ဟူသောကောက်ပင်ကို၊ လျှင်လျှင်အ
ဖြင်းစိုက်၊သားနွေးပျိုး၍ ကုသိုလ်ပျက်ရာသည် ဆိုလိုသည်၊
တချက်လည်းခေတ္တသုံးခွင်ဆိုသည်ကား။စကြာဝဠာဘသောင်း
တည်းဟူသောဇာတိခေတ်။ စကြာဝဠာ ကုဋေတသိန်း တည်း
ဟူသောအာဏာခေတ်၊ အနန္တစကြာဝဠာတည်းဟူသောဝိသ
ခေတ်၊ ဤသုံးခေတ်သုံး ခွင်ရှိသော ကောက်စိုက်ခင်းနှင့်
တူသောသတ္တဝါအပေါင်းကို၊ ကောက်စိုက်ညကဲ့သို့ မေတ္တာ
ပွါးလေဆိုလိုသည်၊ မေတ္တာပွါးသောသူကား။ ထဆယ်တပါး
သောအကျိုးကို ခံရသတည်း။ ။မြောက်မြောက် တက်သည်။သံ
လျှက်နံပါး၊မြှောက်နိုင်စေဆိုသည်ကား။ ထက်မြက်သောဝါး
သံလျှက်နှင့်၊ တူသောပညာကို၊ နံပါးမှော် သကဲ့သို့ ကိုယ်
တွင်မကွာစေနှင့်၊ ယုံမှားသက်ဘ ဟူသောအညီ၊ အရှောက်အ
ရေးကိုပညာဟူသော သံလျှက်ဖြင့်ဖြတ်လေ ဆိုလိုသည်၊ဓာ

ချက်ထည်း၊ထက်သောခါးသုံးချက်ကို၊ နံပါးတွင်အသင့်ထား
၍၊ရန်သူလာလျှင်ခုတ်ရမည်၊ ထိုကဲ့သို့ရန်သူနှင့် တွေ့သောယု
ဒ္ဓသင်္ဂြာမကိုဖြစ်စေ၍၊ ခါးသုံးချက်နှင့်တူသော ပညာရှိကို
မကွာစေနှင့်ဆိုလိုလည်း။ ဘုရင်မင်းခေါင်လည်း၊ အမိုးရာဇာ
ပညာရှိကိုမကွာ၊ တိုင်ပင်နှီးနှောချေသည်။ ။အရွယ်သုံး
ပါးမှာ၍တ်သား သတိရှိဖွာစေဆိုသည်ကား၊ ပဌမအရွယ်၌
ပညာရှာခြင်း၊ ဒုတိယအရွယ်၌ ဥစ္စာရှာခြင်း၊ တတိယအရွယ်
၌ကုသိုလ်ကောင်းမှုပြုခြင်းသည်း၊ အရွယ်သုံးပါး၌ ပြုရာသည်
ကိုးသဘောမမေ့လျော့စေလင့် သတိပြုနိုင်စေ ဆိုလိုသည်၊ ထိုသို့
ဆိုခြင်းသည်၊ ခပ်သိမ်းသောသတ္တဝါတို့၏ ခြေရာသည်းဆင်
၏ခြေရာ၌ဝင်သကဲ့သို့၊ ခပ်သိမ်းသော ကုသိုလ် တရားတို့
သည်းမမေ့ မလျော့ခြင်းဟူသော တရားတခု၌ဝင်ခြသည်။
ဤသို့မမေ့မလျော့ခြင်းသည်။ အကျိုးများသည်ကိုသည်၍မှတ်
သားသတိပြုနိုင်စေဟူ၍မိန့်တော်မူသည်၊ ။အခုနှ မခန်း၊
သစ္စာပန်းကုံ။ သွန်းသွန်းပန်ထွေ၊မြဲဖွာစေဆိုသည်ကား၊ သစ္စာ
မြဲစေ၊စကား။ ဖွန့်ခစေဆိုလိုသည်း၊ ခပ်သိမ်းသော အရသာတို့
ထက်၊သစ္စာဟူသော အရသာမြတ်၏၊ အဘာယ်ကြောင့်နည်း
ဟူမူကား၊ နတ်တို့သုဓာအရသာကို၊ ထုံချင်ရွေးမှု လူတို့စား
ရသည်ရှိသော်၊ အနှစ်ငါးဆယ် တိုင်အောင် မှတ်သိပ်ခြင်း
ပျောက်သည်၊ထိုနတ်တို့သုဓာအရသာမှသော်လည်း အနှစ်ငါး
ဆယ်တိုင်ရုံသာ မှတ်သိပ်ခြင်းကိုပြောက်နိုင်သည်၊ အနှစ်ငါး
ဆယ်ထက်လွန်၍မပြောက်နိုင်။ သစ္စာဟူသောအရသာသည်
ဘားပစ္စုပ္ပန်ထွင်လည်း လူနတ်ချမ်းသာ ကိုရသည်။ နိဗ္ဗာန်
တိုင်အောင်လည်း ပို့တတ်သည်၊ ဤသို့အစရှိသော သစ္စာ၏၊
အကျိုးကို။ဟိတသိဖို့ ကျမ်းနှင့်ပြီး၊ ။ကာယရန် ယိုတခြင့်
ဖိုးပညာလျှံခြင့် တန်တန်ချိန်ထွေ မြဲဖွားစေဆိုသည်ကား၊ ရန်
ယုံသောဆင်ကိုလျှံခြင့် ချိန်သကဲ့သို့။ ချွာကိုယ်သည်၊မျက်
ပါနှာ ခေါင်းသျှာကို။ စိတ်ထည်းဟူသော အပေါက် ခြောက်

ပေါက်မှာအခါရုံငါးပါးတို့ ထင်မက်မောခြင်းလေသော ထည့်းဟူသောမုန်ဖြင့် ရှိအပ်သည်ဖြစ်၍၊ ထိုလောဘ၏အလိုသို့ မပါရအောင်၊ ပညာဟူသော ချွန်းဖြင့် ဖြောင့်ဖြောင့် ထန်းထန်းမြဲမြဲချုပ်လေဆိုလိုသည်၊ ။လွှတ်းနှမကျူးအနာဝဟူး၊ ဘဝသုံးဖြာ၏ဘုံအနာကို၊ ပညာဆေးသမား။ အပါးကြွစ်ကြွင်း၊ ရှည်နိုင်စေဆိုသည်ကား။ ပဏ္ဏတ်အနာဖြစ်မှုကား၊ ပကတိဆေးနှင့်ကုရမည်။ ကာမဘဝရူပဘဝ။ အရူပဘဝတည်းဟူသောဘဝသုံးပါး၌ကြည့်ကည်သမျှ။ ပဋိသန္ဓေနေခြင်း၊အိုခြင်း နာခြင်း။ သေခြင်းအစရှိသော ဆင်းရဲသောအနာကို မူကား၊ ပညာဖြင့်ဆင်ခြင်၍ နိဗ္ဗာန်သို့ရောက်မှ လွတ်ရာသော ကြောင့်၊ ဘဝသုံးပါး တွင်ကြည့် ကည်ဆေးဆင်းရဲ ဟူသော အနာကို၊ ပညာဟူသောဆေးဖြင့်ကုသဆိုလိုသည်၊ ။အိပ်ရွှေနတ်ကို မဖြတ်နေ့တိုင်းရှိသေ စေဆိုသည်ကား၊ အိပ်ရာ၌နတ်နှင့် တူသောမိဘကိုရှိခိုသေ စေဆိုလိုသည်၊ အမိနှင့်အဘတည်း၊ အမိကျေးဇူးလွန်၍ကြီးမြတ်သည့်၊အမိအဘကိုရှိသေ၍အကျိုးရောက်ကြောင်း၊ မရှိသေ၍အဖြစ်ရောက်ကြောင်းကို။ ဟိတောဒ်ဗြဲကျမ်းနှင့်ဆိုပြီ၊ ။အများရန်း လိုရန်းပဝေ၊ အစိုးရသခင်အရှင်ကို သာကြောက်ချစ်စေဆိုရာ၌၊ အစိုးရသော အထက် သခင်အရှင်ကောရာဇ်ကို ကြောက်ချစ်သေဘ်လည်း၊ ဘဝတွင်သာသူကောင်းပြုနိုင်မည်၊ မကြောက် မချစ်သော်လည်း၊ ဘဝတွင် သပျောက်ဆီးမည်၊ အမိတို့ကိုကြောက် ချစ်မှုကား၊ ဘဝဆက်တိုင်းကောင်းစားမည်၊ မကြောက်မချစ်မှုကား၊ ဘဝဆက်တိုင်းဆင်းရဲမည်၊ ထိုကြောင့် အစိုးရသခင်ထိုရှင်၌၊ အမိအဖကိုယှဉ်ဆိုလိုသည်။ တချက်လည်းရတနာသုံးပါးသည်မဂ်ဖိုလ်နိဗ္ဗာန်ကို ပေးနိုင်သသူ၊ အစိုးရသသူဖြစ် သောကြောင့်။ ရတနာသုံးပါးကိုလည်း အစိုးရသခင်အရှင် မည်၏ ဟု၍ ယူရမည်၊ ။လမ်းကြီးပမာ ဆိုထုံးရှာဆိုသည်ကား၊ လမ်းကြီးလမ်းဟောင်းနှင့်တူသော ရှေးစာဟောင်း ထုံးစံဆိုရိုး မိန့်

မိုးပြုကျင့်မှုအစဉ်အဆက်။ မမြင်တတ်သောကာဝတ်မှုကို ရှာဖွေ
မေးမြန်း၍၊ ထုံးစံရှိသည်အတိုင်း ပြုကျင့် စီရင်လေ ဆိုလို
သည်။ ၊ဝမ်းတခုကိုးလိုမှုဖြင်းစွာ၊ မစားရ ဆိုသည်ကား၊
မိမိဝမ်းတခုကို သာမစားရ။ ဝေ၍ခွဲရှုမ်း၍ စားရာသည်ဆို
လိုသည်၊ စားရာသို့ကိုသူသော အသူသာမြတ်သည်ဟူ၍ ဟော
တော်မူသည်။ ထိုကြောင့်၊ ဝမ်းစာဘို့အတက်၊ ထမင်းဝင်၍ရေ
စက်ရှိဘိစ်၊ကုသိုလ်စိတ်ဖြင့်၊ အဓိပ္ပါသည့်ကြီး အချို နှီးလျှင်၊
ရှာမှီ့စေ့ျား ဖြည့်သောလားသို့ဟူ၍ ပညာရှိတို့မိန့်တော်မူသည်
ထချက်သည်။ ဝမ်းတခုစာကို စားသော်လည်း၊ တန်သည်
တန့်ရုံသာစား၊ အလိုကြီးသဖြင့်အန့်ရာကလွန်၍၊ ဖြင်းစွာမစား
ရာဆိုလိုသည်၊ အဘယ်ကြောင့်နည်းဟူမူကား၊ အတိုင်းထက်
အလွန်စားချေသော်၊ အစားဆိုးသည့်သော ဘကြီးသည်ဟု
လူကဲ့ရဲ့သိမ့်မည်၊ မိမိကိုယ်သည်း၊ ဗုဒ္ဓကာပုဂ္ဂိုလ်တို့ ကဲ့သို့အ
စာမကြေ၍ အနာရခြင်း သခြင်းသို့ရောက်မည်၊ ထိုကြောင့်၊
စားပြီးလျှင် ခံတွင်းတိုင်အောင် ထမင်းထက်၍ ခံတွင်းကြီး
ကန်းနှိုက်ဖိသောပုဂ္ဂိုလ်။ ၁ ၊စား၍ပြီးလျှင်၊အဝ ဘင်ကျွက်
သောပုဂ္ဂိုလ်၊ ၂ ၊စား၍ပြီ လျှင်၊ စာ ရာတွင်လည်းသော
ပုဂ္ဂိုလ်။ ၃ ၊စား၍ပြီ လျှင်၊ နေရာ မထနိုင်သောကြောင့်၊
လက်ကိုကိုင်၍ ထူရသောပုဂ္ဂိုလ်။ ၄ ၊စား၍ပြီ လျှင်၊ ဆံ
သောပုဂ္ဂိုလ်။ ၅ ၊သည့်ပုဂ္ဂိုလ်အစားကြီး ငါးယောက်တို့
ကဲ့သို့မစားရာ၊ ဝရုံအန့်ရုံသာစားရာသည်၊ အစားကြီး၍သ
သူကို၊ လူလည်းမချစ်မနှစ်လိုဖြစ်သည်း၊ ထိုကြောင့်စားကျူး သ
သော၊အစားပြော၍၊ တိမ်းမယောက်သက်၊ ဝမ်းနှီးချုက်သည်၊
အသက်လည်း ဆုံးသူလည်းရှိ၏ဟူ၍၊ ပါရမီခဘား ကွင်မိန့်
တော်မူသည်၊ ဘုရားသခင်လက်ထက်၊ ပသေနဒီကောသလ
မင်းသည်၊ တနေ့ထနေ့ကိုဆန့် ဘဝိတ်ချက်ထမင်း၊ ထိုထမင်း
နှင့်ဝလောက်သော ဟင်းလျာကိုစားသည်၊ ထိုသို့အစား
ကြီးသောကြောင့်၊ မြတ်စွာဘုရား သည်မင်းကြီး၊ အရား

ကြီးသောသူသည်ငိုက်မည်းခြင်း အိပ်ခြင်းများသဖြင့်ကော်ဘင်း
မှုန်မှေ့လျှော့၍၊ သိသရာဝန်ဆင်းရဲနှင့် ရှည်စွာစက်သုဝင်ပွယ်ရှိ
သောအမိပမ်းသို့။ အပန်တသဲလဲဝင်ရချေသည်ဟူ၍။ ပောာ
တော်မူရာတွင်မှ၊ တနေ့တခွက်တခွက်ငျော့၍၊ နေသာချိဝေး
သတည်းဤသို့အတိုင်းတက် အလွန်စားခြင်းနှင့် အဖြစ်များသည်
ကိုရည်၍၊ ဝမ်းတခုက်၊ထိုမှုခြင်းငွား မစားရာဟုမိန့်တော်မူသ
ထည်း။ ၊နေကာသုနေ့ခက်ဆိုသည်ကား။ လူသူဖရိတ်သသတ်
တို့အလယ်၌မိမိနှင့် ထိုက်တံသော နေရာတွင် သုနေ့ခက်ကနေ
ရာသည်ဆိုလိုသည်။ ဘယ်ကြောင့်နည်းဟူမူကား။ သုနေ့ခက်
ကနေ၍သူတပါးတို့က။ သည်သို့နေပါရှေ့ထိုတိုး၍ နေပါဆို၍
နေရမှာသာထင့်တယ်သည်။ သူတပါးမခေါ်ဘဲ သုရှေ့နေခြေ
သေသိ။ မင်းနှင့်သည်နေရာနှင့်တန်သလော။ ဖနေ့ခက်သို့ဆုတ်၍
နေဘိဟုသူတပါးတို့ကဆိုလျှင်။ မလိမ္မာရာတြခြေသည်၊ နေ
ရာစေင်ကား သောကြောင့်နေရာမှကိုင်၍ ထုတ်ထေသဖြင့်အ
ရှက်ရခြေသည်။ဘူဆိုရလေသထည်ဟူ၍သတင်းတံခိုးလည်းမရှိ
ဖြစ်ခြေသည်။ ဇနကဟုဏ္ဏွားသည်ဗေဒင်ဆိုးပုံ အကုန်တတ်လ
သူဖြစ်လျှက်၊ မေနန္ဒမင်း၏အစည်းအဝေးတွင်။ မလျှောက်ပတ်
သောအရပ်မှာထိုင်။ ဂုဏ်တိုယုံ၍ နေရာအဦးဆုံးမှာ နေချေ
သောကြောင့်။ နေရာမှကိုင်၍ ထုတ်လေသဖြင့် အရှက်ရခြေ
သည်။ ၊မမွှသတ်၍လည်းသူကောင်းတို့နေရာနှင့်သူ့လူတ်တို့နေ
ရချေသော်တင်ပါးသသားကိုဖွင့်စေဟူ၍ ဆိုချေသည်၊ သရာမိဘ
အရှင်သူကြီးမိုးမင်းတို့နေရာမှာ နေချေသော်ထည်း။ ထုန့်တံခိုး
ဘိ၍ဆင် မဲဝေဒနာ သိမ်းရောက်ချေသည်။ ဤသို့သော အရာကို
ထောက်သဖြင့်၊ နေခါသုနေ့ခက်ဟူ၍ မိန့်တော်မူသည်၊ ၊
ဆိုခါသုနေ့ခက်ဆိုသည့်ကား။ အမှုအရာအခင်းကြီး၍ အများ
ကိုတိုင်ပင် သေဖို့လည်းကောင်း၊ အများဆိုခုမည့် အခင်းဖြစ်
သေသီလည်းကောင်း၊သူအလျှင်မလိုထည့်နှင့်၊ သူများတို့အလျှင်
ဆိုပြီးမှနေ့ခက်သုစကားကြားကိုခံ၍ဆိုရာသည်သျှင့်တဖက်

တချက်ဆိုသော်လည်း။ သုတ္တကင်တက်စီး၍ ဆိုချေသော်သူက
ဖွ ့ ချောင်ခက်ရေသည်၊ အစကိုသုအောက် ဆုံ၍တရွေထက်ထ
ရွေစီး၍ဆိုရမှာသင့်လည်း၊သင့်သည်ထင့်လည်း၊တင့်သည်။ ရှင်ဒု
ရုပ်မင်းခေါ်သည်၊ ရှင်ဘီလဝ်သရှင်ရဋ္ဌသာ ရနှစ်ပါးတို့ဆေ
ရာတော်ကိုဘယ်နှယ်ထင်ကြသနည်း။ မေးသောခါ။ ရှင်ရဋ္ဌသာ
ရကာရဟန်းတော်တို့ကဲ့ မြင်းသည်ကျောင်းကဲ့သို့။ ထင်သည်ဟူ၍
အချောင်ဆိုသည်။ ရှင်ဘီလဝ်သမူကား ရှင်ရထသာရအောက်ဝ
ကား ကျောက်ခံ၍ ရဟန်းတော်တို့ကား မြင်းစင့်ဆဒိုင်ကဲ့သို့ထင်ပါ
သည်။ နေခဲ့မှမိန့်တော် မူသောကြောင့် ရှင်ရဋ္ဌသာ ရထက်
စီး၍မိန့်တော်မူလေသည်။ ။စား၍သေသ်အတတ် ဆိုသည်ကား
မိမိကိုစားသောက်ရာမှ ထပ်ရဲ့သာစားအကောင်း အမွန်ကိုသာ
စားချေသော်၊ ချော်အကျင့်မပါ၍ အကောင်းအမွန်ကိုဝယ်ခြင်း
လွန်းသဖြင့်၊ဥစ္စာကုန်၍ဆင်းရဲမျက်စီးရချိမ့်မည်ဆိုလိုသည်။ ။
ပေးသော် အလွန်ဆို သည်ကား၊ တချောပြည်က အဆွေခင်
ပွန်းကောင်း၊သည့်သည့်ရဟန်းသဖော်ဖြစ်စေ၊ လုဖြစ်စေမူကား
စားသည့်ထက်အလွန်ပေးရာသည်။ သို့မှအမျိုးအမွှမ်းအကျော်
အဝေလည်းရမည်။ ပရလောကတွင်လိုအပ်သော အကျိုးလည်း
ပြီးမည်၊ထိုကြောင့်၊ စားသော်အတတ်ပေးသော် အလွန်ဟူ၍မိန့်
တော်မူသည်။ ။သူကိုအဆိုးအယှက်ကိုပေးချေသော်ဝန်တို့
ခက်ခဲ့သည်ဟူ၍၊ ကွယ်ရာကဲ့ရဲ့ကိုလည်းခံရချေသည်။ အဆွေ
ခင်ပွန်းမရှိချေသည်။ တိမ်းတ တင်းလည်းမရှိ ဖြစ်းချေသည်။
အသရေလည်းပျက်ချေသည်၊ ။စကားမွန်ကိုမှပင်ကုန်မင်း
ဟူသည်ကား အတိုအရှည်ကာစ၍ ဆိုခဲ့သမျှစကား သည်အ
ကျိုးစီးပွားရရာသောကြောင့် စကားမွန်ဖြစ်သည်၊ ထိုစကား
မွန်ကိုမင်းတို့ဖွတ်ကုန်ဟူ၍ ဆိုလိုသည်။ မင်းဟူသည်ကားနေ
မည်သူမှတ်မည် သူတို့ကိုတိုက်တွန်း နှိုးဆော်ခေါ်ဝေါ်တိုင်ပင်
ကြားသော စကားလည်းမင်းဟူ၍ခေါ်ဝေါ်ခြင်းသည်၊လေးမြတ်
သောခေါ်ဝေါ်ခြင်းလည်း၊ ။ဤလျှောင်ဝင်စစ်ပလ္လင်ပါန်တွင်ကြီး

သူချစ်ဟူသည်ကား၊ နေခါသုနေဘက်ကာစ၍ ပေးသေသီအလှန် ဆိုသည့်တိုင်အောင် သည်အတိုင်းကျင့် သော်သူကြီးမိဘရ ကောင်းစိုးမင်းတို့ကိုရှိသေသည့်မည်သောကြောင့် သူကြီးမိဘ သူကောင်း မင်းစိုးတို့ကို မန္တူပွဲနှံတွင် ချစ်စေတတ်သောအ ကျင့်မည်၏ဆိုလိုသည်။ အကြံနက်ဖွာ၊ အိမ်နေဆာဟူသည်ကား စည်းစိမ်ချမ်းသာ ပြည့်အင်သောအကြောင်း စသောပစ္စုပ္ပန်မှ အသွေးပေးခြင်း အစရှိသော ထိုသာရာမှုကိုလည်း နက်ခဲ့စွာကြံ အဖိုလည်းမကြီးစေနှင့်၊ အနေသည်းမကြီးစေနှင့် ဟူ၍ဆိုလို သည့် အတွက်ဆင်ခြင်း၍ အိမ်နေဆိုလိုသည်။ ဓါတ်ဆုရှားအ လောင်းသုားမွဲ ဖြစ်သောခါ။ ဥစ္စာကုဋေလေးဆယ် ရေတတ် သည့်အလှူပေး၍ ကုနဲနှစ်ဆတ်ကုန်လျှင်၊ သည့်ခါဥစ္စာနှာမှ အလှူပေးရမည်ဟုကြံ၍၊ သမုဒ္ဒရာမှာ သဘော်လွှင့်လေသော် သဘော်ပျက်၍၊ တယောက်သောကျွန်နှင့် ဖျဉ်ထချပ်ကိုင်း၍ကူး ကြီးသည့်၊ ဘုရားလောင်းမှာ ဥပုသ်လည်းဆောက်တည်သည် မဏိမေခလာနတ်သွီးကယ်တင်၍။ ရွှေဖြင့်ပြီးသော သဘော် ဖွာ၊ သိနားဖြင့် ပြီးသောသင်းယာဉ်တိုင်၊ ငွေဖြင့်ပြီးသောလင်း ယာဉ်ရွက်ကို ပန်ဆင်း၍၊ သဘော်ဖွာတွင် ရတနာခုနှစ်ပါးကို အပြည့်ထည့်၍ကောင်း ဘင်ဖြင့်ပျံ့စေလျှက်၊ သူဌေးနေရာသို့ ရောက်ရလေသည်။ ဤအရာ၌သူမွဲသည့် ကောင်းသောအ ကြံကြောင့် ခက်သွီးကယ်မရလေသည်။ အိပ်ပန်များခြင်း၊ နေ မြင့်အောင် အိပ်ခြင်းသည်၊ ပျက်စီးရာသော အကြောင်းဖြစ် သည်ဟူ၍ ကျမ်းဂန်ဆိုသည်။ မအိပ်မစက်အသည့်ရှည်သည် ဟူ၍လည်း ဆိုရိုးအစည်ရှိသည်၊ မိုးညင်း မင်းတရားသည် သတိုးဟူ၍အမည်ခံသည့်ကာလ၊ အိုရင်မင်းခေါင်က၊ မိုးညင်း ကိုးပေး၍သွားမည့်သောခါ၊ မောင်သတိုး၊ နံနက်ကိုလည်း နေ မြင့်အောင်မအိပ်နှင့်၊ ညကိုလည်း စောစောကမအိပ်နှင့် ဟူ၍အ မိုးရာဓောကမှာ ဘုးသည့်နိုတိ၌လည်း၊ နေမြင့်အောင်အိပ်ခြင်းသည် သူရှန်းစားတို့အိပ်ခြင်းမည်၏၊ ပွဲသဘင်တွင်ပင် ဖြစ်သောသီ

လည်း၊ အိပ်ကျူး သောသူသည် ထူးထူး ဆန်းဆန်းသော ပုံစံ ဥပမာ နည်းနာတို့ကိုမကြားရမနာရ၊ အကျိုးမဲ့ဖြစ်ချေသည် ဤသို့အိပ်ခြင်းသည် အကျိုးဘာတစ်သေးကြောင့်၊ အိပ်ခြေဆင်းဟူ၍ဒန့်တော်မူသည်။ ။လုံ့လနေ့တိုင်းယှဉ်ဆိုသည်ကား။ မည်သည့်ကာလတွင်သောလုံ့လမပြုအပ်သည်ဟူ၍မရှိ။ သွားမှုသော မှုကို မှုကိုနေ့တိုင်းမပြတ် ယှဉ်လေဆိုလိုသည်၊ ပျင်းရိသော သူသည်။ အနှစ်ဘရာအသက်ရှည်သောထက်၊ လုံ့လရှိသော သူတနေ့မျှ အသက်ရှည်ခြင်းသည် မြတ်၏ဟူ၍ လည်းကောင်း လျှော်သောမြင်းကို မလျှော်သောမြင်းသည် မမှီနိုင်သကဲ့သို့၊ လုံ့လရှိသောသူကိုပျင်းရိသောသူသည်၊ စည်းစိမ်ချမ်းသာအရာ ရာပင်မမှီနိုင်၊ ဘုရားရှင်မှာသော်လည်း၊ လုံ့လထေးအင်နှင့်ပြည့် ရံ၍ဘုရားအဖြစ်သို့ရောက်တော်မူချေသည်။ ။ဤသို့လျှင်ယှည် အစ်သောအရာကိုဆိုပြီး၍ ဗွန့်ခွါကြည်အပ်သော အရာကိုပြဆို သောဌာ၊ အကြံမရှိပျင်းရိ၏ ဖြစ် အမှုညစ်ကဲ့၊ ဖြစ်အိ ဗွန့်ခွါကြည်ဟူ၍မိန့်တော်မူသည်။ အဓိပ္ပါယ်ကား၊ ဒွါပြု ပါန် သီသရာ ချမ်းသာခရစ်သော အကြောင်းကို မကြံအိပ်ပျော်ပျော်နေပျော် ပျော်စားပျော်ပျော်လုံ့သတိရီယာမရှိဘဲ ပျင်းရိသောအရာတို့သည် အကျိုးယုတ်စေသည် ဖြစ်သောကြောင့်၊ ဗွန့်ခွါကြတ် ဆိုလို သည်၊လုံ့လယှဉ် ဆိုလျှင်ပင်မ ပျင်းစေနှင့်ဟူ၍၊ စကားရောက် ပြီးဝရက်ပျင်းရိသည်ကို ခွါဟူ၍ ထပ်၍မိန့် တော်မူခြင်းသည် ထင်ထင်သိစိမ့်သောဌာ မိန့်တော်မူသတည်း။ ညှပ်ဝေါညှပ် ထွားဝါဂွမ်းသား ညှပ်ထွားညှပ်ပွာ ပြောဆိုရာဟူသည်ကား၊ အခင်းအမှုကိုမျှော်တင်၍ ညှပ်ရမည်။ အခင်းဖြစ်လျှင် ဝါဂွမ်း ကဲ့သို့ဘျင့်လေဆိုသည်။ ။ဘာချက်လည်းရတနာအိုး ပါးအပ် အပတို့၌လည်းကောင်း။ ပညာရှိသော သူတော်ကောင်းတို့၌ လည်းကောင်း၊ ဝါဂွမ်းကဲ့သို့ညှပ်ပွာကျင့်သောဆိုလိုသည်။ ။အ ညှပ်တစေသော ကျင့်ရတော့မည်လော ဆိုဖွယ်ရှိသောကြောင့် မညှပ်မပျင်း မိန့်တတ်ခြင်းကား လိုရင်းပြီးစီး လျှော်ဟူ၍မိန့်

တော်မူသည်၊ အဝေါ်ပွါယ်ကား၊ ကြမ်းအစ်သော လူဆိုးလူမိုက်
တို့၏ ညှပ်စွာကျင့်ချေသော်မရှုနိုမကြောက် မထေးမရှိမသေအ
ခင်းမပြီ ရှိမည်၊ ပျင်းလွန်လျှင်လည်း ကြောက်ဖွယ်သောကြောင့်
မေတ္တာတင်၊ ရှိုးပြေးခရှောင်ပုံးလွှဲနေသဖြင့်၊ လိုအင်သောအကျိုး
မပြီးရှိမည်၊ မညှပ်မပြင်း ပြူမှလိုအပ်သောအကျိုးပြီးမည် ဆိုလို
သည်၊ နှလုံးရဲခက်စေ၊ စကားထက်မြက်စေ ဆိုသည်ကား၊ အ
ခင်းအရာအမှုရှိလျှင်ရဲသော်မဒေသ၊ သေသော် ငရဲမလားဟူ၍
ပညာရှိတို့ဆိုသည့်အတိုင်း နှစ်လုံးစိတ်ကိုရဲခက်စေ၊ ကြောက်လန့်
ခြင်းမရှိစေနှင့်ဆိုလိုသည်၊ စိတ်နှလုံးရဲခက်ကာနှင့် လိုအပ်သော
အကျိုးမပြီး၊ စကားလည်းထက်မြက်မှ လိုအပ်သောအကျိုးပြီး
ရာသေသကြောင့်၊ စကားထက်မြက်စေဟူ၍ မိန့်တော်မူသည်
အဝေါ်ပွါယ်ကား စကားဆိုခင်းရှိလျှင်လည်း၊ ဟုတ်မှန်သည့်အ
တိုင်း၊ ထက်ထက်မျက်မျက်သူ့ရှေ့ကြောက်လောက်မှတ်လောက်
အောင်ဆိုးလေ ဆိုလိုသည်။ နှလုံးရဲခက်ခြင်း မရှိသော်၊ ညှပ်
လွယ်လျှင် လိုအင်သောအကျိုးသည် မပြီးချေ၊ နှလုံးရဲခက်၍
အကျိုးရောက်ကြောင်းကား၊ မျောက်မင်းကို ဘီလူးက၊ ငရေ
ကန်တွင်ကြာကိုလိုလျှင်၊ ရေကိုမထိချအောင်ကြံ၍ ယူတော့
ဆိုလျှင်၊ ဘုရားလောင်းသည်၊ ရေနှင့်ကိုယ်ကို မထိရအောင်၊
ချုံကာနှုတ်၍ ကြာပွင့်သည် အများရသည်၊ ဘီလူးသည်လည်း ဝန်
ဆည်း၍ ပို့လိုက်သည်။ ဤအရာ၌ဘုရားလောင်းသည်၊ မရှုန်နိုင်
မည်လေသဟုကြောက်ရွံ့. ခြင်းမရှိ၊ ငါကျိုးစား၍ရှုန်ရက ခံနိုင်
မည်လေသဟူ၍၊ ရဲရင့်သော နှလုံးရှိသဖြင့်၊ ကြာကိုလည်းရ
လေသည်၊ ဘီလူးကို ဝန်ထမ်းထည့်လေသည်၊ ။ထေပိုင်း
မင်းအမတ် ဆဲမွန်ဒယားသည်၊ မင်းရဲကျော်စွာ ဒေသမြို့ကိုရုံ၍
နေသောခါ၊ မင်းရဲကျော်စွာပင်ကျွန်ပြု၍၊ ဒလမြို့တွင်းမှာ၊ ဘု
သခင်ဗညားဒလအထံသို့ ပြေးဝင်လေသော ကြောင့်၊ မင်းရဲ
ကျော်စွာက၊ ဆဲမွန်ဒယားထွက်လာသည်ဟူ၍ဟာစ် ဆိုလျှင်၊
နက်ဖြန်စောစောထွက်မည်၊ စောင့်၍သာ သင့်သင့်နေတော့

ဟူ၍၊ ဆဲမွန်ဒယားက ဆိုစေလျှင်၊ မင်းရဲကျော်စွာကလည်း လှူစေဝှင့်စေ၏၊ ဆဲမွန်ဒယားစီရင်၍လှူသောအဟာန်၊ ညကိုမင်း ရဲကျော်စွာကကြွားအောင်တလိုင်းမတို့ဒိုင်ငိုးစေ၍ မိုးသောက် လျှင်ဆဲမွန်ဒယားကိုပျော်ရွှင်လိပ်စေ၍၊ လှူသောကောင်မျှောသည့် အဟာန်၊ ဒေထမ္မိခုင်းကိုပိုးသည့်ဒဂိုချောင်းတွင်မျှောစေ၏၊ မင်း ကျော်စွာတတ်သားတို့သည်၊ ငှက်ပျောတောင်တဘက်ခုင်းသို့ ရောက်လာလျှင်၊ သူသေကောင်မှတ်၍၊ ထိုဝါးနှင့်တွန်း၍မြစ် လယ်သို့မျှောလိုက်ကုန်၏။ မင်းရဲကျော်စွာတင်ကလွှဲမှ ဗျာ လိပ်ကိုထားနှင့်ဖြတ်မှ ကမ်းသို့တင်၍၊ ရေကြွမမြို့သို့ပြေးဝင် လေ၏၊ မင်းရဲကျော်စွာက အစောင့်ထားသော သူတို့သည် နေမြင့်လေပြီ။ ဆဲမွန်ဒယားထွက်မည်ဆိုသည့် ထွက်ပါတော့ လောဟူ၍တစ်လျှင်၊ ဆဲမွန်ဒယား ခံနက်ကပင်ထွက်လေပြီ။ မ တွေ့လောဟုဒလထဲမြို့ထဲဟာစ်မှ၊ သည်စကားသည်၊ ယုတ္တိမရှိ စောင့်သူတို့မမြင်၊ ဆဲမွန်ဒယားသည်နတ်ဖြစ်မှ ကိုယ်ကိုပျောက် အောင်ပြုနိုင်မည်၊ ဂဠုန်ဖြစ်မှပျံနိုင်မည်၊ နဂါးဖြစ်မှမြေကိုလျှိုး နိုင်မည်မယုံရာသော၊ ဆဲမွန်ဒယား ရောက်သည်ကို တလိုင်း မင်းရှာကြည့်ရေး၊ တွေ့လျှင်ငွေ (၅၀၀) ကိုပေးခဲ့ဟူ၍ ရွှေ တောင်မှူးကို မင်းရဲကျော်စွာကစေလိုက်သော်၊ ဆဲမွန်ဒယား ကိုတလိုင်အထံမှာတွေ့၍၊ ငွေ (၅၀၀) ပေးခဲ့လေ၏၊ ။ သည့်အရာ၌ ဆဲမွန်ဒယားသည်၊ အရာမသင့်လျှင် ခက်ချေ တော့မည်ဟူ၍ ကျောက်ရှ့ခြင်း မရှိသောကြောင့်၊ တလိုင်း မင်းအမှုလည်းပြီးသည်။ ကိုယ်အသက်လည်း မင်းရဲကျော်စွာ လက်မှလွတ်သည်၊ ငွေ (၅၀၀) လည်းရရသည်။ ထိုကြောင့် ရဲလျှင်အကျိုးရှိသည်ကိုရည်၍ ရှုလုံးရဲခက်ငေ ဟူ၍ ပိန့်တော် မူသည်။ ။ စကားထောက်မြွက်မစဆိုရာ၌၊ အဝတွင် နရပတိ လက်ထက်စကားတောင်စားကိုယုံသာဝတီသို့ ဓေသောအခါ၊ တလိုင်းအမတ်ဗျည်းဒလသည်၊ အစ်ကိုတို့သခင်နရပတိကြွမ်း မခံစေဘဲဟူ၍၊ သူ့အမတ်သား စကားတောင်စားသခင်ကိုထိပါ၊

ရှိ၍မေးသည်ကို၊ ငါလည်းသုသာခင်ကိုထိပါး၍မေးမည်ဟူ၍ ငါတို့သခင်ထုရင်မင်း၊ကြီး ကြွမ်းခန့်တော် မူသောကြောင့်အင်ဆွတော်ဟ်သာဂဝတီမင်းကြွမ်းခန့်ကြောင်းကို မေးလှာရသည်ဟူ၍ဆိုသကဲ့သို့လည်း ကောင်း၊ မဟာဒေဝထိပွဲခံသမ္မေး၊ အစိကဲ့တို့မြည်မှာသည်ပွဲကဲ့သို့စဉ်ကားသောပွဲရှိ၊ ၊ဝဟူ၍မေးသည့်ကို ငါ၏နိုင်ငံမှာ ထုပါရုံဘုရား ထီးတင်သောအခါ၊ ရှုစိရက်ပွဲခံသည်၊အပြီးဆုံးနေ့နှင့်တူပေ၏ဟူ၍ ဆိုသကဲ့သို့လည်းကောင်း တံကျူးလဆန်း၊ ၆ ရက် အင်္ဂါနေ့၊ပညာကျွမ်းတော်တူ၊စန္ဒရာသိနှင့်ငါးဆယ် သားခွေးထင်းစားကို၊ အဏ္ဏပါတ်ကို မစတော်မူသောခါ၊အဏ္ဏပါတ်မင်းမှာ နန်းတော် ကိုကြွမ်းမြင်ကစ၍၊ ရွှေပလ္လင်ခွန်ရပ်သည်၊ အစီးကိုတို့ သခင်နန်းမှား ငနန်းကဲ့သို့ပြည့်ပါစေမေးသည်၊ ကျွန်ုပ်တို့သခင်မှာ၊ များဖှာတွာသောရွှေပြသာဒ်တို့တွင်၊ ပလ္လင်ခွန်ရွှေကပ်သည်၊ တုံငါးဆင့် တုံခုနှစ်ဆင့်တုံကိုးဆင့်ရှိသော ပြသာဒ်ကို၊ မြေကြီးကသည် အောက်အထွန်ပျူး တိုင်အောင် ရတနာကွန့်ရက်တွင် ရတနာပုလဲဆိုင်၊သန္တာဆိုင်ဆွဲ၍ရတနာမှန်ကာင်း၊ ရတနာတခွန်ဆောက်၍ခေါင်ချည်ဘင်ဝေခင်ဆောင်သောနေ့မင်းကဲ့သို့၊ ပြိုးပြိုးပျက်ရှိသောရွှေပြသာဒ် ကိုမရေတွက်နိုင်၊ ထိုပြသာဒ်တို့ကိုရွှေအိမ်ရွှေတိုင်တို့သည်ရန်ကုန်၏၊ ထိုရွှေနန်းပြသာဒ်တို့သည်၊ ငွေချည်ကျောက်မြင်း မိုးရည်ထိမြင်းကြောင့်၊ ရွှေတို့သည်လျှင်လေကုန်၏၊ တနှစ်တကြိမ်တကြိမ်လျှင်၊ တရာ့တပါးသောမင်းတို့သည်၊ ရွှေကိုပါးလှာအောင်ခပ်၍ပြီးမှ၊ ထိုမှသောရွှေနန်းပြသာဒ်တို့ကို၊ တနှစ်တခါတခါမွမ်းမြံရသည်ဟူ၍ ဆိုသကဲ့သို့လည်းကောင်း၊ ထုရင်မင်းခေါင်ကာ၊ ရှင်ရဲကိုယတိုက်ပြင်သို့စေသောခါ၊ ဆင်ဘောင်းထီး၊ မြင်ကောင်းထစီးကိုမြင်၍၊ အစိကိုတို့သခင်မှာ၊ သည့်ဆင်သည့်မြင်းကဲ့သို့ဘယ်မှာ ရှိသနည်းဟူ၍မေးသော်၊ ကျွန်ုပ်တို့သခင်မှာ၊ သည့်ဆင်သည့်မြင်းကဲ့သို့တလတွင်းတွင် ဝင်သောဆင်သည်၊ ဖတ်ယာတ်နိုင်မြည့်ရုံ၍ ငရေ

ရေ့ဇာမင်းခြေတော်တင်ထိုက်သောဆင်၊ ဝင်းတော်သွင်းထိုက်သောဆင်၊ ညီတော် သားတော်နှင့် ထိုက်သောဆင်၊ မှူးကောင်းမတ်များနှင့် ထိုက်သောဆင်၊ ကိုးစေ ဘွဲ့တံဆိပ် ပေးသောဆင်၊ သဘောသိုတင်သောဆင်၊ တလတွင်းတွင် ပင်ဆက်ဖွားသည့်အကြောင်းဟည့်နှင့်သည်၊ ရေနှင့်သွင်းသည်၊ သုံးတော်မူသည်၊ များဖွားသည်ဖြစ်သောကြောင့်၊ မည်မျှရှိသည်ဟူ၍မ ချောက်နိုင်ဆိုသော်၊ မင်းကဲ့သို့အငမှာ ဘယ်မျှထောက်ရှိသည်နည်းမေးစာသည်ကို၊ ကျွန့်ထပ်ထက် အဆာအထောင် အသေသင်း စကားတတ်သော ပညာရှိကို မရေမတွက် နိုင်၊ တွက်တော် မူသော်၊ ကျွန်ုပ်သည်သူ့အကားခက် နေရ သည်၊ ယခုလည်းသတ်သိုသတ်၊ တတိုင်းတနိုင်ငံသို့ ၎ လိုပို့၊ ချင်လိုချင်။ ငမှာဘယ်အရာဝင်မည်နည်းဟူ၍စေတော်မူသည်။ ရှင်ရဲသူ့ဆို၊ ကဲ့သို့လည်းကောင်း၊ တလိုင်းမင်း ရာဇာဓိရာဇ်ကို၊ ပင်းရသူကြီးဆိုသကဲ့သို့လည်းကောင်း၊ ဘုရင်မင်းခေါင် ထက်ထက်၊ မိုးညွှန်မင်းတရား ဖြစ်မည်သူ၊ အင်းပုံသူကြီးကို၊ တလိုင်းမင်းသို့စေသောခါ၊ မင်းခေါင်သမက်တော်ကာ မထိမြင်းကို၊ တလိုင်းမင်းပကျိုင်တွင်တိုက်၍ ရလေသည်၊ ရုံးခွန်တစီး၊ မကျည်းခေ့တစီးကိုပြ၍၊ သည့်မြင်း နှစ်စီးကို၊ အင်းပဲသူကြီးသိမ်နိုမှာ၍၊ တလိုင်းမင်း မေးသည်ကို၊ ကျွန် တော်အရှင်မှာ ကိုးစေဘွဲ့က ဆက်သောမြင်း၊ ထရုပ်တို့ ကဆက်သောမြင်း၊ မြန်မာတို့က ဆက်သောမြင်း၊ မြန်မာနိုင်ငံ တွင်အမြည်မြည် အမျိုးမျိုးတို့ကဆက်သောမြင်းတို့သည်၊ သည် မြင်းထက်အသာ အကောင်းအများရှိသည် ဖြစ်သောကြောင့်၊ ကျွန်တော်မသိနိုင်ဟူ၍၊ သိလျှောက်ကိုပင်လျှောက်သော်၊ သည် မြင်းနှစ်စီးသည်၊ မင်းခေါင်သမက် ကာမထိမြင်း တစီးကို လည်း၊ ငွေရနှစ်ပိဿာပေးရမည်၊ တစီးကိုလည်း ခွက်တ ဆယ်ပေးရမည်ဆိုသည်၊ အင်ပဲသူကြီးမသိမရှိတဲ့ဟူ၍၊ တ လိုင်းမင်းကဆိုလျှင်၊ ကျွန်တော်မသိသောကြောင့် သာမသိ

ဟုချောက် ဝန့်ဝါသည်၊ ထိုဝချက်ကိုမင်း ကောရာဇ်ကိုဖွဲ့ည် စားဝန့်မည့်သောဟူ၍ ဆိုအကဲ့သို့လည်းကောင်း။ အရာရောက် လျှင်မခြကြောက်မရှ ့ မတုံ့မ အဆိုခြင်းသည်၊ စကားထက် မြက်သည်မည့်၏။ ဤသို့ဆိုအင်ပြီး သည့်ကိုရည်၍၊ စကား ထက်မြက်စေဟူ၍ မိန့်တော်မူသည်၊ ဘုန်းတော်ကြီးမိန့်တော် မူရာမှာ။ လောကတွင်သူထတ်စီးမိသည်ကိုရည်၍ မိန့်တော်မူ သည်။ စကားအရေး အင်္ဂါလေးတန်၊ မပြွန်နိုင်သေ၁၊ ရာသု တော်၌မကျော်စေပါ၊ နှုတ်လျှာလေးဖမ်း၊ မြက်သို့သွမ်းလိမ့် ဟူ၍ရှင်သီလ ဝံသမိန့်တော်မူရာ၌၊ မြွဝတ်စကားရှေ့နှံသည့် ကိုရည်၍ မိန့်တော်မူသည်၊ ထိုနှစ်ချက်သည့် အရာအရာသို့ လိုက်၍စကားကြီးရှစ်ဆယ်၊ စကားငယ်ငါးရာ၊ ကိုယ်နှုတ် နှုန်းသွင်လျောက်၊ တခွန်းဟာက၊ အစအဆုံး၊ သိပ်နှံးကုန်းမှန်၊ လက်ရွေးဆန်သို့၊ ငတ်ပွန်ထဲနည်း၊ စံစထည့်က၊ အချည်အရိုင် အသိဝ်အနုယ်၊ ဖွယ်ပယ်လျှ၊ စဉ်ထိဝါးဝ၊ နှိမ့်ချ ချောတင်၊ အင်အင်အလိုက်၊ ဆိုခိုက်မိန့်တန်၊ အခွန့်မရှည်၊ ထည့်ထည် ပတ်ပတ်၊ ညီညွတ်လျောလျှား၊ စကားရိုမဟူ၍ ဆိုသည့်အ တိုင်း။ အလုံးစုံသောစကားကိုတတ်ခြင်းသည်၊ စကားထက် မျက်သည်မည့်၏။ ၊အပေါ်ပျားရည့်နှုံအထဲသားကောင် စွဲဆိုရာ ၌ အပေါ်မှုကား ချိုစိမ်းလေးမြတ်ပင်၊ ပျားရည်လူးသကဲ့သို့ဖြ ၍အထဲကောင်ကြီးရမည့် အရာကိုလည်းကောင်း၊ သူတပါး တို့အား ကြွံသတ္တံသည့်ကို လည်းကောင်း၊ နှစ်လုံးထားလေဆို လိုသည်။ ရှေးသောအခါ ဟိမဝန္တာတွင်။ ပုထိမ်သမည်သော မြေခွေးမသည်၊ တခုသောတော၌ နေသည်၊ မနီးမဝေးတွင် လည်း ဆိပ်မျိုးရှိသည်၊ ဘိုဆိတ်ဘိုကိုစား၍ ကုန်လျှင်ဥ ပါယ်တမည့်နှင့် ပြည့်စုံသော မောဏ္ဍကမာတာမည့် သော ဆိတ်တခုသာကြီသည်၊ ထိုမြေခွေးသည် ထိုဆိတ်မကို စား ချင်သောကြောင့်၊ မယားကိုတိုင်မင်သော်၊ သင်သည်သေ ကျွန်ပြီ၊ ငါမူကားထိုဆိတ်မကို ယူရိုင်မည့်ဆို၍၊ မြေခွေးမ

သည်၊ဆိတ်မအထံသို့သွား၍၊ ရှင်ဆိတ်မ။ ထောင်သေခဲ့သည့်
ရှင်းတို့ဖြင့်၊ ပျော်ရွှင်မှုမရှိသဖြင့်ပိတ်ပါမည်၊ ညီညွှန်းပါဟု၍
ခေါ်သေသ်၊ ရှင်မခင်ပွန်းသည်။ ငါတို့အမျိုးများကို စား၍ကုန်
ပြီးငါ့ကျောက်ပေ၏ မလိုက်ဝန့်ဟု၍ဆိုလျှင် မကြောက်လင့်၊
သေသည်သူသည် အထိုပြုတော့မည်နည်း၊ ငိုချွက်ဆိုသေသ်၊
သေပြောသောလည်း ညည့်လင်ကို ငါကြောက်ပေ၏ဆိုလျှင်၊
မယုံကြောင်းကိုဆို၍၊ အကယ်မင်းသေသည်ဖြစ်မည်ဟု၊ မြေ
ခွေးမနှင့်အတူလိုက်သေသ်၊ ဆိတ်မသည် ဘယ်သို့ဖြစ်ချိမ့်မည်
နည်းဟု၍ တွေးထောသျှက်၊ ဆိတ်မကားနောက်၊ မြေခွေးမ
ကားရှေ့ကသွားသေသ်။ မြေခွေးဖိုသည့် မြေထံကိုကြားလျှင်၊
ဆိတ်မ ပါတသေသမှပါသလေဟု၍ ကြည့်မည်မျက်လုံးဖွင့်
လျှင်ဆိတ်မ ပြးလေ၏၊ ။မြေခွေးမလည်း မြေခွေးဖိုကဲ့အ
ဖြစ်တင်လျှက်၊ ရှင်ဆိတ်မလာပေသောကြောင့် ငါ လင်ကသည်ပြီး
မှာင်ပေသည်။ ငါ လင်ရှိရာတို့ကြွ၍ စကား ပြောပေပါဆို
သေသ်၊ ဆိတ်မလည်း ငါ မှာအမြဲအရံများသည်။ အသားလုံးစား
ရအောင်၊ အစားအစာသာက် စိရင်ထေဆိုသေသ်၊ မြေခွေးမ
သည်ကြောက်ပြန်၍မလာနှင့်တော့၊ လာလျှင်ပမိုကွရာမျှက်
နှင့်လေတော့မည်ဆိုသဖြင့်၊ မြေခွေးလင်မယား တပါးအရပ်
သို့ပြောင်းလေ၏၊ မြေခွေးမကဲ့သို့ထည့်ကောင်းရှေးသောအခါ
ရသေ့တယောက်ကို သုကျွယ်ငါးဦးဆရာပြု၍ကိုးကွယ်သည်၊
ရှုတရာလည်းအင်ရှ သည်၊ထိုရှုကိုယူ၍ ပြေးလိုထက်သေသ်၊
သုကျွယ်အိမ်ကအထွက်တွင်၊ တစက်နှင့်ဆံကျစ်ကိုထည့်စေ
၍မြက်ထရွက်ကိုပါစေ၍၊ ခရီးသို့ရောက်မှ ပြန်ပြန်၍တကာ
အိမ်ရိုးမြက်သည်။ ငါ ဥချောင်း ဆံကျစ်တွင် ပါသောကြောင့်
ပို့အပ်သည်ဆိုလျှက်၊ ကျောင်းသို့ရောက်လျှင်၊ ရှုတရာကိုမိုး
၍ပြေး လေသကဲ့သို့ ထည့်းကောင်း။ သိလ ခံစောင့်ဟန်ပြု၍
ကြွက်အပေါင်းကို စားသော မြေခွေးကဲ့သို့ ထည့်းကောင်း။
တ ။ းစောင့်ဟန်ပြု၍ ငှက်အပေါင်းကို စားသောကျီးကဲ့သို့

ထည်းကောင်း။ မိမိထည်းအလိုက်၍ အပေါ်တချားအထဲတချားကြံရာသည်ကို ထည်းကောင်း၊ သူတပါးကြံလတ္တံ့သည်ကိုထည်းကောင်း။ဆင်ချင်ရာသည်ကိုထည်းကောင်း ရည်၍အပေါ်များရည်၍။ အတဲသံကောင်းစွဲဟူ၍မိန့်တော်မူသည်၊။အပေါ်ဟူသည်များ၊ ဒုတဲစွန်းအသား ဆိုရာ၌ထည်း။ အပေါ်ဖြောင့်ဘုန်ပြု၍ အသကောက်ရာသည် ကိုကည်းကောင်း။ သူတပါး၏ကဲ့သို့ပြုထတ္တံ့ သည်ကိုထည်းကောင်း။ ဆင်ချင်နိုင်စေဆိုလိုသည်း ။လောဘဟူသည် ဆင်ရိုင်း၌။ ပညာဟူသည်ချွန်းထောင်မ၊ သဒ္ဓါဟူသည် ချွန်းရှည်ဖြ၊ သတိဟူသည်လွှန်ကြိုး၌။ မိဗ္ဗိဟူသည်တွင်းတွင်ချ ဆိုသည်ကား။ ခင်သိအးသောအချားကို လိုချင်မက်မောတတ်းသော လောဘသည်။ဆင်ရိုင်းနှင့်တူသည်၊ ထိုဆင်ရိုင်းကို။ ပညာဟူသောချွန်းဖြင့်ထောက်မ။ ရတနာသုံးပါး၌ ယုံကြည်ခြင်း။ သဒ္ဓါတည်းဟူသော ချွန်းရှည်ဖြ၊ မမှားမယွင်း ရအောင်။သတိတည်းဟူးသော လွှန်းကြိုး ဖြင့်တွ၊ လောဘ စိတ်၏ နိုင်ငံသို့လိုက်၍မသင့်ချေ။ ဆင်ချင်ရာသည်ဟူ၍၊ ကောင်းသောအယူမိဗ္ဗိတည်းဟူသောတွင်းတွင်ချဆိုလိုသည်၊ ။ယဉ်လျှင်နို့ဗွာနဟူသည်ကား။ ဆိုကဲ့ပြီးသော ချွန်းတို့ချွန်းရှည်ဖြင့်ချည်တွ၍ထိုဆင်ကို ကောင်းသောအယူ။ မိဗ္ဗိတည်းဟူသော တွင်းတွင်ချ၍၊ လောဘဆင်းသဖြင့် ယဉ်ကျေးလျှင်။တထောင်ငါးရာကိ။ထသော၌ ဘင်ညိမ်းရာ နို့ဗ္ဗာန်သို့ ရောက်မည် ဆိုလိုသည်။ ။ဒေါသမြွေဟောက်၊ ဖြင်းဆိတ်တောက်၊ ပညာဟူသည်၊ဆေးဖြင့်ဖျောက်ဆိုလိုသည်ကား၊ ဒေါသအမျက်သည်၊ သည်အဆိ ၏အတောက်ထန်သော မြွေဟောက်နှင့်တူသည်ထိုမြွေဟောက်ကို။ပညာထည်းဟူးသောဆေးဖြင့်ဖျောက်ဝေရာ၏လဆိုလိုသည်။ မောဟဟူသည်မှောင်ဖုံးမိုက်။ အထိုက်နက်စွာလှ၊ ။ပညာဟူသည်ဆီမီး ထွန်းဆိုသည်ကား။ မှောင်သောင်း၊ဆိမ်းသန်းသည်၍။ နေဝင်းတဲ့ဖြင့် ထွန်းပသော်ထည်း မလင်း

နှိုင်းသောကြောင့်။ မေဓာဟူသော ရှောင်အမိုက်တိုက်သည့်၊
နာက်ဖွာသည်။ ထိုမေဓာမှောင်ဘို ပညာဟူသော ဆီမီးဖြင့်
ထွန်းချောက်ဆိုသိုသည်၊ ပညာလည်းလောကီပညာ လောက
ကုတ္တရာပညာဟူ၍ နှစ်ပါးရှိသည်။ ထိုနှစ်ပါးတို့တွင်၊ လော
ဘဒေါသ မောဟဟူသော အကုသိုလ် ၁၂ ပါးကို၊ လော
ကီပညာဖြင့် ထွန်းခြင်သည်၊ လျှော်စပ်ဖျက် ခိုက်သသားမှောင်
ဖျက်သကဲ့သို့၊ တခဏသာ ပြောက်ချေသည်၊ လောကုတ္တ
ရာပညာဖြင့် ပျောက်ခြင်းသော။ အသင်ဘဖန် မမိုက်ပြန်ချေ
သည်၊ ပရိယတ်နှင့်ပဋိပတ်သည်း မပျက်စေနှလုံးမှု ထိရှုမိ
ရာ၍၊ပရိယတ်ဟူသည်ကား။ စာပေကျမ်း ဂန် သင်ကြားခြင်း
တည်း၊ ပဋိပတ်ဟူသည်ကား။ အသက် ရှည်ရှိက မသင့်
အောင် ကျင့်ခြင်းတည်း ပရိယတ်ပဋိပတ် နှစ်ပါးတို့ပင်မ
ဖြတ်နှလုံးပြုပါသည်ဟူ၍၊ ကိုယ်တော်ကိုဆိုသည်။ ။သ
ဗိတ်ဘလုံးခေါင်းရှင်းရုံးသည် မြတ်စွာဆိုသည်ကား။ ဆွမ်း
ခံစာကိုစားသဖြင့်။ အသက်မွေးရ၏ဟူ၍၊ အမိန့်ရှိသည်။ ခေ
တိုင်း၊ ဗေဒင်ထွက်ခြင်း ဆေးကုခြင်း စသော လောကဝတ်၊
ကူသရေ ယက် အနေသော၊ ရဟန်းတို့မှာ မရှာရှိ အပ်သည်ကို
ကြည့်ရှောင်၍၊ ကောင်းကင်မှာကျသကဲ့သို့၊သန့်ရှင်းစွာသော ရှိ
လှူသော ဆွမ်းစားကိုသာ စားပါ ထည်းပေးပါသည်၊ ဆိုထို
သည်။ ။မစားရနှင့်စားရမဟူ။ ထိုအယူသည်။ ဖြောင့်မြ
စွာဆိုသည်ကား။ မစားရတခါ၊ စားရဘခါ နှင့်ပင်အမိန့်
တော်အတိုင်း၊ ရဟန်းတရားကို ကျင့်တော်မည်၊ အယူရှိ၍၊
ဖြောင့်မတ်စွာ စိတ်မကွက်၊ အာပတ်မသင့်၊ စင်ကြယ်သန့်ရှင်း
စွာကျင့်ပါသည်ဆိုထိုလည်း။ ။နတ်ရွာနိဗ္ဗာန်၊ ခရီးညွှန်
သည်၊တည်မတ်စွာဆိုသည်ကား၊ ကိုယ်ကသော ကျင့်သည်မ
ဟုတ်။သူတပါးတို့အားလည်း။ နတ်ရွာနိဗ္ဗာန် ရောက်မည်အ
ကြောင်း။သည့်နှယ်ကျင့်ရာသည်၊ သည့်နှယ် မကျင့်ရာဟူ၍၊
ကောင်းသောလမ်းခရီးကိုညွှန်ပါသည်ဆိုလိုည်း။ ။ပရိ

ယာတ်ကာစ၍၊ တည့်မတ်စွာဟူသော စကားဖြင့်၊ ဘုန်းတော်ကြီးသည့်၊ ကိုယ်တော်အကြောင်း၊ အဘူ့နိဝိထ ကိုပြသည်၊ အစအချီးက မဟာ ထေရ်ကျော်ဟူသော စကားဖြင့် ပြပြီးလျှော်၊ ယာခုအခါဖြဖြန့်သည်ကား၊ ဘုန်းတော်ကြီးမေတ္တာစာကိုလွှန်၍၊ ယုံကြည်မှတ်သားစိမ့်သောငှာ ထပ်၍မိန့်တော်မူဖြန့်သတည်း။ ။မြို့ထည်းမပါ၊ လက်ာမစင်။ ပညတ်ပရမတ်၊ အမြွက်မေတ္တာစာ ဟူသည်ကား၊ တရုဆက် သောမေတ္တာစာသည်၊ ဘောမိမြို့၊ ပိဿုရမြို့ ကဲ့သို့၊ ရှေးလွှန်လေပြီးသောဝတ္ထုအကြောင်း ယာရုကိုဆိုသောမျှ ထည်းမဟုတ်၊ သက်ာဆင်ယင်၍ အပြေအဖြစ်သာ၊ အချိုးသောလက်ာထည်းမဟုတ်၊ လောကတွင်ကျင့်ရာသည်ကိုဆိုသော ပညတ်စကားနှင့်၊ ကုသိုလ်အကုသိုလ်၊ စိတ်စေတသိက် ရုပ်နိဗ္ဗာန်ကို ဆိုသောပရမတ်စကားကို၊ ဖွဲ့ပတီးနှင့်သဏ္ဍာ ပဘာ်ကြိုရောကကဲ့သို့၊ ပညတ်နှင့်ပရမတ်နှစ်ပါးကို ရော၍ပီရင်သော၊ မြွက်သောမေတ္တာစာဟူ၍ဆိုလိုသည်၊ ။ဖတ်ရှု တနေ့သုံးခါဆိုသည်ကား၊ နံနက်တခါ၊ နေ့တခါ၊ တနေ့သုံးခါ ညတခါ။ ဖတ်ရှုသတိရမည်၊ ဖတ်မိမည်ကိုရည်၍ တနေ့သုံးခါ ဖတ်လေးစာကိုထား၍သာ၊ အမေါ်အားလျော် သတိမပြုမကြည့်မရှုမနေနှင့်ဟူ၍တိုက်တွန်းတော်မူသတည်း။ ။ရစိမ့်စည်းစိမ်ချမ်းသာ ဆိုသည်ကား၊ ဤစာကိုဖတ်၍ ဖတ်တိုင်း သတိပြု၍ရှောင်ကြည်ကျင့်လျှင်၊ လူ့နတ်နိဗ္ဗာန် စည်းစိမ်ကိုရစိမ့်သောငှာတိုက်တွန်းနှိုးဆော်သတည်း။ ။သက်တော်အလွှန်ရှည်စိမ့်ငှာ ဆိုသည်ကား၊ ဤစာကိုထုံးလပြု၍ ဖတ်ရှုစာတွင်ဆိုသည်အတိုင်း ကျင့်တော်မူသော်၊ ဘေးအန္တရာယ်အနာရောဂါကင်း၍၊ သက်တော်ရှည်စိမ့်သောငှာ၊ ဆိုသည်ဆိုလိုသည်၊ ဘေးအန္တရာယ်ကင်းအံ့သော အနာရောဂါကင်းအံ့သောအရာတို့ကိုနှုတ်လုံးထား၍၊ စာတွင်ဆိုသည်အတိုင်း ကျင့်လျှင်၊ အသက်သာ ရှည်ရသည်မဟုတ်၊ စည်းစိမ် ချမ်းသာ

အသရေရောင်ခွင်လည့်၊ တက်တိုးများရောသည်။ အသက်တော်ကိုအစဉ်ပြု၍သာမိန့်တော်မူလေသည်။ ဥက္ကာကိုလိုသေး၊ အမှီကောင်းကိုရှာ၊ (၁) ကိုယ်အနာလည်းကင်းစေ၊ (၂) မပြွင်းဝီရိယ အားထုတ်ကြ။ (၃) မာနဟူသည်း မှန်ကင်းလွှင့်ကိုချ။ (၄) ပညာရှေးလည်းကုစေ၊ (၅) တိုးထွေစရိုက်မှု၊ (၆) ယစ်တမှုကိုဆင်ချင်၊ (၇) သဘင်ကြည့်ရှုနည်းစေ၊ (၈) လောင်းကစားမှု၊ (၉) ပျော်မှုဆင်ချင်လေ။ (၁၀) ဟူသည်ကား၊ ဥက္ကာရအံ့သော အကြောင်းတသယ်တပါးကိုမိန့်တော်မူသည်၊ ထိုစကားတို့တွင် ကုန္တဲ့ဂေါသကာသည်၊ ဒိမ္ဗသာရမင်းဟူသော အမ္ဗိကိုရှု၍ ကုသရှုပ်အသယ်ဥက္ကာကိုမြော်ကာ ဖေါ်သကဲ့သို့ရင်း၊ ချစ္စတဝ ထိကေသည်၊ ချစ္စ ယသူရွှေးပေးသော ကြွက်သေတခုကိုရှုလျှင်၊ အရွှေခင်ပွန်းတို့ကိုမှီ၍၊ ကြွက်တိုးတချင်ရှုနှင့် ရင်းသဖြင့်၊ လေးသာတွင်းဝယ်။ နှစ်သိန်းကြွယ်သကဲ့သို့သည်းကောင်း၊ အမှီမကိုသေသ်၊ မိမိတွင်အရင်း ဥက္ကာပညာအတိုးအတွင်း အကြံပင်ရှိသော်လည်း၊ ဥက္ကာမပွါးများချေးအမှီကောင်းကို မှီရမှမဖေသေးသော ဥက္ကာလည်းရမည်၊ ပြီးသောဥက္ကာလည်း ပွါးများမည့်ကိုရည်၍၊ ဥက္ကာလိုတော်။ အမှီကောင်းကို ရှာဟူ၍မိန့်တော်မူသည်၊ ဘုရားတို့မှသော်လည်း၊ ဗောဓိပင်နှင့် ဗုဒ္ဓလျှင်ကိုမှီ၍မှ၊ သဗ္ဗညုတညာဏ်တည်း ဟူသော ဥက္ကာကိုရမျှသည့်အမှီကောင်းကိုမင် ရပါတွေ့ပါသော်လည်း၊ ကိုယ်တွင်အနာရောဂါကင်းမှ၊ ရှာနိုင်ကြံနိုင် မည်ကိုရည်၍၊ ကိုယ်အနာကင်းအောင်မစားတန်၊ မသွားတန်၊ မအိပ်တန်၊ မနေတန်သည့်ကိုရှောင်ကြဉ် စိပ်သောငှာ၊ ကိုယ်အနာ ကင်းစေဟူ၍မိန့်တော်မူသည်၊ အမှီကောင်း ကိုရငြား၊ ကိုယ်အနာကင်းညားသော်လည်း၊ မပြွင်းဝီရိယ လုံ့လအားထုတ်မှ၊ ဥက္ကာရမည့်အကြောင်းမျှင်း ဝီရိယလုံ့လမရှိ၊ မရှာမဖွေလျှင်၊ မရမည့်ကိုရည်၍၊ မပြွင်းဝီရိယ အားထုတ်ကြဟူ၍ မိန့်တော် မူသည်

အသားထုတ်ထုံးလ ရှာဖွေပါသေးသတည်း၊ မှန်ကင်းကဲ့သို့မြင့်လို
ခြင်း၊အတေမရှိဟူ၍ မှတ်ခြင်း လက္ခဏာရှိသော အမျိုးမာန်၊
ဘုန်းတော်မာန်၊အတတ်ပညာဂုဏ်မာန်၊ကိုယ်ကိုချီးပသောသူ
မနှစ်လိုခြင်း၊ မာန်သို့လိုက်၍၊ သူအားကြွားလွန်လျှင်၊ တရား
ဖြစ်၍၊ကျေးငွေကုဋေကြွခြင်း ရှိတဘ္ဘ သည်ကိုရည်၍၊ မာန်ဟူ
သည်။မှန်ကင်းထွန်းကဲ့ ချဟုမိန့်တော်မူသည်၊ ဥက္ကာရှိလျှင်
လူတို့မြော်သည် မာန်ရှိဘတ်သည်၊ ဘုရား အလောင်းတော်
သူခွေးဖြစ်သောခါ၊ဘုရားအလောင်းတော်ငယ်စဉ် ကာခမည်း
ဆသဲသည်၊နှ မည်သောကျွန်းကိုခေါ်၍၊ သားကြီးသောအခါ
သည်ဥက္ကာကို ဖြပါတိဟူ၍၊ တောမှာ ဥက္ကာ မျှစ်ခဲ့သည်၊ ခ
မည်းဘောင်လွန်၍၊ နန္ဒသည်ဥက္ကာကိုဖြမည်ဟု၊ ဘုရားလောင်း
ကိုခေါ်၍တောသို့သွားလေသော်၊ နန္ဒသည်ဥက္ကာပေါ်သို့ရောက်
လျှင်မာန်တက်၍၊ ဘုရားလောင်းကို အကြမ်းဆဲ၏၊ သည့်ကဲ့
သို့ ကြိမ်ကြိမ်ပြု၍၊ ထိုကျွန်းရစ်၍ နေရာတွင်၊ သိတ်ဆိတ်
တူး၍ဥက္ကာကိုယူ၍၊ မယူသေးသည်အဟာန် နန္ဒကို ခေါ်၍သွား
ပြန်သော်၊ ဥက္ကာထားရာသို့ရောက်လျှင်၊ ဥက္ကာမရှိပြီးဖြစ်သော
ကြောင့်မဆဲနေလေသည်၊ လူတို့တွင်အစဉ် ပြောသေ်လည်း၊
ဈေးဘ ဆင်းရဲသော မိန်းမတယောက်သည်၊ သူဌေးအိမ်
အောက်တွင်ရက်ကန်းရက်သည်လူကြီးလူငယ်တို့သည်၊ခေါင်း
ပေါ်ကရှိန်၍၊ကျော်ခနင်း၍ သွားသေသတည်း၊ မည်သို့မှမဆို
ဤကဲ့သို့တရှည်မှ သူဌေးသည်၊ ဤမိန်းမသည် ပကတိပင်
ဂိတ်ကောင်းသလော၊ ဥက္ကာမရှိသောကြောင့်သာ မဆိုမည့်
နေသလောစမ်းမည်ဟူ၍၊ ထိုမိန်းမ မသိအောင် ချောင်းခွက်
တွင်ငွေကို မြှုပ်၍ထားလေ၏၊ ထိုမိန်းမ ခြေနှင့် ခိုက်မိ၍
ငွေကိုရလျှင် ယူလေ၏၊ နေ့တိုင်းကဲ့သို့ အထက်ကျော်နင်း၍
သွားကြသော်၊ ရှင်မတို့၊ မောင်မင်းတို့၊ ဥက္ကာမရှိပါသလောဟူ၍
သားဗိတ်အား ကျင့်တော့သည်ဟူ၍ ဆိုတုံးသည်ကို ပညာ
ရှိသူတို့ပြောကြသည်၊ လူကိုမရိုနှင့်ဦး၊ အဟိတ်တိရစ္ဆာန်မှတ်

တို့ကိုရည်၊ ၁ ။ မေးစည့်နေ့ညမဖြတ်၊ ၂ ။ အပတ်၊ ၃ ။
အအံ၊ ၄ ။ အကြံ၊ ၅ ။ အရေး၊ ၆ ။ ရှေးရှေး ပုံကိုဆောင်
၇ ။ ဂုရုကျွန်းမျှကင်း၊ ၈ ။ သုပ်ကျွန်းမှု၍ ချောင်း၊ ၉ ။ ဟူ၍
ပညာရှာရာသောအကြောင်းကိုးပါးကို၊ မိန့်တော်မူသည်၊ ထို
ကြောင့်၊ ထိုတွင်၊ ဥစ္စာလိုလျှင်၊ အမြဲကောင်းကိုရှာသကဲ့သို့ ပညာ
လိုလျှင်လည်း၊ ပညာရှိကိုရှာရာသည်၊ ပညာရှိကိုပင်ဟူသည်ပါ
သော်လည်း၊ ခဲခက်သောအရာတို့ကိုမမေးမမြန်းဘဲနေချေသော်
မျှားသောရှိ၍၊ များစွာသော မျှားတတ်သည်မရှိသကဲ့သို့၊ လည်း
ကောင်း၊ ကြာပင့်ရင်းတွင်နေသေးပါးသည်၊ ကြာပွင့်ရက်ကို
မထုံးဆောင်ရသကဲ့သို့လည်းကောင်း၊ ပညာမရှိသည်၊ ပညာရှိ
နှင့်အတူနေ၍၊ ခဲခက်သောအရာကိုလည်း၊ နေ့တိုင်းအစဉ်မပြတ်
မေးရှာသာပညာရာရာ သောကြောင့်၊ မေးစဉ်နေ့ညမပြတ်ဟူ၍
မိန့်တော်မူသည်၊ ရှင်အာနန္ဒာလည်း၊ မည်သည်အချိန်ကာလမ
ဆို၊ ယုံမှားသကဲ့ရှိသည်ကို၊ လျှောက်ပါရစေဟူ၍၊ မြတ်စွာ
ဘုရားကိုလျှောက်ထူးသည်၊ နေ့ညမပြတ်မေး၍ ပညာရှိပြော
ဆိုတိုင်းကိုးပတ်ရွတ်အံခြင်း သရဇ္ဈာယ်ခြင်းကိုပြု၍ ပညာပွါး
ရာသောကြောင့်၊ အပတ်အအံဟူ၍မိန့် တော်မူသည်၊ ပတ်ရွှံ
သော်လည်း၊ အကြံအစီမရှိဘဲ၊ မှ မမှန်ရွတ်မှန်းမသိ၊ တတွတ်တွတ်
သာမည်၍သတိမပွါးနေသည်တွင် သည့်နှယ်ဆိုလိုသည်ဟူ
၍ကြံစည်မှပညာပွါးရာသောကြောင့်၊ အကြံဟူ၍ မိန့်တော်မူ
သည်၊ ကြံစည်၍မပြီးသည် သိပြီးသည်ကို ရေးမှတ်၍မထား
လျှင်၊ နောင်တခါရည်သောအခါ မျှောက်သိမ့်မည်၊ ရေးမှတ်၍
ထားမှ၊ အလိုရှိလျှင်ရမည်ကိုရည်၍၊ အရေးဟူ၍မိန့်တော်မူ
သည်၊ ဘာချက်လည်း၊ အရေးအရာအနက်အဓိပ္ပါယ်ကိုကြံပြ
ပြီးသော်လည်း၊ မိမိအလို ရှိတိုင်း စိတ်ထင်တိုင်းမယူနှင့်၊ ရှေး
ဆရာပညာရှိတို့ သည့်နှယ်ယူထားသည်ဟူ၍၊ ရှေးထုံးကိုဆောင်
မှ၊ ဘုတ်ရှန်ရာသောကြောင့်၊ ရှေးရှေးထုံးကိုဆောင်ဟူ၍ မိန့်
တော်မူသည်၊ သူရှူးသည်၊ အဃုတ်အရာပ်အဖြစ်ကိုမသိသကဲ့

သို့ပညာရှိသောသူတို့သည်လည်း အယုတ်အလတ်အမြတ်ဟု
၍မရွေးဘဲ။ယူသော်လည်း။မယူသကဲ့သို့ပြု၍ ပညာရှိမည့်အထဲ
သို့ကပ်ရသောကြောင့်။ယူးကျွန်းဟူ၍ကပ်ဟု မိန့်တော်မူသည်
ပါရမီခမ်းတွင်အထပ်းချောင်မမှုအထူးအတတ်။ အမွှန်ယုတ်တက်
သွေစည်ခံကို။မတွက်ဘဲမျိုး။ ဥပလိုသည့်။အခဲနည်းနဲသိ
ရပါသည်ကောင်းစွါဟူသည်။အယုတ်ချောင်း။တည်းစွါရှောင်း
ဟူ၍။တချက်ရှင်လှုပ်ရွှေးသွား။ ကျွယ်ရှားယုတ်ဖြတ်ပရိသတ်၌မှု
ပွက်မကောင်း။ ဆိုတွင်ပိတ်သိ။ နားပါးခံလျှက်ဟူ၍ တချက်စပ်
တော် မူသည်။ ငိမိသည့်မသိသေး။မဖြင်သေးသည့်အထဲ
ပေါ့ပေါ့သွတ်သွင်းကဲ့သို့ပြုလျှက်။ပြဘက်သသူထိမှာချောင်း
မြောင်၍။ပညာကိုယူရသောကြောင့်သွတ်ကျွန်းမှု၍ ချောင်းဟူ
၍မိန့်တော်မူသည်။ဤသို့လျှင်ပညာရှိရာသော။ အကြောင်းကို
ဖြစ်စေသောငှါ။ခင်ပွန်းကောင်းကိုလိုသော်။ ဆုစီးပွါးကိုရှာ။ချစ်
သောသူကိုဥစ္စာမရှားရာ။သူမိုက်မယား သူမိုက်သားကိုမတတ်ရာ
ဟူ၍အကြောင်းသုံးပါးကိုပြသတည်း။ ရှေးဘဝလည်းအတူ
တကွ။ဆွေမျိုးနွယ်ဖြစ်ဘူးခြင်း။ ယခုဘဝလည်းတယောက်စီး
ပွါးကို တယောက်ရှာခြင်းအားဖြင့်။ ဓမ္မာသောကမင်းနှင့်။သီ
ဟိုဠ်ကျွန်းတွင်ဒေဝါနံပိယာတိဿမင်းကြီးသို့။ ချစ်ခင်သောအ
ဆွေခင်ပွန်းကောင်း။ဖြစ်ရာ သောကြောင့်၊ ခင်ပွန်းကောင်းကို
လိုသော်သုစီးပွါးကိုရှာဟူ၍ မိန့်တော်မူသည်။ အဆွေခင်ပွန်း
ကိုသာမဆိုလင်ဦး။ အမိအဘကိုမှမသားခြင်းပင် ဖြစ်သော်
လည်း။ဥစ္စာမှုနှင့်စပ်လျှင်။ အချစ်ပျက်ရာသောကြောင့်။ အဆွေ
ခင်ပွန်းနှင့်ဥစ္စာမရှားရာဟူ၍ မိန့်တော်မူသည်။ အဆွေခင်ပွန်း
တို့မယားသားသမီးတို့နှင့် ထွက်ဝင်ရှားရှောက်လျှင် အချစ်ပျက်ရာ
သောကြောင့်။ သူမိုက်မယား သူမိုက်သားကို မတတ်ရာဟူ၍မိန့်
တော်မူသည်။ ဤသို့လျှင်ပစ္စုပ္ပါန်စီးပွါးချမ်းသာ ရအံ့သောအ
ကြောင်းတို့ကို။ အတိုအရှည်ကာစဉ်းမထင် ဟူသောစကားတို့
ဖြင့်ပြ၍ယခုအခါနေ့ဘင်သုံးသင့်ရာ။ စီးစိန်ချမ်းသာ ရအံ့သောအ

သင်မှသော်လည်း၊ လယ်တွင်ဆွဲသော အသည်းဖြင့်သော ရွှေ့ရ
တတ်လျှင်။ပိုနေပြောရေး ဖြစ်မင်း။ ငှာဥမ္မာ မြားမည်လော၊ ဥက္ကာ
မြားမည်လောဟု၍ မာန်ရှိ၍ ဖြင့် မျှော်ကြည့်သော၊ ကိုကြက်
တခုသည်ဥက္ကာ လေ့မူလေးသာယ်ပေါ်တွင် နေရင အခါ
တရက်လောက်တွင်ရှင်ရသော့ဘိုဆွဲ၍ထားသော ဆွမ်းကျွင်း
မြေကြီးချ၍တက်နိုင်လော၊စားနိုင်လောသည်၊ ရှင်ရသော့ဘိုဥက္ကာ
ကိုတွေ့၍ယူမှ၊ နေတိုင်းချန်နေကြကိုပင် မခုန်နိုင်ရှိသည်။ ဤ
ဥက္ကာလျှင်မာန်ရှိဘတ်သည့်ကိုရည်၍ မာနမှာသည့်မှ ကောင်းတွင်
ကိုချပြဟု၍မိန့်တော်မူသည်၊ မှ ခင်းလည်း မြင်ချင်းကို အလိုရှိ
သည်။မာနိတို့သဘောလည်း၊ ငပြင်မရှိအယူ ရှိတာ်သည်။
ထို့ကြောင့်မာနကိုမှ ကောင်းတွင်ဟု၍ဆိုသည့်အမြက်မာန်မရှိဘဲ
မင်းရှာသော်လည်း၊ ရှေးအားဘူးသော ကန်ရှာမှဥက္ကာရော
သည်ကိုရည်၍၊ ပုညရှေးလည်းကျေစေမ်း တမ်မှာအည်၊ ရှေး
က ပုညရှိပါသော်လည်း၊ အယုတ်အလတ်အမြတ် ဟုသော
သုံးပါးနှင့်မှာအရောပြွမ်း၊ ဥက္ကာရောသည်ကိုရည်၍ သုံးတော့
၊ရိုက်မှုဟု၍မိန့်တော်မူသည်၊ လူသုံးပါးနှင့်ပင်မှာသ ရောပြွမ်း
ပါသော်လည်း၊ သောက်စား ရေစဝမည်မှန်းမသိ သော ဥက္က
ရပြီးသောဥက္ကာသည်၊ ဖြောက်ရောသည်၊ မရှေသေး ပြတ်ချင်လျှင်
လည်းမရောသည်ကိုရည်၍၊ ပစ်သမျှဆင်ချင်ဟု၍မိန့်တော်မူ
သည်၊ အသောက်အစား၊ အယမ်းအဝ၊ သေအရက်တို့ကိုဆင်ချင်
သော်လည်းပွဲသဘင်ကို ကြည့်ရှု သွားသောဖန်မြားလျှင်၊ ပေါ်
လျှော၍ ဥက္ကာမရသည်ကိုရည်၍၊ သဘင်ကြည့်ရှုသည်းစေမ်
တော်မူသည်။ပွဲသဘင်အသွားအလာ အကြည့်အရှုပ် ပင်ဆင်
ချင်ပါသော်လည်း၊ကျက်သရေ်ပင်းအုံသော်ပင်ကျွေးထောင်ဖုံးအသင်
နှင့်ပျော်ရွှင်အစား၍နေလျှင်၊ ဥက္ကာမရှိမည်ကိုရည်၍ လောင်း၊
တွေကစား ရွှင်ပျော်မှုဆင်ချင်လောဟု၍မိန့်တော်မူသည်။ဤသို့
ဥက္ကာရောသောအကြောင်းသာယ်ပါးကိုပြပြီး၍ပညာရနဲ့သော
အကြောင်းကိုဖြေဆိုလိုသောကြောင့်ပညာကိုလိုသော်။ ပညာရှိ

ကြောင်းတို့ကိုပြအံ့သောငှာ၊ လူမင်းစီးစိန်နတ်မင်းစီးစိန်၊ နိဗ္ဗာန်ရိုင်ပြိပ်သုံးဆင့်၊ မျှော်တင့်လိုသော်၊ ကိုယ်ကိုနှိမ်ချ၊ သီလဆယ်ပါးမများနေ့တိုင်းစောင့်တော၊ သီလဆယ်ပါး နေ့တိုင်းစောင့်လေဟူ၍ အကြောင်းသုံးပါးကိုမိန့်တော်မူသည်၊ ထိုသုံးပါး တို့တွင် ဘုရားအလောင်း သူတော်ကောင်းတို့သည်၊ ကိုယ်နှုတ်နှစ်လုံးသုံးပါးကိုနှိမ်ချသဖြင့် သာလျှင်၊ ချမ်းသာသုံးပါးကို ရသွားကြောင့်၊ ကိုယ်ကိုနှိမ်ချဟူ၍မိန့်တော်မူသည်၊ ဒါနဆယ်ပါးမများနေ့တိုင်းပေးလေဆိုသည်ကား၊ ဆီမီးအလှူနှင့်သင်္ကန်းအလှူဆီ အလှူ၊ အဖြေဘ်အလှူ၊ ကျောင်းအလှူ၊ ပုဆိုးအလှူ၊ ဝန်းအလှူသည့်အရာ၊ နေရာအတွက်ဟူ၍ ဆယ်ပါးတည်း၊ နေ့တိုင်းပေးလေမိန့်တော်မူသည်ကား၊ အလွန်အားဖြစ်၍ မိန့်တော်မူသည် ရုံခါရုံခါမှ ပေးသော်လည်း၊ အကျိုးရှိသည်ကိုပင်တည်း၊ သီလဆယ်ပါး မများနေ့တိုင်း ဆိုရာမှာလည်းထိုထိုတို့ပင်တည်း။

ကန်တော့မင်းကျောင်း။

ဤတွင်ပြီး၏။